
www.burmeseclassic.com

# ဒဏ္ဍရာဇာ

တစ်ပွဲတစ်လမ်းအကဲစမ်းမယ့်လူ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၃၄၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၆၃၁၀၀၇

❖

စီစဉ်ထုတ်လုပ်သူ
စည်သူမိုး

❖

ပုံနှိပ်ခြင်း
၂၀၀၇-ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ၁၀၀၀

❖

မျက်နှာဖုံးနှင့် ပုံနှိပ်သူ
ဒေါ်ခင်နွဲ့ (၀၆၅၆၇) ၊ နွေမိုးဆောင်းပုံနှိပ်တိုက်
အမှတ်-(၈၇) အထက်ကြည့်မြင်တိုင်လမ်း ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ
ဦးကျော်ဝင်း ၊ (၀၄၁၅၁)၊ နွေမိုးဆောင်းစာပေ
အမှတ်- (၆၅) ဗိုလ်နုလမ်း ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

❖

မျက်နှာဖုံးပန်းချီ
ရှုနေ

❖

တန်ဖိုး
၁၂၀၀

| | |
|---|---|
| အင်္ဂရာဇာ | ၈၉၅ . ၈၃ |
| တစ်ပွဲတစ်လမ်းအကဲစမ်းမယ့်လူ / အင်္ဂရာဇာ - ရန်ကုန် | |
| နွေမိုးဆောင်းစာပေ၊ ၂၀၀၇။ | |
| ၁၃၄- စာ ၊ ၁၃၀ × ၂၀၇ စင်တီ | |
| (၁) တစ်ပွဲတစ်လမ်းအကဲစမ်းမယ့်လူ | |



အနိုင်အရှုံးကိုသိချင်ရင်
ငြိမ်နေလို့တော့မဖြစ်ဘူး
တစ်ပွဲတစ်လမ်း
အကဲစမ်းမှတော့ လိုလိမ့်မယ်

[illegible]

www.burmeseclassic.com

www.burmeseclassic.com


[ ၁ ]

လရောင်က ပြည့်ပြည့်စက်စက် လင်းပနေသည်မို့ အရာရာကို ကောင်းစွာ မြင်တွေ့နိုင်သည်။ ကိုင်းများပွင့်ချိန် ဖြူဖြူရိပ်ရိပ် ကိုင်းပွင့်များက လေအနှောတွင် ယိမ်းနွဲ့နေကြသည်။ ကိုင်းပင်တန်းများ၏ တစ်ဖက်တွင် ကုန်းကမူလေးရှိသလို အဆုံးတွင် တောအုပ်အစကို လှမ်းတွေ့ရမည်ဖြစ်သည်။ တောအုပ်အတွင်းသို့ စီးဆင်းဝင်ရောက်သွားသည့် စမ်းချောင်းမှရေစီးသံကို သဲ့သဲ့တိုးတိုးလေး ကြားနေရ၏။

သစ်ပင်ကြီးတစ်ပင်အောက်ရှိ ချုံပုတ်အတွင်းတွင်မူ တစ်စုံတစ်ရာကို စောင့်ဆိုင်းနေသော လူတစ်ယောက်။ သူ့မျက်လုံးများက ကိုင်းပင်တန်းဆီသို့သာ စူးစူးရဲရဲ စိုက်ကြည့်နေသည်။ သားကောင်ကို ချောင်းနေသော မုဆိုးတစ်ဦးသဖွယ်။ သူ့ထံမှတစ်စက်လေးအသံ မကြားရ။

"ဂိ. . . ဂိ. . .ဂိး"

ကောင်းကင်မှ ငှက်ဆိုးတစ်ကောင် နားဝင်မချိုသော [illegible]



www.burmeseclassic.com

www.burmeseclassic.com



အော်မြည်ကာ တောင်ဘက်အရပ်သို့ ပျံသန်းသွားတာ တွေ့သည်။

ထို့နောက် အတန်ကြာတိတ်ဆိတ်သွားပြန်သည်။

" အူး ··· အူး ··· ဝူး ··· ဝူး ···"

ခပ်ဝေးဝေးမှ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်ပုံမှာ သူ့အတွက်တော့ အော်ဂလီဆန်လှပါ၏။

"ဟို မိစ္ဆာကောင် ဒီလမ်းကလာပါ့မလား"

စောင့်သာစောင့်ရသော်လည်း သေချာမှုတော့ မရှိလှပါ။ သူသည်နေရာလေးတွင် လာရောက်စောင့်ဆိုင်းနေသည်မှာ (၃) ရက်တိတိရှိပြီ။ ဘာမျှ ထူးထူးခြားခြား မတွေ့ရသေး။ ညစဉ်ညလုံး ပေါက်သည့်တိုင် ထိုမိစ္ဆာကောင် ပေါ်မလာခဲ့။ ယခုလည်း သန်းခေါင်ကျော်ခဲ့ပေပြီ။

သို့သော် သူ အားမလျော့ချင်သေး။

ထိုနေ့က လပြည့်ည။

ထို့ကြောင့်လည်း အများကြီးမျှော်လင့်ထားခဲ့သည်။

လူ့ဖြူပုံနှက်ချက်တစ်ခုကို ဖော်ကောင်လုပ်ရမည့် ကိစ္စမှာ သူ့တာဝန်သာ ဖြစ်ပါသည်။

"ဟော··· ဟိုရှေ့မှာ လူရိပ်တစ်ခု"

သူ့ခန္ဓာကိုယ် တစ်ခုလုံး ဆတ်ခနဲ တွန့်သွားသည်။ စိတ်ထဲမှာ တိုးမွှမွှလေး ရေရွတ်လိုက်ရင်း ထိုသဏ္ဍာန်ဆီသို့ အာရုံပိုမို စူးစိုက်လိုက်၏။

ဟုတ်သည်။

လူရိပ်တစ်ခုမှာ ကိုင်းပင်များကြားမှ တိုးထွက်လာသည်။ တဖြည်းဖြည်း နီးလာသည်နှင့်အမျှ ထိုပုံရိပ်က ပိုမိုထင်ရှားလာသည်။

မိစ္ဆာကောင်မှ မိစ္ဆာကောင်စစ်စစ်။

ခန္ဓာကိုယ်က ပိန်ပိန်သွယ်သွယ်။ အပေါ်ပိုင်း ဗလာကျင်းလျက် နံငယ်ပိုင်းလေးသာ ခါးအထက်တွင် ရှိသည်။ ဆွတ်ဆွတ်ဖြူ ဆံပင်တွေက ကွေးကွေးကောက်ကောက်နှင့် ကျောပြင်ပေါ် ဝဲကျလျက်။

လက်တစ်ဖက်တွင် မညီမညာ တောင်ဝှေးတစ်ချောင်းကို ကိုင်ဆောင်ထားသည်။ မျက်လုံးများက ပြူးကျယ်ပြီး မျက်တွင်းတွေက ဟောက်ဟောက်ပက်ပက်။ ပါးပြင်၊ နှုတ်ခမ်းအထက်နှင့် မေးစေ့တို့တွင်





အမွေးအမှင်တွေက ထူထူပိန်းပိန်း။

တစ်စက်လေးမှ ကျက်သရေ မရှိသည့် ပုံစံမျိုး။

"ဒါနဲ့များ သူ့ကိုယ်သူ သူတော်စင်တဲ့လား။"

ရွာထဲမှာ လူတစ်ချို့ကတော့ သူ့ကို တရားအားထုတ် ကျင့်ကြံနေသည့် သူတော်စင်တစ်ဦးအဖြစ် ယုံကြည်ကြသည်။ စားစရာနှင့် အသီးအနှံတို့ကို လှူဒါန်းကြသည်။

တချို့က သူ့ကို ကြောက်လန့်ကြသည်။ ဂမ္ဘီရအတတ်ပညာများဖြင့် ဆိုကျိုးကို ဖန်းတီးတတ်သူဟု မြင်ကြသည်။ ထို့ကြောင့် သူ့အကြောင်းကို ဝှဲ့ဝှဲ့ဟဟပင် မဆိုရဲကြ။

သူကတော့ ရွာသူရွာသားတွေထက် ပို၍တွေးခေါ်တတ်သူမို့ ထိုလူကြီးတွင် ကြီးကျယ်သော လျှို့ဝှက်ချက်ရှိရမည်ဟု ကျိန်းသေတွက်သည်။ ထို့ကြောင့် အရာရာကို စုံစမ်းလျက် သည်နေရာသို့ မလွဲမသွေ ရောက်လာခဲ့ခြင်းဖြစ်သည်။

ထိုလူကြီးတွင် ကိုင်းပင်များအဆုံးသို့ ရောက်သောအခါ မတ်တတ်ရပ်လိုက်ပြီး ရွှန်းရွှန်းပပသာနေသည့် လရောင်ကိုမော့ ကြည့်လိုက်သည်။ လက်နှစ်ဖက်ကို အပေါ်သို့မြှောက်ကာ ဂါထာမန္တာန်များကို ရွတ်ဖက်လေတော့၏။ တောင်ဝှေးကိုတော့ လက်က ကိုင်ထားမြဲပင်။

ဒါဘာလုပ်တာလဲ။ သူမသိပါ။ တိုးမွှမွှလေးရွတ်ဆိုနေသည်မို့ သူ့အသံကို မကြားရပါ။ တော်တော်လေးကြာသည်။

ထူးဆန်းတာ တစ်ခုတော့ရှိသည်။

ကောင်းကင်မှ တိမ်ရိပ်တစ်ခုက လရောင်ပေါ်သို့ ဖြတ်သွားသောကြောင့် လင်းနေသော ဝန်းကျင်တစ်ခုလုံး မှောင်ရိပ်ကျသွားခြင်းပင်။ သူ တန်ခိုးကြောင့်လား။ တိုက်ဆိုင်မှုပေပဲလား။ သူမတွေးတတ်။ မှောင်သွားသည်နှင့်···

ထိုသူ ကုန်းကမူလေးပေါ်သို့ လှမ်းတက်သွားသည်။ ဘာကိုမှ ဂရုမစိုက်သည့် ပုံစံမျိုး။ ကုန်းပေါ်သို့ ရောက်သွားသည့်ခဏ ထိုလူကြီး ပျောက်သွားလေတော့၏။

"ဟင်··· ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ လျှပ်တစ်ပြက် ဆိုသလို ခြံများကို အကာအကွယ် တောင်ကုန်းအနီးသို့ ခြေသံလုံလုံဖြင့် ပြေးလာခဲ့သည်။

ထိုစဉ် . . . လရောင်ဖြာ လမ်းတစ်လျှောက် တိမ်တိုက်များ လင်းစင်သွားသောကြောင့် ယခင်ကလို လင်းလင်း ကျင်းကျင်းဖြစ်လာသည်။

ဟုတ်သည်။

တကယ်ပင် မရှိတော့ပါ။၏

ပျောက်ချင်းမလှ ပျောက်သွားလေပြီ။

ဘယ်ရောက်သွားပါပြီလဲ။

"ဝေါင်း"

ထိုအသံကြောင့် သူလန့်သွားသည်။ သတိနှင့် ယှဉ်နေသော သိုင်းသမားတယောက်မို့ လက်ကခါးမှ ဓားရိုးဆီရောက်သွား၏။ အသံလာရာ တောင်ကမူလေးအဆင်သို့ လှမ်းအကြည့် တွေ့ရသော မြင်ကွင်းက မယုံနိုင်စရာ။

ကျားသစ်တစ်ကောင် . . .

လူအဖြစ်မှ ကျားသစ်တစ်ကောင်အဖြစ် ပြောင်းလဲသွားခြင်းလား။

အတတ်မသိနိုင်သော်လည်း ယခုတော့ ထိုသို့ပင် မှတ်ချက်ချရပေတော့မည်။

အဝါပေါ်တွင် အနက်အစက်ပြောက်များဖြစ် ကျားသစ်မှာ လကို တစ်ချက်မော့ကြည့်လျက် တောင်ကုန်းအောက်သို့ ဆင်းသွားသည်။

သူကြက်သေသေ၍ ငေးကြည့်နေမိ၏။

"တကယ်တော့ ဒင်းဟာ လူကောင်းယောင်ဆောင်ထားတဲ့ မကောင်းဆိုးဝါးကြီး"

ကျားသစ်မှာ စမ်းချောင်းလေးကို ဖြတ်ကူးလျက် တောအုပ်ထဲသို့ ဝင်သွားပေသည်။

သူ့ နှဖူးပြင်တွင် ချွေးသီးတွေဥနေသည်။

မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရသောကြောင့်လည်း ယုံမှားသံသယ ဖြစ်စရာ မလိုတော့ပေ။

ထိုကြောင့် သူမြင်ထားရာဆီသို့ လျှောက်ကာ မြင်းပေါ် လွှားခနဲ



[illegible]ကြွတစ်လမ်း အကဲခတ်မယ့်ရှ

[illegible]တက်လိုက်၏။

ထို့နောက် . . . သခ်ပ္ပရွာလေးဆီသို့ ဦးတည်လိုက်၏။

ထိုသူမှာ တခြားသူမဟုတ်။

သခ်ပ္ပရွာလေး အပါအဝင် ကိုးခရိုင်ရှိရွာလေးများ၏ လုံခြုံရေး [illegible]အတွက် ရွှေနန်းတော်မှ စေလွှတ်လိုက်သည့် တပ်မှူးလေး အဂ္ဂရာဇာပင် ဖြစ်ပါ၏။

* * *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

[ ၂ ]

သုတ္တန်မြစ်သည် မိုင်ပေါင်းထောင်ချီလျက် စီးဆင်းကာ သမုဒ္ဒရာထဲသို့ရောက်သွားသော မြစ်တစ်စင်းဖြစ်သည်။ သင်္ပုရွာလေးမှာ သုတ္တန်မြစ်၏ ကမ်းနဖူးတွင်ရှိသည်။ ရွာသူရွာသားတွေက ထိုမြစ်ကို အားကိုးအားထား ပြုကြရ၏။

ညနေစောင်းဆိုလျှင် မြစ်ဆိပ်တွင် ရေချိုးသူ၊ ရေခပ်သူ၊ အဝတ်လျှော်သူတို့နှင့် စည်ကားနေတတ်၏။

ယခင်ကဆိုလျှင် သီချင်းအော်ဟစ်ဆိုသူ၊ စကားကျယ်ကျယ်လောင်လောင်ပြောသူ၊ သဲသောင်ပြင်ပေါ်မှာ ကလေးတွေ ဆော့ကစားသံများနှင့် ညံညံစီ ဖြစ်နေတတ်သော်လည်း ယနေ့တော့ ထိုသို့မဟုတ်။

သူတို့မျက်နှာပေါ်တွင် တစ်စုံတစ်ရာကို ကြောက်ရွံ့ထိတ်လန့်[illegible] သည်။ မျက်နှာတွေက မရွှင်မပျ။ စကားကို တိုးတိုးသာ ဆိုနိုင်[illegible]

အခုလို အဖြစ်ဆိုးကြုံခဲ့တာ နှစ်ကြိမ်ရှိသွားပြီ။ ပထမ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အရီးမယ်ကျုံရဲ့ နွားကို ခွဲသွားတာ။ ဒုတိယက ဖိုးလေးပေါ်ရဲ့ မြေးလေးနဲ့ ဆိတ်ကိုခွဲသွားတာ" အသက်(၆၀)ကျော် မိန်းမကြီးက အဝတ်လျှော်ရင်း ညည်းရှာသည်။

"ဒီ . . . ကျားသစ်ရန်က တဖြည်းဖြည်း ဆိုးလာပြီနော်"

"ကျားသစ်လို့ မခေါ်ပါနဲ့ မိဆာရဲ့ တောကောင်လို့ခေါ်ပါ ညည်းမို့ အကြောက်အလန့်မရှိ။"

"ကျားသစ်က ကျားသစ်ပေါ့ ဒွေးလေးရယ်"

"အိုအေ . . . ညည်းဟာလေ၊ ပြောလေ ပိုဆိုးလေပါလား"။ တော်တော်ညည်းနဲ့ စကားမပြောချင်တော့ဘူး။ နဂိုကမှ ရွာမှာ ကပ်ဆိုးဆိုက်နေတာကို"

မိဆာက မျက်နှာလေးရှုံ့လျက် တစ်ချက်မဲ့ပြီး အုံးမှုတ်ခွက်လေးနှင့် လက်ယက်တွင်းမှ ရေကြည်ကို ဆက်ခပ်နေ၏။ ဟုတ်သည်။ သူတို့တစ်ရွာလုံး ကျီးလန့်စာစားဖြစ်နေသည်ကတော့ အမှန်ပင်။

တခြားမကြည့်နှင့် ဖိုးလေးပေါ်၏ မြေးလေး ကျားသစ် အကိုက်ခံရသည်မှာ ယခုနေ့လည်ပိုင်းတွင်မှ လတ်လတ်ဆတ်ဆတ် ဖြစ်ခဲ့ရသော အဖြစ်ဆိုး။

ရွာပြင်တွင် ဆိတ်ကျောင်းနေသော အရွယ်ရောက်စကလေး။

အလစ်အငိုက်တွင် ဆိတ်ကို ခွဲသွားရုံတွင်မက ကလေးငယ်ကို ကိုက်သတ်သွားသေးသည်။ ရွာကလူအုပ်ကြီး လက်နက်မျိုးစုံဖြင့်လိုက်တော့ ကျားသစ်က တောထဲသို့ ဝင်ပြေးသွား၏။ သေဆုံးသူကလေးမှာ သွေးသံရဲရဲဖြင့် မြင်ရက်စရာမရှိ။

ကာယကံရှင် မိဘတွေမှာ ယူကျုံးမရဖြစ်ရသလို ရွာသားတွေမှာလည်း အမျက်ဒေါသထွက်ရသည်။

သို့သော်··ကြောက်လန့်စိတ်ကလည်း တစ်ပြိုင်နက်လိုလို ပေါ်လာရ၏။ ဘယ်နေ့ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘယ်လိုဒုက္ခပေးမလဲဆိုသည့် စိတ်တွေကလည်း ချောက်ချားစေတာ အမှန်ပင်။

"ပေါ့ကောင်မတွေ ညည်းတို့ယောကျ်ားတွေကို သတိပေးထားဦး။ ညညသတိ၊ ဝိရိယနဲ့အိပ်လို့ တောကောင်က တဖြည်းဖြည်းနဲ့ အတင့်ရဲလာ





နေတာ"

မိန်းမကြီးက တခြားအမျိုးသမီးများဘက်လှည့်ကာ သတိပေးနေပြန်သည်။

"ကျုပ်တို့ သူတော်စင် ဦးစိတ္တဆီသွားရင် မကောင်းဘူးလား"

"ဘာလုပ်ဖို့လဲ"

"ရွာမှာကြုံနေရတဲ့ ဒုက္ခတွေကို အသိပေးရအောင်ပေါ့"

"ကျုပ်တော့ မသွားရဲပါဘူး။ သူ့ကိုကြည့်ရတာနဲ့တင် လန့်တယ်။ တစ္ဆေတစ်ကောင်နဲ့ တူသလိုပဲ"

"ညည်းအဲ့ဒီလို အရိုအသေတန်တဲ့စကား မပြောစမ်းပါနဲ့အေ။ သူဟာ သူတောင်ခြေကဂူမှာ တရားကျင့်ကြံ အားထုတ်နေတဲ့သူပါ။ မဟုတ်မဟပ်တွေ ပြောမိရင် အပြစ်ကြီးတတ်တယ်နော် ကောင်မ"

ပြောသူမိန်းကလေးက ပခုံးတစ်ချက်တွန့်လိုက်သည်။ သူတို့ရွာသားတွေ နှစ်ပိုင်းကွဲနေသည်။ ဦးစိတ္တကို ကြည်ညိုသူနှင့် ကြောက်လန့်နေသူ။ တစ်ချို့က ကောင်းကျိုးကို ဆောင်ကျဉ်းသူဟု ယူဆသော်လည်း တစ်ချို့က မကောင်းကျိုးကို ဖန်တီးသူဟု ယူဆကြသည်။

သို့တစေ တိတိလင်းလင်းတော့ မည်သူမျှ မပြောရဲကြ။ ရွာထဲသို့ ဝင်လာလျှင် ယုံကြည်ကြသည်ဖြစ်စေ၊ မယုံကြည်ကြသည်ဖြစ်စေ တန်သလောက်တော့ လောင်းလှူလိုက်ကြသည်ချည်းပင်။

ဦးစိတ္တ သူတို့ရွာအနီးရှိ တောင်ခြေဂူထဲတွင် နေလာခဲ့သည်မှာ (၁၀)နှစ်ကျော်ခန့် ရှိခဲ့ပြီ မဟုတ်လား။

"တုတ် . . . တုတ် . . . တုတ် . . . တုတ်"

ရွာဆီမှ အုန်းမောင်းခေါက်သံ ကြားလိုက်ရသည်။

သည်ည သေဆုံးသူ၏ အိမ်တွင် မီးပုံပွဲလုပ်ကာ ဆုတောင်းမေတ္တာပို့ရန်နှင့် ကောင်းမှုကုသိုလ်လုပ်ရန် ရှိသည်။

ဒါ သူတို့ရွာ၏ ဓလေ့ဖြစ်၏။

တရားဟောဆရာကလည်း တရားဟောရဦးမည်။

ယခုလို အချက်ပေးသံမှာ ရွာတွင် လူစုရန်အတွက် ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများသည် သူတို့ ဝတ်ရုံကြီးများကို အမြန်ခြုံ



www.burmeseclassic.com

www.burmeseclassic.com



လျှော်ကာ ရေကို ခပ်သွက်သွက်ချိုးလိုက်ကြသည်။

အိမ်သို့ရောက်လျှင် ဆေးရောင်ဖြင့် မျက်နှာကို ချယ်သရမည်။

ခေါင်းတောင်ကို ခေါင်းတွင် ထိုးဆိုက်ရမည်။

ရောင်စုံပုတီးများကို လက်နှင့်လည်ပင်းတွင် ဆင်ရမည်။

အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ရပါမည်။

ပြီးလျှင် အသုဘအလောင်းကို အလည်တွင်ထားကာ ပတ်ပတ်လည်ဝိုင်း၍ သီဆိုကခုန်ကြရမည်။ ထို့ကြောင့် သူတို့ရွာဆီသို့ ခပ်သုတ်သုတ် လှမ်းခဲ့ကြပါတော့၏။

* * *





| ၃ |

စံအိမ်တော် အတွင်းတွင် ဆီမီးရောင်က တောက်တောက်ပပ လင်းကျင်းနေသည်။ သခ်ပွရွာလေး၏ မြောက်ပိုင်းရှိ ကုန်းမြင့်ပေါ်တွင် ထို စံအိမ်လေး တည်ရှိခြင်းဖြစ်သည်။ ခမ်းခမ်းနားနား ထည်ထည်ဝါဝါတော့ မဟုတ်။ ရေနံချေးဝနေသော သစ်သားအိမ်မျှသာ ဖြစ်၏။ စံအိမ်၏ တစ်ဖက်တွင် အတော်အသင့်ကျယ်ဝန်းသော တန်လျားတစ်ခုလည်း ရှိသည်။ ထိုအဆောင်တွင် ရဲမက်တစ်ချို့ နေထိုင်ကြသည်။ စံအိမ်တော်တွင်တော့ အဂ္ဂရာဇာ အပါအဝင် ကိုယ်ရံတော် ဒီပါနှင့် သူရတို့ နေကြသည်။

အဂ္ဂရာဇာတစ်ယောက် ညှော်ခန်းတွင် ခေါက်တုံ့ခေါက်ပြန် လျှောက် လျှက် တစ်စုံတစ်ရာကို စဉ်းစားနေသည်။

တစ်ခြားတော့မဟုတ်။

ယခုတလော ဆိုးသွမ်းသောင်းကျန်းနေသော ကျားသင်[illegible] ပြီးတော့ ဦးစိတ္တနှင့်ဆက်စပ် ပတ်သက်နေသောအဖြစ်။

www.burmeseclassic.com



တောင်ကုန်းလေးပေါ်အရောက် ကိုယ်ရောင်ဖျောက်ကာ ဂ. ဲ့သစ် တစ်ကောင်ဖြစ်သွားသော ဦးစိတ္တ။ ဘယ်လောက်များ အံ့ဩစရာ ‹ ကောင်း လိုက်ပါသလဲ။

ထိုအကြောင်းကို သူဘယ်သူ့ကိုမှ မပြောမိသေးပါ။ ပြောလျှင်လည်း ယုံနိုင်ဖွယ်ရှိလိမ့်မည်မဟုတ်။ သည့်ကြားထဲ ဦးစိတ္တအပေါ် သူတော်စင် တစ်ယောက်သဖွယ် ယုံကြည်နေသူများရှိနေဆဲမို့ စည်းရုံးမှု ပျက်ပြားသွား နိုင်ပါသေးသည်။ လက်တွေ့ပြနိုင်မှသာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

လောလောဆယ် ကျားသစ်ကိုဖမ်းမိနိုင်ဖို့ ကြိုးစားရန်သာရှိတော့ သည်။ သူ သည်ဒေသသို့ တာဝန်ကျစဉ်က သည်အတွက်မဟုတ်။ မြစ် တစ်ဖက်ကမ်းမှ ရောက်လာတတ်သည့် ဓားပြများ၏ရန်ကို ကာကွယ်ရန် ဖြစ်သည်။ သည်ဘက်ကမ်းတွင် သခ်ပွ၊ နတ်မတောင်၊ စေတုတ္တရာ ရွာတွေရှိသည်။ ရွှေနန်းတော် အလှမ်းဝေးလံသော ဒေသတွေမို့ ဓားပြတွေက ထင်တိုင်းကြဲကြသည်။ ပစ္စည်းယူရုံတင်မက၊ အမျိုးသမီးငယ်များကို အနိုင် ကျင့်ကာ သတ်သွားကြတာမျိုးတွေထိ ရှိလာခဲ့၏။

ထို့ကြောင့် သူခေါင်းဆောင်သောအဖွဲ့ကို ဘုရင်မင်းမြတ်က စေလွှတ်လိုက်ခြင်း ဖြစ်သည်။

ယခုတော့ • • •

ဓားပြရန်ပင်မက ကျားသစ်ရန်ကလည်း ထပ်မံတိုးပွားလာသည်မို့ သူ့အနေနှင့် ပေါ့ပေါ့တန်တန် မနေသာတော့ပေ။

ညှော့ခန်းဆောင်အတွင်းသို့ လူရွယ်တစ်ယောက် ဝင်လာသည်။ သူ့အမည်က ဒီပါ။ အဂ္ဂရာဇာ၏ ကိုယ်ရံတော် တစ်ဦးပင်။

"ရွာထဲကို သွားဖို့ အဆင်သင့်ဖြစ်ပါပြီလား တပ်မှူးလေး"

"အင်း • • • သွားကြတာပေါ့ကွာ"

သူက မရမ်းပြာရောင် ပိုးသားဝတ်စုံကို လက်ဖြင့် သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြုလုပ်ပြီးနောက် စံအိမ်အရှေ့သို့ ထွက်ခဲ့သည်။ အိမ်ရှေ့တွင် မြင်းသုံးကောင်က အဆင်သင့်၊ သူက အနန်းခွံရောင် မြင်းချောကြီးပေါ်သို့ လွှားခနဲ တက်လိုက်သည်။ ဒီပါနှင့် သူရတို့လည်း ရှေ့ဆင့်နောက်ဆင့်။ အများအားဖြင့် အဂ္ဂရာဇာသွားရာနောက်သို့ လိုက်ပါနေရသူနှစ်ဦး။





အုတ်တံတိုင်းခတ်ထားသော ခြံဝအရောက် အစောင့်ရဲမက်နှစ်ဦးက အရိုအသေပြုသည်။

"သတိဝီရိယနဲ့ စောင့်ပါ"

"အမိန့်အတိုင်းပါ တပ်မှူးလေး"

ရွာထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ အိမ်အနည်းငယ်ဆီမှသာ မီးရောင်လက်လက်ကို တွေ့ရသည်။

"အသုဘအိမ် ရောက်နေကြတာဖြစ်မယ်"

သူတို့ မြင်းကို အသာအယာပင် ဆက်စီးလာကြသည်။ ထင်သည့် အတိုင်းပင်။ အသုဘအိမ်မှာ ငွေကြေးတတ်နိုင်ပုံရသည်။ ကွပ်လပ်ပြင်ကျယ် ကြီးထဲတွင် မီးတုတ်ပေါင်းများစွာကို တွန်းညှိထားသည်။ တစ်နေရာတွင် မီးပုံကြီး တစ်ပုံကိုဖိုကာ ဆိတ်များကို အကောင်လိုက်ကင်နေတာ တွေ့ရ သည်။

တစ်နေရာတွင် အလောင်းစင်ကို ပြင်ဆင်ထားကာ အဝတ်ဖြူလွှား လျက် ခေါင်းလေးသာ ဖော်ထားသည်။ အလောင်းပတ်ပတ်လည်တွင် ပန်း မျိုးစုံတို့က ဝေဝေဆာဆာ။ တေးဂီတ တီးမှုတ်နေသူတွေက အလောင်း၏ ခေါင်းရင်းပိုင်းတွင် ဖြစ်သည်။ မျက်နှာခေါ်ခြယ်ထားသည့် အမျိုးသမီး အိုအိုပျိုပျိုတို့မှာ လက်များကို အပေါ်အောက်လှုပ်ရှားလျက် ခြေလေးများတို့ ညည်းချက်ညီညီ ဆောင့်ကာ ကခုန်နေကြ၏။ ယောက်ျားတွေက ခေါင်ရည်နှင့် ဆိတ်သားကင်တို့ကို သောက်စားလျက် ရိုးရာမျိုးနွယ်စုတို့၏ သဘာဝအတိုင်း နောက်မှ သံပြိုင်လိုက်ဆိုပေးနေကြ၏။

"ဟော့ • • • • ဟော့"

"ဟေး • • • ဟေး"

ထိုသို့ သီဆိုကခုန်ပြီးလျှင် တရားဟောဆရာတွေ တစ်ယောက်ပြီး တစ်ယောက် ရွတ်ဖတ်သရဇ္ဈာယ်ကြလိမ့်မည်။ တစ်ညလုံးပင်၊ အရုဏ်တက် သည်နှင့် အလောင်းကို အဝေးကွာသည့် ကျောက်တောင်စောင်းများသို့ သယ်ဆောင်သွားလိမ့်မည်။ ထိုနေရာတွင် အဆင်သင့် ဆောက်လုပ်ထားသည့် စင်ပေါ်တွင် အလောင်းကို သည်အတိုင်းထားခဲ့လိမ့်မည်။ မည်သည့် သားရဲကောင်မှ ဆွဲခီြ၍မရ။ သူတို့ရိုးရာမျိုးနွယ်စုများ သေဆုံးလျှင် အမြဲပင်



www.burmeseclassic.com

www.burmeseclassic.com



သန်ရှိုင်းဟုပင် ဆိုရမည်ဖြစ်၏။

အင္ဂရာဇာ အတန်ကြာသည့်တိုင် အဝေးမှပင် ကြည့်နေသည်။ နောက်မှ ထိုကွက်လပ်ထဲသို့ ဝင်လာခဲ့၏။

"အို . . . တပ်မှူးလေးကိုယ်တိုင် ကြွလာတာပါလား။ ကြွပါ ကြွပါ"

ခေါင်းဆောင်လုပ်သူတစ်ဦးက ပျာပျာသလဲ ကြိုဆိုရသည်။ တီးမှုတ် ကခုန်နေသူတွေ အားလုံးရပ်တန့်သွားကာ တပ်မှူးလေးကို အရိုအသေပြုကြသည်။ ကြိုဆိုသူက မြင့်မြတ်သောနေရာတွင် နေရာထိုင်ခင်းပေးလျက် ခေါင်ရည်နှင့် ဆိတ်ကင်ကို တည်ခင်းဧည့်ခံသည်။

မလေ့အရ စတိသဘော အနည်းငယ်တော့ သောက်သုံးရသည်။ ဝမ်းနည်းခြင်း အထိမ်းအမှတ်၊ တစ်သွေးတစ်သားတည်း ဆိုသည့်အဓိပ္ပာယ်။

သူက ခေါင်ရည်ကို တစ်ကျိုက်မော့သောက်ကာ ဆိတ်ကင်ကို ဝါးလျက် အလောင်းရှိရာလာခဲ့သည်။ သေဆုံးသူ ကောင်လေးမှာ လူပျိုပေါက် သာသာပင် ရှိပါလိမ့်ဦးမည်။ ရုပ်ရည်လေးက သနားကမား။ ပိတ်ဖြူကို လှန်လျက် ဒဏ်ရာကိုကြည့်သည့်အခါ လည်ဂုတ်တွင်တစ်ချက်၊ ဝမ်းဗိုက်ဆီ တွင် တစ်ချက်နှင့် ပေါင်တွင်တစ်ချက်။ ဝမ်းဗိုက်ဆီမှ ဒဏ်ရာက တော်တော် ကြီးသည်။

ထိုစဉ် သူနားစည်ဝသို့ ရှိုက်သံတိုးသဲ့သဲ့လေး တစ်ချက် ဝင်လာ သောကြောင့် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိသည်။ အသက် (၂၀)ကျော် နုနုနယ်နယ် အမျိုးသမီးတစ်ဦး။ မျက်နှာတွင်ခြယ်ထားသော ဆေးရောင်များ ကြောင့်သာ ရုပ်ဆိုးသလိုထင်နေရပြီး အမှန်စင်စစ် ချောမွေ့လှပသူ ဖြစ်ရမည်ဟု ကျိန်းသေတွက်သည်။

သူတို့ အမျိုးသမီးလေးနားသို့ လျှောက်သွားကာ

"သေသူနဲ့ မင်း ဘယ်လိုတော်သလဲ"

"ကျွန်မ မောင်လေးပါ"

"မင်း နာမည်က . . ."

"နန်းနန်းနွယ်"

ဆက်မမေးတော့။ သူ ထိုင်ခုံရှိရာသို့ သွားလျက် ပြန်ထိုင်လိုက်၏။





"ဒီနေရာမှာပဲ ကျုပ်ပြောစရာရှိတာ ပြောခဲ့ချင်တယ်။ အားလုံး နားထောင်ကြပါ"

အားလုံးက သူ့အမိန့်အတိုင်း ထိုင်လိုက်ကြသည်။ အားလုံး ဆိတ်ဆိတ်ငြိမ်သက်လျက် အင္ဂရာဇာပြောလာမည့် စကားကိုသာ နားစွင့်နေ ကြသည်။

"ကျုပ် . . . စကားများများ မပြောတတ်လို့ တိုတိုရှင်းရှင်းပဲ ပြောပါ့မယ်။"

ကျုပ်တို့ ဒီနယ်မြေကို စားပြရန်က ကာကွယ်ဖို့လာခဲ့ပေမယ့် အခု ကျားသစ်ရန်ကလည်း ပိုဆိုးနေတာ ခင်ဗျားတို့အမြင်ပဲ။ အခု ကျားသစ် တော အရဲကိုးပြီး ရွာထဲတောင်ဝင်လာတာ မကောင်းတဲ့ လက္ခဏာပါ။ နောက်ထပ် ဘယ်လိုတွေဆက်ဖြစ်ဦးမှာလဲဆိုတာ ဘယ်သူမှ မသိနိုင်သလို ကျားသစ်ကရော တစ်ကောင်ထဲ ဖြစ်နိုင်မလား။ ဒါဆို ဘယ်နှစ်ကောင်လဲ။ ကျုပ်တို့မသိဘူး"

ရွာသားတွေက တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်မိ ကြသည်။

"ဘာပဲဖြစ်ဖြစ်လေ ဒီသခ်ပ္ပရွာအတွက်တော့ လုံခြုံရေး အစီအမံ တွေကို လုပ်မှဖြစ်တော့မယ်ဆိုတာ ပြောချင်တာပါ။ သတိဆိုတာ ပိုတယ်မရှိ ဘူး။ ဒီတော့ ယောက်ျားတွေအားလုံး ကိုယ့်လုပ်ငန်းရှိတာတွေကို ခဏ ရပ်ပြီး တောင်ပေါ်တက် သစ်ခုတ်ကြပါ။ သစ်တွေကို စုဆောင်းပါ။ ပြီးရင် ကိုယ့်အပိုင်းနဲ့ကိုယ် တာဝန်ယူပြီး ရွာကို ခြံစည်းရိုးခတ်ပါ။ အဝင်အထွက် တံခါးကို ကျကျနန ဆောက်ပါ။ ဒါဆို ကျားသစ်အန္တရာယ်က ကင်းနိုင်သလို ဓားပြတွေကိုလည်း အဟန့်အတား ဖြစ်စေနိုင်ပါတယ်။"

အင္ဂရာဇာမှာ စကားကိုရပ်လျက် ရွာသားတွေကို လှမ်းအကဲခတ် လိုက်သည်။ သူသဘောထားကို နားလည်ပုံရသောကြောင့် စိတ်အေးရသလို တော့ ဖြစ်သွား၏။ ထို့ကြောင့် လက်ကျန်ခေါင်ရည်ကို တစ်ချက်မော့လိုက် ကာ . . .

"နောက် အရေးကြီးတာတစ်ခု ပြောစရာ ကျန်သေးတယ်။ [illegible] ဆိုတော့ ခင်ဗျားတို့ ရိုးယန်မျိုးနွယ်တွေဟာ အေးအေးဆေးဆေး [illegible]



www.burmeseclassic.com

www.burmeseclassic.com

တွေမို့ ကိုယ်ခံပညာကို စနစ်တကျ တတ်မြောက်သူရှားတယ်။

ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ သိုင်းပညာကိုတော့ သင်ကြား တတ်မြောက် ထားသင့်တယ်။ သိုင်းပညာဟာ သူများကို ရန်ပြုဖို့ မဟုတ် သလို ကိုယ့်ကို စော်ကားလာတဲ့အခါ ပြန်လည်ခုခံတိုက်ခိုက်ဖို့ပဲ။ ကျားသစ် ရန်၊ ဓားပြရန်ကို ကာကွယ်တဲ့ နေရာမှာလည်း ထိရောက်ပါတယ်။ သိုင်း ပညာကို သင်ချင်တယ်၊ တတ်ချင်တယ်ဆိုရင် ကျုပ်ကိုယ်တိုင်နဲ့ ကျုပ် ရဲ့မက်တွေက ဝိုင်းဝန်းသင်ပေးကြမှာပါ။ ကျုပ်ပြောတာ သဘောပေါက်ပါ တယ်နော်"

"သဘောပေါက်ပါတယ်"

အသံက ဟိန်းထွက်သွားသည်။

"ကိုင်း…ဒီတော့ သိုင်းပညာကို သင်ချင်တဲ့လူရှိရင် ခဏလောက် မတ်တတ်ရပ်ပြစမ်းပါ…သိချင်လို့"

ယောက်ျားတော်တော်များများနှင့် မိန်းမတချို့ မတ်တပ်ထ,ရပ်သည်။ အားရစရာပင်။ မိန်းမများထဲတွင် နန်းနန်းနွယ်ဆိုသော မိန်းကလေး ပါဝင်လာ တာ သတိထားဖြစ်သည်။ ခြော်…သူလည်း နာကြည်းရာပေလိမ့်မပေါ့။

"ကောင်းပါပြီ…ခင်ဗျားတို့ အခုလို လိုလိုချင်ချင်နဲ့ သင်ကြမယ် ဆိုတာ သိရလို့ ကျုပ်သိပ်ဝမ်းသာတယ်…ကျုပ်ဘက်ကလည်း စနစ်တကျ အခြေခံကစပြီး သင်ပေးမှာပါ…ပထမအစီအစဉ်အနေနဲ့ လုံခြုံရေးကိစ္စ ရှာကို ခြံခတ်ဖို့ ကြိုးစားကြမယ်။ ဒုတိယအစီအစဉ်က သိုင်းပညာသင်ကြ မယ်… ကောင်းရဲ့လား"

"ကောင်းပါတယ်"

ယင်းနောက် သူတို့ အသုဘအစီအစဉ်များကို ဆက်လက်လုပ် ဆောင်ကြသည်။ တေးဂီတသံတွေ ပြန်လည်ထွက်ပေါ်လာသည်။ အဂ္ဂ ရာဇာမှာ သူတို့ ကျွေးမွေးညှဉ့်ခံမှုများကို စားသောက်ကာ ပြန်လာခဲ့၏။

ထိုညက လမှာ အတော်နောက်ကျမှ ထွက်လာခဲ့သည်။

* * *





[ ၄ ]

သခ်ပွရွာ၏ အရှေ့မြောက်ထောင့် ၁ မိုင်ကျော်ကျော် အကွာအဝေး တွင် ကျောက်တောင်ကြီးတစ်ခုရှိသည်။ ကျောက်တောင်ပေါ်တွင် သစ်ပင် တို့မှာ ကျဲကျဲပါးပါး။ တောင်ခြေတွင် သစ်ပင်ခြုံနွယ်တို့ကြား လူသွားလမ်းလေး တစ်လမ်းရှိသည်။ ထိုလူသွားလမ်း၏ အဆုံးသတ်တွင် သဘာဝတရားက အလိုလို ပုံဖော်ထားသော ကျောက်လှေခါးထစ်တို့ ရှိသည်။ ထိုအတိုင်း အတန်ငယ် တက်သွားသည်နှင့် လိုဏ်ဂူပေါက်တစ်ခုကို တွေ့ရမည်ဖြစ်၏။

ထိုအထဲတွင် ဦးစိတ္တ နေထိုင်ခြင်းဖြစ်သည်။

သခ်ပွရွာမှ အသက်(၄၀)ကျော် ဒိုးမောင်နှင့်နှစ်ဦးတို့သည် ငှက်ပျော ခိုင်နှင့် သစ်သီးတစ်ချို့တို့ သယ်ဆောင်ကာ ကျောက်လှေခါးထစ်များအတိုင်း တက်လာခဲ့ကြသည်။ သူတို့က သည်နေရာလေးကို မကြာမကြာ လာနေကျ။ ဒကာတော်စင်အဖြစ် ယုံကြည်ကာ ကိုးကွယ်နေကြသူတွေ။ အကြောင်းကိစ္စ ရှိလျှင် ဦးစိတ္တနှင့် လာရောက်ဆွေးနွေးနေသူတွေ။



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူအဝသို့ ရောက်သည့်အခါ သူတို့ကို ကျောခိုင်းလျက် တပလ္လင်ခွေထိုင်ကာ တရားကျင့်နေတာ တွေ့ရ၏။ ရာသီသုံးပါးစလုံး အဝတ်အစားဆို၍ နံငယ်ပိုင်းလေးသာ ဝတ်လျက် တရားကျင့်ကြံ သွားလာနေထိုင်မှုအပေါ် သူတို့ တအံ့တသြဖြစ်ကြရ၏။ နွေဆိုလျှင် အကြောင်းမဟုတ်သော်လည်း ဆောင်းလိုရာသီမျိုးတွင် ရေခဲမတတ် အေးလွန်းသောကြောင့် သူ ဘယ်လိုနေပါမည်လဲ။

သူတို့ ဇနီးမောင်နှံ အနှောင့်အယှက် မပေးလိုသောကြောင့် ဂူဝတွင် အတန်ကြာ ငြိမ်ငြိမ်သက်သက် ထိုင်စောင့်နေခဲ့ကြ၏။ နောက်မှ ဦးစိတ္တ သူတို့ဘက်ဆီ လှည့်လာသည်။

"ဒီအပေါ်ကို တက်လာကတည်းက သိတယ်၊ ဒါပေမယ့် ကျင့်စဉ်ကို မပျက်ချင်လို့"

"ကျွန်တော်တို့ နားလည်ပါတယ် ဘိုးဘိုး"

သူတို့က ယူလာသော သစ်သီးများကို ကပ်လှူလိုက်ကြသည်။

"ခုတလော ရွာထဲမှာ လှုပ်လှုပ်ရှားရှားတွေ ဖြစ်နေတယ် ဘိုးဘိုး"

"ကျားသစ်ကိစ္စ မဟုတ်လား"

"ရွာထဲက လူတွေ အားလုံးလည်း ဒီအကြောင်းပဲ တွေးပြီး အိပ်ပျက်စားပျက်ကိုဖြစ်လို့…ခုဆို တပ်မှူးလေး အဂ္ဂရာဇာကိုယ်တိုင် ကျားသစ်ကာကွယ်ရေး အစီအစဉ်တွေကို ချမှတ်နေတယ်။ နောက်ပိုင်း နှိမ်နင်းရေးကိုပါ လုပ်လာတော့မှာ"

ထိုစကားကြောင့် ဦးစိတ္တ မျက်နှာကွက်ခနဲ ပျက်သွားသည်။

နောက်မှ မသိမသာ ပြန်ပြင်ယူကာ…

"ဘယ်လို ကာကွယ်ရေး အစီအစဉ်တွေလဲ"

ယောက်ျားဖြစ်သူက တပ်မှူးလေး ပြောပြသမျှကို ရှင်းပြလိုက်သည်။

"နှိမ်နင်းရေး ဆိုတာကရော"

"ဒါတော့ ရွာသားတွေကို မပြောပြသေးဘူး…ဒီမနက်မှ စစ်သည်တော် တစ်ယောက်ဆီက သတင်းထွက်လာတာ"

"ကျုပ်အမြင်ပြောရရင် ကျားသစ်ကို လွယ်လွယ်နဲ့ နှိမ်နင်းဖို့တော့ မနိုင်ဘူး"

"ဘာလို့လဲ ဘိုးဘိုး"

"သူဟာ ရိုးရိုးကျားသစ်မဟုတ်ဘူး…နတ်ဝိညာဉ် ပူးကပ်ဝင်နေတဲ့ ကျားသစ်၊ နတ်ကျားသစ်"

"အို…ဘုရားရေ…အဲဒီလို"

"သူ့ကို ဒုက္ခသွားပေးရင် သူက အဆပေါင်းများစွာ ဒုက္ခပြန်ပေးတတ်တယ်"

"ဘိုးဘိုး အဲဒီ ကျားသစ်ကို မြင်ဖူးလား"

"နှစ်ကြိမ်လောက်တော့ ရိပ်ခနဲ မြင်ခဲ့ဖူးပါတယ်။ အင်မတန်ကြီးမားပြီး အားကောင်းမောင်းသန်ရှိလှတဲ့ အကောင်ကြီးပဲ။ မျက်လုံးတွေ အရောင်ကရဲရဲတောက်လို့။ ပြီးတော့ အင်မတန် လျင်မြန်ပါးနပ်တဲ့ ကောင်ကြီး။ သွားတွေက ချွန်မြနေသလို အစွယ်ကလည်း အရှည်ကြီး။ တစ်ကောင်တည်း မဟုတ်ဘူး။ သူ့အဖော် ကျားသစ်မလည်း ရှိသေးတာ"

"အမလေး…ကြားရတာနဲ့ ကြက်သီးထလိုက်တာ"

ယောက်ျားဖြစ်သူက ပခုံးတစ်ချက်တွန့်လိုက်ရင်း…

"ဘိုးဘိုး ဒီကိစ္စကို ဘယ်လိုဖြေရှင်းပေးနိုင်မလဲ"

"ကျုပ် အကောင်းဆုံးဖြစ်အောင် ကြိုးစားစဉ်းစားပါဦးမယ်"

"ခုတော့ ရွာထဲမှာ တောင်ပေါ်တက်ပြီး သစ်ဝါးခုတ်သူတွေ ခုတ်ကုန်ကြပြီ။ ရွာကို စည်းရိုးခတ်ကြတော့မယ်။ အဝင်အထွက် တံခါးပေါက်တွေ ဆောက်ကြတော့မယ်။ ပြီးရင် သိုင်းပညာသင်ကြတော့မယ်"

ဦးစိတ္တမှာ ဘာမျှမပြောဘဲ ခေါင်းကိုသာ တဆတ်ဆတ်ညိတ်နေ၏။ စိတ်ထဲတွင်တော့ အဂ္ဂရာဇာအမည်ကို ထပ်တလဲလဲ ရွတ်ဆိုနေမိ၏။ အတန်ငယ် စကားပြောဆိုပြီးနောက် ထိုလင်မယား ပြန်သွားကြသည်။ ဦးစိတ္တမှာသာ အတွေးပေါင်းများစွာနှင့် ကျန်ရစ်ခဲ့သည်။

သူ ရတ်တရက် မတ်တပ်ရပ်ကာ လိုဏ်ဂူအပြင်သို့ ထွက်လာခဲ့၏။ ဆောက ခပ်ပြင်းပြင်းလေး တိုက်နေသည်။

ကျောက်တောင်အစွန်းဆီသို့ လျှောက်သွားသည်။ ကုန်းမြင့်တစ်နေရာဖြစ်၍ တစ်ဘက်တွင် သံပုရွာနှင့် တစ်ဘက်တွင် နတ်နေပြာင်







www.burmeseclassic.com

www.burmeseclassic.com



ရွာကို လှမ်းမြင်နေရသည်။ စေတုတ္တရာ ရွာကိုတော့ တောင်နှင့်ကွယ်နေ မမြင်ရ။

ဟိုးဝေးဝေးတွင် သုတ္တန်မြစ်ကို လှမ်းမြင်နေရသည်။ ကုန်တင် လှေကြီးများနှင့် ငါးဖမ်းလှေတွေက ဟိုမှ သည်သို့။ သည်မှ ဟိုသို့။

မိုးခိုးရောင် တိမ်တွေက တရွေ့ရွေ့ မျောသန်းနေကြ၏။

ဦးစိတ္တမှာ အတွေးနှင့် အငေးကို တစ်လှည့်စီ နေရာပေးနေရ၏။ လွန်ခဲ့သော နှစ်ပေါင်း (၂၀)ကျော်က်ကာလဆီမှ အဖြစ်ပျက်များသည် မနေ့တစ်နေ့ကလိုပင် ပြန်လည်မြင်ယောင်လာရသည်။

ဟုတ်သည်။

သူ ဖြတ်သန်းခဲ့ရသော ဘဝသည် ကြမ်းတမ်း ခတ်ထန်ခဲ့သည်။

သူ ကြုံတွေ့ခဲ့ရသော အဖြစ်ပျက်တို့သည် ဒဏ္ဍာရီ ဆန်လွန်းလှ သည်။ ထို့အတူ လွမ်းမောဖွယ်ရာလည်း ကောင်းလှပါ၏။

"အဂ္ဂရာဇာ"

"အဂ္ဂရာဇာ"

သူ နှုတ်မှ တိုးတိုးညှင်းညှင်း ရွတ်ဆိုနေမိသော အမည်နာမ။

ထိုအမည်ကို ရွတ်ဆိုတိုင်း သူ့နှလုံးသားတွေ နာကျင်ကြေမွရ၏။ မောဟိုက်ဆို့နင့်ရ၏။ မျက်ဝန်းအစုံတွင် မျက်ရည်တို့ ဝဲပြည့်လာရသည်။

တစ်ဆက်တည်းဆိုသလိုပင် လွန်ခဲ့သော နှစ်ပေါင်း (၂၀)ကျော်ဆီမှ ပုံရိပ်များနောက်သို့ သူ့စိတ်အစဉ်တွေ လိုက်ပါသွားခဲ့ရပါတော့၏။

* * *





[ ၅ ]

သုပ္ပနန္ဒီမြို့မှာ စီးပွားရေး အချက်အချာကျသော မြို့တစ်မြို့ ဖြစ်သည်။ ...နေထူထပ်ပြီး ကုန်ရောင်းကုန်ဝယ် အဝထူးစည်ကားလှ၏။ ရွှေနန်းတော်ရှိရာ ...နှင့်ဆိုလျှင် (၁၀)မိုင်ခန့်သာ ဝေးကွာလေ၏။

ဈေးနှင့် မလှမ်းမကမ်းတစ်နေရာ။

ဘင်ဂျိုတစ်လက်ကို ကျွမ်းကျင်စွာတီးခတ်၍ တောင်းရမ်း ...စားသောက်နေသူ တစ်ဦး။ ခြေလက်များနှင့် ခန္ဓာကိုယ်တွင် အနာများ ရှိနေခြင်းကြောင့် ဟောင်းနွမ်းစုတ်ပြဲနေသော ဝတ်ရုံဖြင့် မလုံ့တလုံ ...ထားရသည်။ ဆံပင်က ဖရိုဖရဲ။

သာမန်ဆိုလျှင် ထိုလိုလူမျိုးအနားသို့ မည်သူ တစ်ဦးတစ်ယောက်မှ ...ပ်လိုကြမည် မဟုတ်သော်လည်း ယခုတော့ တေးဂီတ၏ ညို့...မ်းစားမှုက အားကောင်းနေသောကြောင့် လူတချို့က မတ်တတ်ရပ် ...နားထောင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တေးဂီတ၏ စွဲဆောင်မှုအစွမ်းက အတော်လေးပင် ကြီးပါလေ၏

တချို့က ကရုဏာသက်သော မျက်လုံးများဖြင့် ကြည့်လျက် ခွက်လေးအတွင်းသို့ ငွေစ ကြေးစလေးများ ပစ်ထည့်သွားကြသည်။

"တကယ်လို့ ဒီလူသာ ရောဂါသည်မဟုတ်ဘူးဆိုရင် ကပွဲဆောင်တွေမှာ သွားတီးခွင့်ရမှာပဲ"

"ဘယ်ပြောကောင်းမလဲဗျာ၊ ငွေကြေး သောက်သောက်လဲရမှာ"

"ရုပ်ရည်ကလည်း မဆိုးရှာပါဘူး...ပစ္စလက်ခတ်နေလို့သာ"

ထိုအရာများမှာ ပရိသတ်၏ မှတ်ချက်တချို့ပင်။

ထိုသူ၏အမည်မှာ စိတ္တဖြစ်၏။

တေးဂီတ တီးခတ်မှု အဆုံးသတ်လိုက်တော့ လူတွေ ကိုယ်လိုရာကိုယ် ထွက်သွားကြ၏။ သူက ခွက်ထဲမှ ငွေကို လှမ်းကြည့်လိုက်သည်။

မဆိုးလှ။ မနေ့ကထက်ပင် ပိုရသေးသည်။ ပိုရအောင်လည်း အားစိုက်ထုတ်ခဲ့သည်မို့လား။ မိန်းမက ကိုယ်ဝန်အရင့်အမာကြီးနှင့်၊ နေ့လား ညလား စောင့်ကြည့်နေရချိန်။ အဦးဆုံးသော ကိုယ်ဝန်မို့ သူမှာ စိတ်လှုပ်ရှားရသည်။

တကယ်ဆိုလျှင် သူ သားသမီး မယူချင်ပါ။ မေတ္တာတရား ခေါင်းပါးလို့တော့ မဟုတ်။ မွေးလာလျှင် သူတို့လို ရောဂါသည်ဖြစ်လာမှာ ကြောက်သည်။ သူတို့လို တောင်းရမ်းစားသောက်သူ ဖြစ်လာမှာ ကြောက်သည်။ မျိုးရိုးဆိုသည်မှာ တော်တန်ရုံ ဖျောက်ဖျက်၍ ရကောင်းသော အရာမဟုတ်။ သို့သော် လောကကြီးတွင် ကိုယ်မဖြစ်ချင်သော အရာသည်လည်း ဖြစ်လာတတ်သည် မဟုတ်လား။

"မိန်းမ စားချင်တာလေးတွေ ဝယ်သွားရမယ်"

သူ ဈေးဘက်သို့ လျှောက်သည်။ ဆိုင်ကြီး ကန္နားကြီးများဆီသို့ မသီဝံ့ပါ။ မိမိဘက်မှ ပိုက်ဆံပေးဝယ်မှာ ဖြစ်သော်လည်း လာရောက်တောင်းရမ်းသူဟုသာ အထင်ရောက်လျက် မောင်းထုတ်တတ်ကြ၏။ ထို့ကြောင့် ဆိုင်အသေးလေးများတွင်သာ စားစရာတချို့ ဝယ်လျက် သူပြန်လာခဲ့၏။

ပြန်လာသည်ဟု ဆိုသော်လည်း အိမ်ဆိုသော နေရာတော့ မဟုတ်





...တောင်ပိုင်းရှိ နတ်ကွန်းအပျက် အဆောက်အဦးများဆီသို့ ဖြစ်၏။ ...တို့လို လူတန်းစားတချို့ ထိုနေရာတွင်ပင် နေထိုင်ကြသည်။ အိမ်ခြေ ...မရှိသော သူတို့လို ဘဝတွေအတွက် ကွန်းခိုရာသည် ထိုနေရာလေးတွင် ...ဖြစ်သည်။

သူ နတ်ကွန်းပျက်များဆီသို့ မရောက်ခင် (၁၁)နှစ်အရွယ် ကလေးငယ်တစ်ဦး ပြေးထွက်လာသည်။

"ဦးစိတ္တ...ဦးစိတ္တ...ဦးလေး မိန်းမ ကလေးမွေးတော့မှာဗျ"

သူ မျက်လုံးများ ပြူးကျယ်သွားရ၏။ မိန်းမ ကလေးမွေးပြီဆိုပါလား..ဘယ်လို မွေးနေပါသလဲ..သူတို့အုပ်စုထဲတွင် မတောက်တခေါက် မွေးဖွားတတ်သော အဒေါ်ကြီးတစ်ဦးရှိသည်။ နတ်ကွန်းတွင် နေထိုင်သူအားလုံး ကလေးမွေးလျှင် သူကိုသာ အားကိုးတတ်ကြသည်။

"အခု ဘယ်လိုဖြစ်နေလဲ"

"စောင်တွေကာပြီး အထဲမှာ အော်ဟစ်နေတာပဲ..ဒေါ်မယ်ဥလည်း ရှိတယ်"

စိတ္တ စကားကို ဆက်ပြောမနေတော့ဘဲ နတ်ကွန်းဆီသို့ အပြေးတစ်ပိုင်း လှမ်းလာခဲ့သည်။ တစ်ချိန်က တင့်တယ်ခဲ့ပုံရသော နတ်ကွန်းမှာ နှစ်ပေါင်းရာချီ၍ ကိုးကွယ်သူ မဲ့ခဲ့သောကြောင့် ယခုအချိန်တွင် တော်တော်ပျက်စီးနေပေပြီ။ သို့သော် တချို့နေရာများတွင် မိုးလေလုံသောကြောင့် သူတို့လို ကိုယ်ရေပြားရောဂါသည် (၂၀)နီးပါးခန့် စုဝေးနေထိုင်ဦးတော့ ကျယ်ကျယ်ဝန်းဝန်း ရှိပါ၏။

ဝရံတာသို့ ရောက်လျှင် ရောက်ချင်း ဘဝိဿတို့ လင်မယားကို လှမ်းတွေ့လိုက်ရ၏။

"ဘဝိဿ...ကျုပ် ကျုပ်...မိန်းမ"

"အခန်းထဲမှာ ဒေါ်မယ်ဥနဲ့ မိန်းမတချို့ မွေးပေးနေကြတယ်..စိတ်မပူနဲ့"

စိတ်မပူနဲ့ ဆိုသော်လည်း စိတ်တွေက လှုပ်ရှားလွန်းလှပေပြီ။

"အမလေး...အမလေး နာလိုက်တာ...နာလိုက်တာ ...ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မယ်ခ . . . နည်းနည်းလေး အားစိုက်ပြီး ညှစ်လိုက်စမ်း။ ညှစ်လိုက်စမ်း"

"အား . . . အမေ အမေရေ . . ."

အထဲမှ သူမိန်းမ ညည်းတွားအော်ဟစ်သံတို့မှာ သူ့ရင်ထဲ ထိခိုက်လှပါ၏။ ဘဝတစ်သက်တာတွင် ပထမဦးဆုံး ချစ်ခဲ့ရသော မိန်းမ။ သူ့လိုပင် ဘဝကို ပေပေတေတေ ဖြတ်သန်းခဲ့ရသော မိန်းမ။ သူ့အပေါ် ကြင်နာရှာခဲ့သော မိန်းမ။

"အမလေး . . . အမလေး ကယ်ပါဦး . . . ကယ်ကြပါဦး"

သူ ခန်းမဆောင်ထဲတွင် စိတ်ဂဏာမငြိမ်ဖြစ်စွာ ခေါက်တုံ့ခေါက်ပြန် လျှောက်...နေမိ၏။ သူတို့အုပ်စုလေးသည် တစ်ဦးကိုတစ်ဦး တစ်မိသားစုအပေါ် တစ်မိသားစုက ရိုင်းပင်းကူညီကြပါ၏။ ယခုလည်း ရှိနေကြသူတွေက ပျာပျာသလဲ ဝိုင်းဝန်းကူညီနေကြ၏။ ရေနွေးကျိုသူ၊ ဆေးမြစ်သွေးနေသူ၊ အစားအသောက် ချက်ပြုတ်သူ စသဖြင့် တာဝန်ကိုယ်စီယူထားကြ၏။

မကြားရက်သော အော်ဟစ်သံများ အဆုံးသတ်သွားချိန်တွင် . .

"အူဝဲ . . . အူဝဲ . . . အူဝဲ"

ကလေးငိုသံ ခပ်စူးစူးလေး ပေါ်ထွက်လာသည်။

"စိတ္တရေ . . . ယောကျ်ားလေးဟဲ့ . . ယောကျ်ားလေး"

သူ အူမြူးသွားသည်။ လိုချင်နေသော သားလေးကိုရ၍ အတိုင်းမသိ ပျော်ရ၏။ ဒေါ်မယ်ဥ ကလေးကို သန့်စင်မှုများ ပြုလုပ်ပြီးနောက် အပြင်သို့ ထုတ်လာခဲ့သည်။

"ဟဲ့ စိတ္တ နင့်သားကို နင်ကြည့်ပါဦး . . ဘယ်လောက် ချစ်စရာကောင်းလိုက်သလဲဆိုတာ"

သူ စိတ်လှုပ်ရှားလွန်းစွာဖြင့် သားငယ်ကို မပွေ့တတ်ပွေ့တတ်ဖြစ်စွာ ထွေးပွေ့လိုက်၏။ ဟုတ်ပါသည်။

ကိုယ်လက်အင်္ဂါ စုံရှာသောသားလေး။

အပြစ်အနာအဆာ ဘာမှမရှိသော သားလေး။

ဖြူဖြူဖွေးဖွေးနှင့် ချစ်စရာ မျက်ဝန်းများ ပိုင်ဆိုင်သော သားလေး။

"ကျေးဇူးတော် ကြီးမားလှပါပေတယ် ဘုရားသခင်"





ကောင်းကင်သို့မော့လျက် မျက်စိမှိတ်ကာ ဆုတောင်းလိုက်ပြီး သားငယ်ကို ဖွဖွလေး နမ်းရှိုက်လိုက်သည်။

"သူ့အမေရော"

"ကောင်းပါတယ် . . . ဆေးမြစ်တွေ လိမ်းပေးပြီးတော့ ပင်ပန်းလွန်းတာနဲ့ အိပ်ပျော်သွားပြီ"

"ဒေါ်မယ်ဥ . . . ကျုပ်သားလေးကို ခဏလောက် ပွေ့ထားပါရစေ"

"အမလေးနော် . . . အဖြစ်သည်းလိုက်တာ . . . သဘောပဲ။ လေစိမ်းတိုက်တဲ့နေရာသာ မသွားနဲ့"

သူ သားလေးမျက်နှာကို တစိမ့်စိမ့် ကြည့်နေသည်မှာ ဘယ်လောက် ကြာသွားမှန်းပင် မသိတော့ပါချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



| ၆ |

ထိုညက စိတ္တမက်ခဲ့သော အိပ်မက်မှာ အလွန်တရာ ထူးဆန်းလှပါ၏။ ဘယ်နေရာမှန်းတော့ တိတိကျကျ မသိ။ စလစ်မှမ်း ချွန်ပြာသဒ်ဆောင်တွေ့ပါသည်။ အဆောင်ထဲတွင် ကြောက်မက်ဖွယ်ကောင်းသော ရုပ်တုတွေ ရှိသည်။ တိမ်တွေလိုလိုအရာတွေက အုံ့ဆိုင်းနေသည်။

သက်တန့်လို ရောင်စဉ်ရောင်တန်းတွေ လင်းလက်တောက်ပပြီးနောက် နတ်သမီးတစ်ပါး၏ ပုံရိပ်သည် တဖြည်းဖြည်းပေါ်လာသည်။

ထိုနတ်သမီး၏ အမည်ကို သူမသိပါ။

ခေါင်းပေါ်တွင် ရွှေနှင့်ရတနာစီချယ်ထားသော မကိုဋ်တစ်ခုကို ဆောင်းထားသည်။ ရွှေဝါရောင်ဇာပန်းများ အကွက်ဖော်ထားသည့် ဝတ်ရုံကို ဝတ်ဆင်လျက် လက်တွင် ဆေးကြိမ်လုံးလေးတစ်လက် ကိုင်ဆောင်ထားသည်။ ကြိမ်လုံးလေးက ရွှေရောင်အတိ။

နတ်သမီးက ချိုချိုအေးအေး လေသံဖြင့် သူ့ကို စကားဆိုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ယခုဆိုလျှင် သင့်ရင်ခွင်ထက်တွင် ချစ်စရာကောင်းသော သားငယ်တစ်ဦး ပိုင်ဆိုင်ခဲ့ပေပြီ။ ထို့ကြောင့် သင် အထူးပင် ဝမ်းမြောက်ဝမ်းသာ ရှိပေလိမ့်မည်။ သို့သော် တစ်ပြိုင်နက်ထဲမှာပဲ ဝမ်းနည်းစရာကြုံတွေ့လာနိုင်ပေမည်။ ထိုကလေးငယ်သည် ဘဝကံ အကြောင်းတရားများကြောင့် သင်တို့ထံတွင် ပဋိသန္ဓေ တည်ခဲ့သော်လည်း သူ့တွင် ထက်မြက်သော စွမ်းအားတွေရှိနေသည်။ စည်းစိမ်ခံစားနိုင်သော ကံအကျိုးတရားတွေ ရှိသည်။ အမည်ကျော်ကြားနိုင်သော ဘုန်းတန်ခိုးတွေရှိနေသည်။ ထိုအရာအားလုံးသည် သင်၏ ဆုံးဖြတ်ချက်များကသာ အတည်ပြုပေးလိမ့်မည်။ အသင်၏ ရွေးချယ်မှုလမ်း မှားယွင်းသွားလျှင် ကလေး၏ကံကြမ္မာသည် သင်ညွှန်ပြသော လမ်းအတိုင်းသာ လျှောက်လှမ်းရမည်။ စောစောက ပြောခဲ့သည့် စွမ်းအားတွေ၊ ကံအကျိုးပေးတွေ၊ ဘုန်းတန်ခိုးတွေ အားလုံးဆန့်ကျင်ဘက် ဖြစ်သွားလိမ့်မည်။ သင် ဘာလုပ်ရမည်ဆိုသော အချက်ကိုတော့ ကျွန်ုပ်ပါဝင် စွက်ဖက်ခွင့်မရှိ၊ ထို့ကြောင့် သင်မှန်ကန်သော ဆုံးဖြတ်ချက်ကို ရွေးချယ်နိုင်ရန် သတိပေးလိုက်ရခြင်းဖြစ်၏။"

နတ်သမီးမှာ ထိုသို့ပြောပြီး ပျောက်သွားလေသည်။ ထိုနောက် မီးခိုးများဝေဝေဝါးဝါး ထပ်မံထူထပ်လာပြီး ကြောက်စရာကောင်းသော အသံကြီး ကြားလာရ၏။

"ဝေါင်း"

ကျားသစ်ကြီးတစ်ကောင်၏ ပုံရိပ်ပေါ်လာခဲ့သည်။ မျက်လုံးတွေ နီရဲနေသည်။ အဝါပေါ်မှာ အနက်ရောင်အစက်တွေက ထင်နေသည်။ သူ ထိုကျားသစ်ကို ဘာကြောင့် မကြောက်ခဲ့ရပါသလဲ။ ရင်းနှီးနေသလိုလည်း ခံစားနေရသည်။ သူကိုယ်တိုင်ပင် ကျားသစ်တစ်ကောင် ဖြစ်သွားသလို၊

ထို့နောက် . . .

သူ့အိပ်မက်မှလည်း နိုးလာခဲ့ပါသည်။

* * *





( ၇ )

ညနေစောင်း ပုစွန်ဆီရောင် အလင်းတန်းတွေက နတ်ကွန်းမျက်အဆောက်အဦးများအပေါ်သို့ ထိုးဖျာကျနေသည်။ စိတ္တမှာ နတ်ကွန်းနှင့် ခပ်လှမ်းလှမ်းရှိ အုတ်ခုံပေါ်တွင်ထိုင်ကာ အဝေးသို့ ငေးကြည့်နေ၏။ သူ့စိတ်တွေ တင်းကျပ်နေခဲ့သည်မှာ (၂)လခန့် ရှိပေပြီ။

နတ်သမီးပြောသွားခဲ့သော စကားများကို ထပ်ပြန်တလဲလဲ ကြားနေမိသည်။ မိမိ၏ သားလေးမှာ ထက်မြက်ပြီး စည်းစိမ်ခံစားနိုင်သူလေးတဲ့။ ဘုန်းတန်ခိုး ရှိသူလေးတဲ့။ မိမိတို့ ဘဝကြားတွင် ကြီးပြင်းလာလျှင်တော့ ဘယ်လိုမှ ဖြစ်လာနိုင်မှာ မဟုတ်မှန်း သိနေသည်။

အဝေးမှ ချက်ပြုတ်နေသည့် မီးမတွေနှင့် ခုန်ပေါက်ဆော့ကစားနေသည့် ကလေးတွေဆီ အကြည့်ရောက်သွား၏။ ယခု အရွယ်ရောက်သည့် ကလေးတွေဆိုလျှင် ရောဂါတွေ စတင်ကူးစက်နေပြီ။ သို့သော် ဘယ်မိဘမှ အလန့်တကြား မဖြစ်ခဲ့ကြ။ မျိုးရိုးစဉ်ဆက် လက်ခံရယူနေသော အစွေ



www.burmeseclassic.com

www.burmeseclassic.com



အနှစ်အဖြစ်သာ သဘောပိုက်ကြလေသည်။ ထိုသို့ဆိုလျှင် သံသရာ ဆုံးတော့မည် မဟုတ်ပေ။

"ဟူး"

သူ သက်ပြင်းကို အထပ်ထပ်အခါခါ ချနေမိသည်။

သူ စိတ်ကူးယဉ်ဆန်စွာ တွေးထားသော အတွေးတစ်ခုရှိသည်။

ယင်းမှာ ရွှေနန်းတော်တည်ရှိရာ အနရာဇမြို့ရှိ ကုန်သည်ပွဲစား သူဌေးများထဲမှ ဦးသီလဆိုသော သူဌေးလင်မယားကို တွေ့ဖူးသည်။ အလွန် စေတနာကောင်းလှသလို သဘောထားလည်း ပြည့်ဝသူဖြစ်၏။ ပိုးထည် လုပ်ငန်းအပြင် ဓားများကို ထုတ်လုပ်နေသည့် သူဌေးတစ်ဦးလည်း ဖြစ်သည်။

သူတို့အိမ်ကြီးထဲသို့ မကြာခဏ ဝင်ရောက်တောင်းဖူးသည်။ ဘယ်သောအခါမှ မောင်းမထုတ်ခဲ့ပါ။ ဒူးနေရာဒူး တော်နေရာတော် နေစေလျက် သူဌေးကြီး၏ ကျွန်များက စေတနာပါပါ လောင်းလှူပေးကမ်းကြ သည်။

ထိုသို့သော နေရာမျိုးသာ သားလေးရောက်သွားလျှင်ဆိုသော အတွေးရိုင်းက အများအားဖြင့် နေရာဝင်ယူနေသည်။

"ငါ...သားလေးကို စွန့်လွှတ်ရပါ့မလား"

ထို အတွေးကလည်း သူ့အပေါ် အမြဲတမ်း လွှမ်းဆွဲနေသောအရာ။ နေဝင်သွားပေပြီ။

သူ...နတ်ကွန်းအတွင်းသို့ ဝင်လာခဲ့သည်။

ကလေးနို့တိုက်နေသော မိန်းမက သူ့ကိုလှမ်းကြည့်သည်။

"ရှင် ခုတလော ဘာဖြစ်နေတာလဲ တမှိုင်မှိုင် တတွေတွေ"

လက်တစ်ဖက်ကလည်း လက်မောင်းမှအနာတွေကို ကုပ်ဖဲ့နေသေး ၏။

"ဩ်သားလေး အပေါ်မှာတော့ အဲဒီလို မလုပ်ပါနဲ့ကွာ။ ကူးကုန်ပါဦး မယ်"

"ရောဂါသည် အနာကမွေးတဲ့ သားပဲရှင် ရောဂါသည်ဖြစ်တာ ဆန်း သလား"

"မင်း အဲ့ဒီလိုမပြောနဲ့"





သူ စိတ်လွှတ်ကိုယ်လွှတ် လှမ်းအော်လိုက်သည်။

မိန်းမက မျက်လုံးအပြူးသားနှင့် သူ့ကို ပြန်ကြည့်သည်။ သူတို့ အုပ်စုထဲတွင်တော့ ထိုစကားမှာ အထူးအဆန်း မဟုတ်လှပါ။ သို့သော် သူ့အတွက်တော့ ရင်ကို ဆောက်နှင့်ထွင်းသလို ခံစားနေရသည်။

"ငါတို့ သားလေးကို ငါတို့မျိုးရိုးထဲ မထားချင်ဘူး"

"ရှင်ပြောတဲ့စကားက ဘာအဓိပ္ပာယ်လဲ"

"ပိုက်ဆံချမ်းသာတဲ့ သူတစ်ဦးကို ပေးလိုက်ရအောင်"

"ဘယ်လို...ရှင် ဘာစကားပြောလိုက်တာလဲ"

"တို့သားလေးကို လူတစ်လုံးသူတစ်လုံး ဖြစ်ချင်လို့ပါ"

"တော်...ရှင် ဆက်မပြောနဲ့တော့"

မိန်းမက ဒေါသဖြစ်လျက် အလန့်တကြား ပြောဆိုလေသည်။

"ရှင်မို့လို့ ဒီလိုပြောရက်တယ်၊ ကိုယ့်ရင်နဲ့လွယ်ပြီး မွေးထားရတဲ့ ကလေးကို ဘာကြီးပဲ ဖြစ်နေဖြစ်နေ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး။ ရှင်ကိုယ်တိုင် မခံစားရဘဲနဲ့ ဒီလိုစကားမျိုး မပြောနဲ့"

စိတ္တ ခေါင်းကို အသာအယာ ကုပ်လိုက်သည်။

"သားလေးကိုသာ ဒီအတိုင်းထားရင် တို့ရောဂါတွေ ကူးစက်ကုန်မှာ ပေါ့"

"ကူးတော့ဆန်းလား အားလုံး ဒီလိုတွေချည်းပဲ ဥစ္စာ"

"လူတောထဲ မဝင်ဆန့်တော့ဘူးလေးကွာ"

"ဝင်ဆန့် မဝင်ဆန့် ကျုပ်သားလေးကိုတော့ ဘယ်သူ့လက်ထဲမှ ထည့်နိုင်ဘူး။ နောက်ဆို ဒီစကားမျိုး ကျုပ်ရှေ့ ဘယ်တော့မှ မပြောနဲ့။ ရှင့်ကို ကျုပ် ကွဲလို့ရပေမယ့် သားလေးကိုတော့ ဘယ်တော့မှ မခွဲနိုင်ဘူး"

မိန်းမ သူ့အပါးမှ ထသွားလေတော့သည်။ ဘယ်လိုမှ နားချ၍ရမည် မဟုတ်မှန်းတော့ သိသည်။

ထိုသို့ဆိုလျှင် သူ ဘာလုပ်ရမည်လဲ။

ထိုသို့ဖြင့် ရက်တွေ ထပ်မံကြာလာခဲ့ပြန်သည်။

မိန်းမကို သွေးတိုးစမ်းခဲ့ပြန်ပါသေးသည်။ ထိုတစ်ကြိမ်တွင်တော့ သူတို့ အကြီးအကျယ် ရန်ဖြစ်ကြသည်။ အုပ်စုတွေ ဝိုင်းခွဲကြရသည်အထိဖြစ်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်ကို ကျွန်မ မပေါင်းနိုင်တော့ဘူး...ကွဲမယ်"

လင်မယားချင်းမို့ ခဏာပင်။ နောက်တော့လည်း တည့်သွားကြသည်သာ။

သူကတော့ ဆုံးဖြတ်ချက်ကို အသေအချာ ချလိုက်ပေပြီ။

သူ့ဒွေးကြီး ဦးသီလ၏ ဇနီးသည်မှာ ဥပုသ်နေ့တိုင်း သုပ္ပနန္ဒီမြို့ရှိ အစဉ်အမြဲကိုးကွယ်နေသော ဘုန်းတော်ကြီးကျောင်းသို့ လာတတ်မှန်း သူသိသည်။ လာသည့်အချိန်က ခပ်စောစော။ ဥပုသ်သီတင်းယူပြီးသည့်နောက် အနုရာဓမြို့သို့ ပြန်တော့၏။

"အပြန်မှာ...သားလေးကို လမ်းမှာ ချထားရမယ်"

စနစ်တကျရှိဖို့တော့ လိုသည်။ မွေးစား မမွေးစားတော့ သူ မခန့်မှန်းတတ်ပါချေ။ သားလေး၏ ကံတရားသာ ဖြစ်ပါမည်။ သားလေး၏ ကံကြမ္မာသာ ဖြစ်ပါမည်။ သူ ... လာမည့် ဥပုသ်နေ့ကို စောင့်ရန်သာရှိတော့၏။

* * *





| ၇ |

ထိုနေ့က ဥပုသ်နေ့။ အချိန်က ခပ်စောစော။

စိတ္တ၏ ခြေလှမ်းတွေက သွက်နေသည်။ (၇)မိုင်ကျော်ကျော်ခရီးကို နှင်ခဲ့ရသော်လည်း သူ တစ်စက်လေးမှ အနားမယူခဲ့။ လက်ထဲတွင် သားငယ်ကို ယုယုယယ ပွေ့ထားသည်။ အကောင်းဆုံး ကတ္တီပါအပြာရောင် ကို ဈေးကြီးပေးကာ ဝယ်လျက် သိုင်းပတ်ထားသည်။ လမ်းတွင်ပင် င်ကြယ်စေရန် ရေမိုးချိုးပေးပြီး အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်းလာခဲ့၏။

သားငယ်ကို ဆင်းရဲသည့်အဆင့်အတန်းမျိုးဟု အထင်မရောက် ရန် ဖြစ်သည်။ လမ်းကြမ်းကို လျှောက်ခဲ့ရသောကြောင့် ခြေထောက်တွေ ါက်ပြနေသည်။ သွေးချင်းချင်း နီရဲနေသည်။ ဇောကြောင့်သာ မဟုတ်လျှင် သူ ဆက်လျှောက်နိုင်တော့မည် မဟုတ်။

"သည်နေရာလောက်ဆို တော်ပြီ"

နှစ်မိုင်ကျော်ကျော်လောက်တွင် အနုရာဓမြို့ကို လှမ်းမြင်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်နန်းစိုက်ထားသော မြို့ ကျုံးနှင့် မြို့ရိုးကို လှမ်းမြင်နေရသည်။ ကြီးကျယ် ခမ်းနားသော ရွှေနန်းတော်ကြီးကို လှမ်းမြင်နေရသည်။

သူ ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် အနားယူ ထိုင်လိုက်သည်။

"သည်နေရာကပဲ စောင့်နေတော့မယ်"

သည်အချိန်ဆိုလျှင် ကလေးခိုးယူခဲ့ကြောင်းကို သူ့မိန်းမ သိသွား လောက်ပေပြီ။ ဘယ်လောက်များ ရင်ကွဲပက်လက်ဖြစ်နေရှာမလဲ။ ဘယ်လောက်များ မချိမဆန့် ဖြစ်နေရှာမလဲ၊ သူ့အပေါ် ရောက်ရှိလာမည့် ဒေါသတွေကိုတော့ သူ မခန့်မှန်းတတ်ပါ။ ဖြစ်သမျှ အားလုံး ရင်ဆိုင်ရုံသာ ရှိတော့၏။

"သားလေးရယ်··· မင်း အဖေ့ကို ရက်စက်တယ်လို့ မထင်ပါနဲ့ နော်···သားလေး ကောင်းစားဖို့ တစ်ခုတည်းနဲ့ အဖေတို့ ရင်ကျိုးခံလိုက်ရ တာပါ"

သူ ယောက်ျားတန်မဲ့ မျက်ရည်တွေတွေကျလာသည်။ ကြည့်မဝ ရှုမဝနိုင်အောင်ဖြစ်လျက် အကြိမ်ကြိမ် နမ်းနေမိတော့၏။

"သားလေးရယ်···ဖေဖေ့ကို ခွင့်လွှတ်ပါနော်"

သို့ဖြင့်···

နေက ထန်းတဖျားသို့ ရောက်လာခဲ့သည်။

ခရီးသွားမြင်းရထား သုံးလေးစီး ဖြတ်သွားတာ တွေ့သည်။ သိပ် မကြာ···

"ဟော···ဟိုးအဝေးကြီးမှာ သူဌေးကတော်ရဲ့ လှည်း"

စောင့်နေတုန်းက စောင့်ခဲ့ရသော်လည်း တကယ်လာသည့်အခါ ရင်ထဲတွင် ဗလောင်ဆူဝေသွားသည်။

ရွှန့်စားခန်းတစ်ရပ်ကို လုပ်ရတော့မည်မို့ပင်။

သားလေး၏ ခါးတွင် ပိုးကြိုးလေးဖြင့် ချည်နှောင်ထားသော ကျောက်စိမ်းပြားလေးကိုသာလျှင် အမြန်စစ်ဆေးလိုက်သည်။

ထိုကျောက်စိမ်းပြားလေးမှာ ခေါင်းရုပ်ပါဝင်သည့် ဘိုးဘွားပိုင် အမွေ အနှစ်။ သူ အမြတ်တနိုး သိမ်းထားခဲ့ရသည့် ပစ္စည်းလေး။ ဇနီးသည်ပင် မသိ။ ခုတော့ သားလေးနှင့်အတူတူ ပါသွားစေချင်သည့်အတွက် သေသေ





ချာချာ ခါးတွင် ချည်ပေးလိုက်ခြင်း ဖြစ်၏။ ဆင်တူ နောက်ထပ်တစ်ပြားကို တော့ လုံခြုံစိတ်ချရသောနေရာတွင် ထားခဲ့သည်။

မြင်းခွာသံသဲ့သဲ့ကို ကြားနေရပြီ။ မြင်းရထားလေးမှာ တလှုပ်လှုပ်။

သူ အချိန်ကို ဆွဲမနေသင့်ကြောင်း သဘောပေါက်သည်။ ထို့ကြောင့် သားငယ်ကို နောက်ဆုံးအကြိမ်အဖြစ် အားပါးတရ နမ်းရှိုက်လိုက် သည်။

ထို့နောက် လမ်းပေါ်သို့ ခပ်သွက်သွက်လေး ဆင်းကာ သားလေးကို လမ်းလယ်ခေါင်တွင် ချထားလိုက်၏။ ချက်ချင်းပင် လမ်းဘေးသို့ အပြေး လျှောက်လျက် ခြုံပုတ်တစ်ခုအတွင်းသို့ တိုးဝင်လိုက်၏။

"ဘုရား···ဘုရား··· သားလေး အန္တရာယ်ကင်းပါစေ"

ချိုးနွယ်ပန်းခက်များဖြင့် တန်ဆာဆင်ထားသော မြင်းရထားမှာ တဖြည်းဖြည်း နီးလာခဲ့လေပြီ၊ ထို့အတူ သူ့ရင်ခုန်သံတွေ မြောင်းဆန်နေလေ ပြီ။

"မြင်းလှည်းဘီးတွေက သားလေးကို တက်ကြိတ်သွားမှာလား"

သားလေးက မြေပြင်တွင် ခြေကားယား လက်ကားယားရှိနေဆဲ"

"ဟော···အနားရောက်လာပြီ"

သူ မျက်လုံးအစုံကို ပိတ်ပစ်လိုက်သည်။

"ကျွိ"

မြင်းဇက်ကြိုးကို အတင်းဆွဲ၍ ဘီးနှင့် ဝင်ရိုးပွတ်တိုက်သွားသံ။

"ဟဲ့ ဘာဖြစ်တာလဲ"

အတွင်းမှ မေးလိုက်သော မိန်းမကြီးတစ်ယောက်၏ အသံ။ အသံ ညြှာပြည့်ဝ လွန်းလှသည်။ မြင်းလှည်းမောင်းလူရွယ်က ချက်ချင်းမဖြေသေး။ နောက်မှ···

"လမ်းပေါ်မှာ ကလေးလေးတစ်ယောက်"

"ဘာဖြစ်တာလဲ"

"လာစွန့်ပစ်ထားတဲ့ပုံပဲ"

သူဌေးကတော်နှင့် အစေအပါးအမျိုးသမီးတစ်ဦး ရထားပေါ်မှ ဆင်းလာကြသည်။ ကလေးဆီသို့ သွားကာ ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လှုပ်ရှားမှုနှင့် ပြောဆိုသံများကို စိတ္တာ အတိုင်းသား မြင်နေကြားနေရပါ၏။

"အို…ကြည့်စမ်းဦး…ကလေးလေးက ချစ်စရာကောင်းလိုက်တာ"

"ဟုတ်ပါရဲ့ မယ်မယ်ကြီးရယ်"

ကတ္တီပါ အပြာစလေးကို ဖယ်ရှားကြည့်လိုက်သောအခါ…

"ယောက်ျားလေးဟဲ့…ယောက်ျားလေး…ခါးမှာလည်း ကျောက်စိမ်းဆွဲပြားလေးနဲ့…ကလေးကို ယူပြီး ငါ့လက်ပေါ် ခဏတင်လိုက်စမ်းပါဟယ်"

အစေအပါးက သူဌေးကတော်ပြောသည့်အတိုင်း သူမလက်ပေါ်သို့ တင်ပေးရသည်။ ဟိုဟိုသည်သည် ငုံ့ကြည့်ပြီး…

"ဘယ်လို မိဘကများ လာပြီး စွန့်ပစ်ထားသလဲ မပြောတတ်ပါဘူး… သားလေးရေ…ဟော့ သားလေးလား…အံ့မယ် အံ့မယ် ငါ့ကို ရယ်ပြနေပြန်ပြီ"

သူဌေးကတော်မှာ ကလေးကို မြင်မြင်ချင်း ချစ်ခင်နှစ်သက်နေပုံပေါ်ပါသည်။

"ဒါပေမဲ့ မယ်မယ်ကြီး ဒီကလေးကို မခေါ်သွားသင့်ဘူးလို့ ထင်တယ်"

"ဘာဖြစ်လို့လဲ ပြောပါဦး"

"လူဆိုတာ မျိုးရိုးနဲ့ ဇာတိဆိုတာ အဓိကကျပါတယ်။ သူဟာ ဘယ်မျိုးရိုးမှန်း မသိ၊ ဘယ်ကလာမှန်း မသိနဲ့…ခေါ်သွားရင် တစ်နေ့ အခက်ကြုံလာနိုင်ပါတယ်။ ခုဆို ရိုယန်မျိုးနွယ်စုနဲ့ ဝိမ္မန်မျိုးနွယ်စုတို့ဟာ တစ်သက်တာ ပဋိပက္ခဖြစ်နေသူတွေပါ။ ဝိမ္မန်က ဆင်းသက်လာတဲ့ မျိုးနွယ်ဆိုရင် ကျွန်မတို့အတွက် အသက်အန္တရာယ်တောင် ကြုံလာနိုင်ပါတယ်"

သူဌေးကတော်က ကလေးငယ်ကိုသာ ချော့မြူနေဆဲ။

ခြုံပုတ်ကြားမှ စိတ္တာမှာတော့ အသက်ရှူဖို့ပင် သတိမရနိုင်တော့ပေ။

"အခြေနေနဲ့ အချိန်အခါလည်း ကြည့်ရပါသေးတယ် မယ်မယ်ကြီး။ ခြေနှစ်ချောင်း အဝင်မတော်လို့ စီးပွားပျက်ပြားရတဲ့ သာဓကတွေ အများကြီးပါ။ ကြီးလာလို့ ခိုးသွမ်းနေရင် တစ်သက်လုံး ကိုယ်စိတ်နှလုံး ဆင်းရဲနေရမယ့်





အဖြစ်ဟာလည်း ဆိုးလွန်းလှပါတယ်"

သူဌေးကတော်က ခေါင်းကို အသာညိတ်သည်။

"တကယ်လို့များ သည်ကလေးဟာ လိုက်တောင်းစားနေတဲ့ ကိုယ်ရေပြားရောဂါသည်တွေရဲ့ ကလေးဆို ဘယ်လိုလုပ်မလဲ"

စိတ္တာတစ်ယောက် ပြောစကားများကို နားထောင်ကာ ဇောချွေးများပင် ပျံလာလေပြီ။ သူဌေးကတော် ဘယ်လိုဆုံးဖြတ်ပါမည်လဲ။

ပြောနေသူမှာ အစေအပါးဟု ဆိုသော်လည်း တိုင်ပင်ဖော်တိုင်ပင်ဖက်တစ်ယောက်လည်း ဖြစ်နိုင်ပါ၏။

သူဌေးကတော် တွေတွေငေးငေးဖြစ်သွားသည်။

"ဟုတ်တယ်နော်… မျိုးရိုးမသန့်ရင် ဘယ်လိုလုပ်မလဲ"

တစ်ယောက်တည်း ပြောသလို ရေရွတ်လိုက်၏။

"ကိုင်း…ဒါဆိုလည်း ထားခဲ့ပါမယ်ကွယ်…လမ်းမပေါ်တော့ မထားနဲ့…အန္တရာယ်ရှိတယ်…ဟိုသစ်ပင် အခြေက အမြင့်လေးမှာ တင်ထားခဲ့"

အစေအပါးက သန့်ရှင်းသပ်ရပ်သောနေရာတွင် တင်ထားလိုက်၏။ စိတ္တာ မောဟိုက်သွားရလေသည်။

သွားပြီ။ မျှော်လင့်ချက်တွေ ဆုံးရှုံးရပြီ။ သူ ထင်ထားသမျှ တက်တက်စင် လွဲချော်ကုန်ပါပြီကော။

သူ စိတ်ဓာတ်အကြီးအကျယ် ကျသွားရ၏။

သူတို့ မြင်းလှည်းပေါ် တက်ခါနီးတွင်…

"အူဝဲ…အူဝဲ…အူဝဲ"

"အူဝဲ…အူဝဲ…အူဝဲ"

ကလေးအသံက အက်အက်ကွဲကွဲလေး ပေါ်ထွက်လာသည်။

မြင်းရထားလေး ထွက်သွားလေပြီ။

"အူဝဲ…အူဝဲ…အူဝဲ"

"အူဝဲ…အူဝဲ…အူဝဲ"

သူ ကလေးငိုသံကို မကြားရက်တော့။ သည်လောက်တောင် ကြီးစား၍ မရမှာတော့ သူပင် မွေးတော့မည်ဟု ဆုံးဖြတ်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



မတ်တပ်ရပ်ရန် ဟန်ပြင်လိုက်၏။ ခြေထောက်တွေ လေးလံကာ ချက်ချင်း ထ၍မရ။ ထုံကျင် ကိုက်ခဲလို့နေသည်။

"အား··· အ့ွဲ···အ့ွဲ"

"အ့ွဲ···အ့ွဲ···အ့ွဲ"

ထိုစဉ်အခိုက် စောစောက မြင်းလှည်း ပြန်လှည့်လာသည်။ သူဌေးကတော် အလူးလူးအလဲလဲ ပြေးဆင်းလာသည်။

"ဘယ်သူတွေ ဘာတွေပြောပြော ဘာတွေဖြစ်ဖြစ်··· သားကို မေမေ မွေးစားပါတော့မယ် သားရယ်"

ကလေးကို တယုတယ ချီပွေ့လိုက်ကာ တရှုံ့ရှုံ့နမ်းနေတော့၏။

"သားကို မြင်လိုက်ကတည်းက မေမေ ဘယ်လိုမှ မထားခဲ့နိုင်ဘူး ဆိုတာ သိပါတယ် သားရယ်"

စိတ္တ ကြက်သေသေသွားသည်။ တကယ်မှ ဟုတ်ရဲ့လားဟု၍ လည်း ထင်နေမိ၏။

အဖြစ်မှက်က ဆန်းကြယ်လိုက်ပါဘိ။

စောစောကနှင့် ယခု ဆန့်ကျင်ဘက်တွေချည်းသာ။

သူဌေးကတော်က သူကိုယ်တိုင် ကလေးကို မြင်းရထားပေါ် ပွေ့ချီ ခေါ်တင်သွား၏။ ထို့နောက်··ခပ်သော့သော့လေး မောင်းထွက်သွားလေသည်။

ထိုအခါကျမှပြန်တော့လည်း စွန့်လွှတ်လိုက်ရပြီဆိုသော အသိက ရင်ထဲသို့ မြားအစင်းပေါင်းများစွာ ထိုးစိုက်သလိုဖြစ်ကာ···

"သား"

သူ ဦးခေါင်းကို မြေကြီးနှင့်တိုက်သည်။ လက်သီးကို မြေကြီးသို့ ထိုးစိုက်သည်။ သူ့တစ်ကိုယ်လုံး သဲတွေ ဖုန်တွေ အလူးလူး။

ပါးပြင်ပေါ်မှာ မျက်ရည်တွေ ရွှဲနစ်နေသည်။

"ရှင်မို့လို့ ဒီလို ပြောရက်တယ်။ ကိုယ့်ရင်နဲ့ လွယ်ပြီး မွေးထားရတဲ့ ကလေးကို ဘာကြီးပဲ ဖြစ်နေဖြစ်နေ။ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး။ ရှင်ကိုယ်တိုင် မခံစားရဘဲ ဒီလိုစကားမျိုး မပြောနဲ့"

ဇနီးသည်စကားကို ပြန်ကြားရတော့ ရင်ထဲတွင် ပိုလို့ပင် မချိဖြစ်ရ သည်။





"တို့ဘဝရဲ့ ကံအကြောင်းတွေ ဆိုးလွန်းပါတယ်ကွာ"

သူ··အပြန်ခရီးကို စတင်လိုက်ချိန်တွင် နေက မွန်းတည့်လောက် တွင် ရှိနေပေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



| ၄ |

စိတ္တ နတ်ကွန်းသို့ ပြန်ရောက်သည့်အခါ မိုးချုပ်နေလေပြီ။ အကောင်းအတိုင်း မဟုတ်။ လမ်းမှ သေရည်ခပ်များများ သောက်လာခဲ့သည်။ သူ ရောက်ရောက်ချင်း ဘဝိဿ အမြေးလေး ထွက်လာပြီး…

"မင်း…မင်း ဘယ်လိုလုပ်လိုက်တာတုန်းကွာ"

"ကျုပ် ဘာလုပ်လို့တုန်း…ကျုပ်ကလေးကို ကောင်းစားစေချင်လို့ သူများလက်ထဲ ထည့်လိုက်တာ"

"ဘယ်သူ့လက်ထဲလဲ"

"ဒါတော့ ကျုပ် ဘယ်တော့မှ ပြောမှာ မဟုတ်တဲ့ လျှို့ဝှက်ချက်ပဲ"

"ဟူး…ခက်တယ်ကွာ…ခက်တယ်"

"ခု…ကျုပ်မိန်းမ ဘယ်မှာလဲ"

"မနက်ကတည်းက မင်း ကလေးခိုးသွားတာ သိပြီး မိုးမီးလောင်သွားတော့တာပဲ။ ဓားတစ်လက်ဆွဲပြီး တွေ့ရာသင်္ချိုင်း စားမဆိုင်း မင်းကို လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



နေတော့တာ။ နေ့လယ်ကတောင် နှစ်ခေါက်ပြန်လာသေးတာ။ သူ့ကို ကြည့်ပြီး ဒါ့မှာ ကတုန်ကယင်ကို ဖြစ်လို့"

"သူ သတ်လိုက်လို့ ကျုပ်သေသွားလည်း ကိစ္စ မရှိတော့ပါဘူး"

"အဲသလို မပြောနဲ့။ ဟိုမှာ အရူးတစ်ပိုင်းဖြစ်လို့"

ထိုစဉ် ဘဝိဿ မိန်းမရောက်လာကာ···

နောက်ဆုံး အခေါက်လာတုန်းကတော့ နင် သူများကို ကလေးပေး လိုက်တာ သေချာသွားပြီတဲ့···နင့်ကို မေးလည်း ဘယ်တော့မှ ပြောမှာ မဟုတ်ဘူးဆိုတာ သူ သိတယ်တဲ့။ ဒါကြောင့် တစ်ရွာဝင် တစ်ရွာထွက် မြေလှန်ရှာမယ်ဆိုပြီး အဝတ်အစားထုပ်ဆွဲ ထွက်သွားတာပဲ"

စိတ္တ သက်ပြင်းကို ခပ်ကြမ်းကြမ်းလေး မှုတ်ထုတ်လိုက်ပြီး···

"သြော်···တော်တော် အသိဉာဏ်နည်းတဲ့ မိန်းမပါလား"

"နင် ဒီလို ပြောဖို့ မကောင်းဘူး။ အမေဆိုတာ အဖေတွေထက် အများကြီးကွာတယ်။ သားသမီးကို ချစ်တာတစ်ခုတည်းပဲ နားလည်တယ်။ ပြီးတော့ ခုဟာက သားဦး။ ဘယ်လောက် ချစ်ရှာလိုက်မလဲ။ ခုတော့ နင်လုပ်ပုံက ရက်စက်လွန်းတယ်"

သူ ခေါင်းငိုက်စိုက်ကျနေရာမှ ချက်ချင်းမော့လာကာ···

"ကျုပ်ကရော ကျုပ်သားကို မချစ်ဘူး ထင်နေလို့လားဗျ"

ဒေါသကြောင့် အသံက ဟိန်းထွက်သွားသည်။

"ငါက ယောက်ျားနဲ့ မိန်းမ မတူဘူးလို့ ပြောတာဟဲ့"

ဘဝိဿ မိန်းမကလည်း ဆတ်ဆတ်ထိမခံ ပြန်ပက်တော့၏။

"ဒီမယ်···ခင်ဗျား သေသေချာချာ မှတ်ထား။ ကျုပ်သားကို သူ့အမေထက်တောင် ပိုချစ်သေးတယ်···နားလည်လား"

"ချစ်ရင် ဒီလိုလုပ်ပါ့မလားဟဲ့"

"ကဲ ကဲ တော်ကြပါတော့··· တော်ကြပါတော့"

အုပ်စုဝင်တွေ ရောက်လာကာ ဖျန်ဖြေပေးကြသည်။ ရှေ့ဆက် စကား မများချင်တော့ပါ။

ထို့ကြောင့် ခြေဦးတည့်ရာ ထွက်လာခဲ့မိသည်။ မိုးလည်းချုပ်ပြီ။ မူးလည်း မူးနေပြီ။ စိတ်ပျက်ပျက်နှင့် သချိုင်းတစ်ခုတွင် အိပ်လိုက်၏။





နောက်တစ်နေ့တွင် သူ ဇနီးသည်အား လိုက်လံရှာဖွေသည်။ တွင် စုံစမ်းရ လွယ်ကူလိမ့်မည်ဟု ထင်ခဲ့သော်လည်း အစရှာမရ ပျောက်ဆုံးခဲ့လေသည်။

တစ်နေ့ရာရာတွင် လူမသိသူမသိ သေဆုံးသွားပြီလား။ သူ သော့နိုင်သေးပါ။ နေ့စဉ်ရက်ဆက်ဆိုသလို မမောနိုင် မပန်းနိုင် ပါသေး၏။ သို့တစေ နည်းနည်းလေးမှပင် သတင်းမရခဲ့။

ထိုအခါမှ သူ ယူကျုံးမရ ဖြစ်ရတော့၏။

ယခုတော့ သားလည်းဆုံး၊ ဇနီးလည်း ဆုံးရသောအဖြစ်။

ဘယ်လောက်များ ဘဝတွေ နာလိုက်ရပါသလဲ။

ဤသို့ဖြင့် (၁)နှစ်ခန့် ကြာခဲ့လေပြီ။

စိတ်တွေလည်း အတော်အတန် တည်ငြိမ်မှု ရလာသောကြောင့် ကြီးသီလအိမ်သို့ ဝင်ရောက်တောင်းခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် သားလေးကို တွေ့ခဲ့ရပါ၏။

အစေအပါးတစ်ဦးနှင့်အတူ ခြံဝင်းထဲ၌ကစားနေသော လမ်းလျှောက် တတ်စ သားငယ်လေး။ ဝဖြိုးဖြိုးနှင့် တစ်သွေးတစ်မွေး ရှိလှသည်။ အဝတ် အစားတို့မှာလည်း တောက်တောက်ပြောင်ပြောင်။ သာမန်ဆိုလျှင် မှတ်မိမှာ မဟုတ်သော်လည်း လည်ပင်းထက်တွင် ဆွဲထားသော ကျောက်စိမ်းပြား က သက်သေခံနေသောကြောင့် တန်း၍သိလိုက်ခြင်းဖြစ်သည်။

ကလေးက သူ့အပါးသို့ ရောက်လာခဲ့သည်။

"သားလေးရေ···အဂ္ဂရာဇာ···အဲဒါ ဘယ်သွားမှာလဲ"

အိမ်တွင်းမှ သူဌေးကတော် ရုတ်တရက် ထွက်လာကာ လှမ်း၍ တားလိုက်ခြင်းဖြစ်သည်။

"သားလေး ··· ဒီကိုလာ ဒီကိုလာ ··· အဲဒီကို မသွားရဘူး ··· ဟဲ့ မယ်ဝါ ကလေးကို မြန်မြန်ခေါ်ထားလိုက်စမ်း"

"သားငယ်လေးက သိပ်ကို ချစ်စရာကောင်းနေပါလား"

ထိုအတွေးက စိတ်ကို ကြည်နူးစေရပါသည်။

"ဟဲ့···ဟိုဘက်အဆောင်က တစ်ယောက်လာစမ်း···

ရာရှိတာ ပေးလိုက်···နောက်ကို ခထာ ခထာ မလာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်…သားလေး ရောဂါကူးမှာစိုးလို့"

အမှန်ဆိုလျှင် ခံပြင်းစေသော စကားဖြစ်သော်လည်း သူ့အတွက် ကျေနပ်ရပါသည်။ ကျေးဇူးလည်း တင်ရပါသည်။ မိတ်ချင်းလည်း ကိုယ်ချင်းစာမိပါသည်။

သူ ချက်ချင်းပင် လှည့်ထွက်လာခဲ့၏။ နှုတ်မှလည်း ခပ်ဖွဖွလေး ပြောလိုက်မိ၏။

"စိတ်ချပါ လူလေးရယ်…နောက်ဆို အဖေ ဘယ်တော့မှ မလာတော့ပါဘူး"

အစေအပါးတစ်ဦး အစားစာများ ယူလာပြီး ထွက်လာချိန်တွင် ခြံဝတွင် စိတ္တတစ်ယောက် မရှိတော့ပါပေ။

* * *





| ၁၀ |

ယင်းအဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီးသည့်နောက်ပိုင်း စိတ္တတစ်ယောက် နတ်ကွန်းဆီသို့ မပြန်တော့ပါ။ ကြံ့ရာအိပ်၊ ကြံ့ရာစား ကြံ့ရာသောက် အဖြစ်များနှင့် ဘဝကို လေလွင့်စေခဲ့သည်။ စားချိန်မမှန်မှုနှင့် အသောက်များမှုတို့ကြောင့် လူမှာ တဖြည်းဖြည်း ပိန်လှီလာသည်။ သူ၏ အင်္ဂလိပ်ရှုတူရိယာကိုလည်း မတီးခတ်တော့ပါ။ အကျွမ်းကျင်ဆုံး အနုပညာကို စွန့်လွှတ်လိုက်သည့် သဘော။ ဘဝဟူသည် ဘာမျှမဟုတ် ဆိုသော အယူအဆမှာ သူ့ခန္ဓာကိုယ်ထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာလေသည်။

တစ်နေ့…

ထိုတစ်နေ့သည် သူ့ဘဝအား အပြောင်းအလဲဖြစ်စေသည့် နေ့လည်းဖြစ်၏။ စေတီတွာရာရှာ၏ အစွန်ဘက် ညောင်ပင်ကြီးအောက်တွင် ထိုင်နေသည်။ သူ သေရည်အသောက်များကာ သစ်ပင်အောက်တွင် အမှန် အမြင့်စွာလဲနေခိုက် တစ်စုံတစ်ယောက်က သူ့ကို လှုပ်နှိုးနေတာ ခံလိုက်ရ ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"တော့ လူငယ်…ထ ထ"

အမှုရှိမ်ပြေသွားပြီမို့ သူ ကုန်းရုန်းထသည်။

ထူးဆန်းသော လူကြီးတစ်ဦးပင်။ ဆံပင်၊ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးတို့ ဆွတ်ဆွတ်ဖြူနေပြီ။ ဝတ်ဆင်ထားသော ဝတ်ရုံမှာ အညိုရောင်ဖြစ်သည်။ ဉပဓိရုပ်မှာ တည်ကြည်ခန့်ညားၿပီး မျက်လုံးတို့မှာ စူးရဲတောက်ပလျက်နေသည်။

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ် ဘယ်သူလဲဆိုတာထက် မင်းဖြစ်နေတာတွေ အားလုံးဘဝကို အရှုံးပေးနေတာ ကျုပ်သိတယ်"

"ကျုပ်အကြောင်းကို ခင်ဗျား ဘယ်လောက်သိသလဲ"

ထိုလူကြီးက တစ်ချက် ပြုံးလိုက်သည်။

"မင်းအကြောင်းကို မင်းသိသလောက် ငါအကုန်သိတယ်"

"ခင်ဗျာ"

ထိုလူကြီး၏ စကားက ထူးဆန်းနေသောကြောင့် သူ အံ့သြသွားရသည်။

"အကြမ်းအားဖြင့် ပြောမယ်ကွာ…မင်းဟာ ရောဂါသည်အနုပညာကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်ပြီး တောင်းရမ်းစားသောက်နေသူ၊ မိန်းမရှိတယ်၊ ကလေးရှိတယ်၊ ကလေးကိုတော့ မင်းတို့ မျိုးရိုးကြားမှာ သံသရာလည်မှာစိုးလို့ ချမ်းသာသူလက်ထဲ ထည့်လိုက်ပြီ။ အဲဒီကိစ္စနဲ့ မင်းမိန်းမ မင်းကို စွန့်ခွာသွားခဲ့တယ်။ ခုတော့ တစ်ယောက်တည်း အထီးကျန်ဘဝနဲ့ လေလွင့်ပျက်စီးနေသူဖြစ်တယ်။ ဒါဆို လုံလောက်ပါပြီနော်"

"ခင်ဗျား ဘာကြောင့် ကျုပ်အကြောင်းတွေ သိနေရတာလဲ"

"ကျုပ်မှာ အာရုံခံနိုင်တဲ့ စွမ်းအင်တွေ ရှိတယ်လေ"

သူ့စိတ်ထဲ ဇဝေဇဝါဖြစ်သွားသည်။ ထို့ကြောင့်…

"ကိုင်း … ဒါဆို ကျုပ်မိန်းမ ဘယ်မှာရှိလဲ ပြော"

"မင်းမိန်းမကိုတော့ ကျုပ် အာရုံခံလို့ မရတော့ဘူး…ဒါကြောင့် ဒီလောကမှာ ရှိချင်မှ ရှိတော့မယ်"

သူ အတော်ပင် စိတ်ဓာတ်ကျသွားရသည်။





ထို့ကြောင့် အနီးတွင် ရှိသော စမ်းချောင်းလေးဆီသို့သွားကာ မျက်နှာသစ်လိုက်၏။ အေးမြသောရေကြောင့် သူ့စိတ်တွေ လန်းဆန်းသွားရသည်။

ထိုသူကတော့ ချောင်ပင်အောက်တွင် ပိပိရိရိထိုင်ကာ သူလုပ်ရှားသမျှကို စောင့်ကြည့်နေသည်။

သူ စမ်းချောင်းလေးမှ ပြန်တက်လာပြီးသည့်နောက်…

"ခင်ဗျား နာမည်ဘယ်သူလဲ"

"မဟာတိက္ခ"

"ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ"

"စိတ်စွမ်းအင်ကို အလေးထားကျင့်ကြံနေတဲ့သူ"

"စိတ်စွမ်းအင်"

သူ ထိုစကားလုံးကို ခပ်သဲ့သဲ့လေး ရွတ်ဆိုလိုက်သည်။ သူက ဆက်လက်၍…

"စိတ်ဆိုတာ အလွန်ဆန်းကြယ်တဲ့အရာတစ်ခုပဲ…လူတွေရဲ့ နေ့စဉ် ဖြစ်ပျက်နေမှုတွေဟာ စိတ်ပေါ်မှာ အခြေခံတယ်…အခုအချိန်မှာ မင်းဟာ စိတ်အကြောင်းကိုသာ လေ့လာမယ်…စနစ်တကျ လေ့ကျင့်အားထုတ်မယ်ဆိုရင် အကျိုးကျေးဇူး အများကြီးဖြစ်လာမယ်"

"ခင်ဗျား ကျုပ်ကို စိတ်နဲ့ ပတ်သက်ပြီး ဘယ်လိုသက်သေတွေ ပြနိုင်သလဲ"

"မင်းက ဒါမျိုးမှ ယုံကြည်မှာတဲ့လား"

စိတ္တ တိတ်တိတ်လေး ငြိမ်နေလိုက်သည်။

ထိုသူက သည်တစ်ခါတော့ အသံထွက်ရယ်လိုက်၏။

"ကောင်းပြီလေ"

ထိုလူက မတ်တပ်ထရပ်သည်။

"ကျုပ် ဒီစမ်းချောင်းလေးကို ကူးပြမယ်"

"ရေထဲကို ဖြတ်ကူးတာများ ဆန်းလို့လား"

"ကြည့်ဦးလေ"

ထိုလူ ရေအစပ်သို့ ရောက်သော် အာရုံတွေကို စုစည်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်ဖြုတ်ကူးသည်။ ခြေထောက်တွေက ရေထဲ မနစ်သွားပါ။ စမ်းချောင်းက လူတစ်ယောက် ခါးလယ်လောက်ထိ နစ်သည်။

ဟိုတက်ကမ်းရောက်တော့ အလာတုန်းကလိုပင် ပြန်လျှောက်လာခဲ့သည်။ ရေပေါ်လျှောက်ခဲ့သည်ဆိုသော်လည်း ရေတစ်စက်လေးမှ မစို။ သူ့အတွက် အံ့သြစရာကောင်းနေသည်။

"ဆက်ကြည့်ဦး"

နောက်တစ်မျိုးမှာတော့ သစ်ပင်ပေါ်သို့ မတ်တပ် တက်သွားခြင်းဖြစ်၏။ ပင်စည်တွင် တစောင်းဖြစ်သော်လည်း အကိုင်းများ အရောက်တွင် ဇောက်ထိုးဖြစ်သွားလေ၏။ ထို့နောက် မတ်တပ်ရပ်လျက်ပင် ပြန်ဆင်းလာခဲ့၏။ မြင်ရသည်မှာ အဆန်းတကြယ်။ လူမှ ဟုတ်ရဲ့လား ဟူ၍လည်း ပေါက်ပေါက် ရာရာ တွေးမိလိုက်သေးသည်။ ထိုမျှမကသေးပေ။ ထိုလူကြီး ထပ်၍ အစွမ်းပြပါသေး၏။

မြေပြင်သို့ ရောက်သည့်အခါ ထိုလူက ခန္ဓာကိုယ်ကို မွေ့ယမ်းလိုက်သည်။ တစ်ကိုယ်လုံး ချာချာလည်ကာ လူပျောက်သွားလျက် လူ့ဝံတစ်ကောင်ရပ်နေတာ ပေါ်လာသည်။ သူ့ အလန့်တကြားဖြစ်သွားသည်။

"ဒါ ဘယ်လိုဖြစ်တာလဲ"

သူ့ခြေလှမ်းတွေ နောက်သို့ ဆုတ်သွားသည်။ အန္တရာယ်ပြုလာလျှင် သစ်ပင်ပေါ် တက်ပြေးရန်ဖြစ်သည်။ သို့သော် ကိုယ်လက်လှုပ်ရှားရုံမှ လွဲ၍ ဘာမျှမပြု။

သိပ်မကြာ ထိုလူ့ဝံသည်လည်း အိုးထိန်းစက်သို့ ချာချာလည်သွားပြန်သည်။ နောက်မှ ထိုလူကြီး ပြန်ပေါ်လာ၏။

နောက်တစ်ဖန် ထိုသို့လည်သွားပြီးနောက် မိချောင်းတစ်ကောင်ပေါ်လာပြန်သည်။ ပါးစပ်ကြီး ဟလျက်။

နောက်တစ်ကြိမ် ထိုလူကြီး ပတ်ချာလှည့်လိုက်သောအခါ ကျားသစ်တစ်ကောင် ပေါ်လာကာ…

"ဝေါင်း"

သူ မထိန်းနိုင်တော့ဘဲ သစ်ပင်ပေါ် တွယ်တက်ပြေးလေသည်။ အပေါ်ရောက်၍ အောက်သို့ ပြန်ကြည့်လိုက်သောအခါ ကျားသစ်မရှိတော့





ထိုလူကြီး သာဖြစ်နေ၏။

"ဘာမှ မကြောက်ပါနဲ့ ဆင်းလာခဲ့ပါတော့"

အောက်မှ အတန်တန်ခေါ်နေသောကြောင့် သူ မရဲတရဲ ဆင်းလာခဲ့သည်။ ကြောက်စိတ်တွေကတော့ ဝင်နေတုန်း"

"စိတ်ဆိုပေမယ့် နောက်ဆုံး ပြကွက်တွေကတော့ ဂန္ဓာရဆန်လှပါတယ်"

မည်သို့ပင်ဆိုစေ ဆရာ မဟာတိက္ခအပေါ် အထင်မကြီးဘဲ မနေနိုင်တော့ပါ။ ချက်ချင်းပင် လေးစားသွားရ၏။ ထို့ကြောင့် စိတ်အကြောင်း၊ ပရလောကအကြောင်းနှင့် ဂန္ဓာရအကြောင်းများကို လေ့လာစူးစမ်းခဲ့သည်။ မဟာတိက္ခကလည်း အကျယ်တဝင့်ပြောပြသည်။

"စိတ်ကို ကိုယ်ကနိုင်ရင် ဆင်းရဲခြင်းက လွတ်ကင်းနိုင်တယ် ငါ့တပည့်"

"အခု ဆရာ ဘယ်မှာနေလဲ"

"လောလောဆယ်တော့ သန်ပွရွာနားက ကျောက်တောင်ဂူထဲမှာ နေတယ်။ ဒါပေမယ့် မကြာခင်မှာတော့ ခရီးရှည်ကြီးကို ထွက်ရမယ်"

"ဘယ်ကိုလဲ ဆရာ"

"သံသရာဆိုတဲ့ ခရီးအရှည်ကြီးကိုပေါ့ကွာ"

"ဆရာ…လေ့လာကျင့်ကြံအားထုတ်နည်းတွေကို သင်ပေးနိုင်ပါ့မလား"

"ငါ့အာရုံထဲမှာ မင်းတစ်ယောက်တည်း ပေါ်လာလို့ မင်းဆီ ရောက်လာတာပဲ"

"ဝမ်းသာလိုက်တာ ဆရာရယ်"

"အရေးကြီးတာ ပြောရဦးမယ်…မင်းသာ တကယ် လုံ့လထုတ်လို့ ကြိုးစားမယ်ဆိုရင် မင်းခန္ဓာကိုယ်ပေါ်က ရောဂါဟူသမျှ ကင်းစင်ပျောက်ကင်းနိုင်တယ်ကွ"

"ခင်ဗျာ"

* * *



www.burmeseclassic.com

www.burmeseclassic.com


| ၁၁ |

ဦးစိတ္တ အတွေးတွေက ရှည်လျားလွန်းလှသည်။ တောင်စောင်းတွင် ရပ်နေသည်မှာ မည်မျှကြာသွားပြီလဲ။ မိုးလေးများ မှုန်မှုန် ရွာသွန်းလာသည်မို့ သူ လိုဏ်ဂူထဲသို့ ဝင်လာခဲ့သည်။

သူ့တွင် ဆရာ မဟာတိက္ခ၏ ကျေးဇူးတွေက တနင့်တပိုးရှိခဲ့၏။

စိတ်ကျင့်စဉ်၊ ကမ္မရကျင့်စဉ်တွေကို စနစ်တကျသင်ကြားပေးခဲ့သည်။

ဆရာထက်ပို၍ အစွန်းရောက်သည်အထိ ကျင့်ခဲ့သည်။ အနာရောဂါတွေ ပျောက်ကင်းကုန်သည်။ ထို့ကြောင့် ယခင်ကဆိုလျှင် အနာရောဂါများကြောင့် ဝတ်ရုံကို လုံလုံခြုံခြုံဝတ်ခဲ့ရသော်လည်း ခုတော့ တစ်ကိုယ်လုံး ဗလာကျင်းလျက် နံငယ်ပိုင်းလေးဖြင့်နေလို့ ရသွားပေပြီ။ ရာသီဥတုမရွေး သူနေထိုင်နိုင်ရန် ကျင့်ကြံခဲ့ရသည်ကတော့ လွယ်လွယ်ကူကူ မဟုတ်။

ခုတော့ သူ အောင်မြင်ခဲ့လေပြီ။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ ဆရာ၏ ပညာရပ်အားလုံးကိုတော့ မမီသေးပါချေ။ ဆက်လက်အားထုတ်ရပေဦးမည်။ သူ့တွင် ယခင်ရုပ်ရည်မျိုး မရှိတော့။ ဆံပင်တွေဖြူဖွေးကာ ဖွာလန်ကြဲလာသည်။ မျက်တွင်းဟောက်ပက် ဖြစ်လာသည်။ နံရိုးအပြိုင်းပြိုင်း ပေါ်လာသည်။

သို့တစေ သူ ရုပ်ပိုင်းဆိုင်ရာအားလုံးကို ဂရုမစိုက်နိုင်တော့ပါ။ သူ့ ဆရာသည်လည်း ခရီးအရှည်ကြီးသို့ ထွက်သွားသည်မှာ (၁၀)နှစ်ကျော်ကြာပြီ။

"အဂ္ဂရာဇာ"

သူ ထိုအမည်ကို ထပ်မံရွတ်မိပြန်သည်။ သူ အလွန်ချစ်သော သား၏နာမည်။ ယခု တပ်မှူးလေး အဂ္ဂရာဇာမှာ သူ့သားလေးများ ဖြစ်နေမလား။ ကုန်သည်သူဌေး တစ်ယောက်၏သားမို့ ဖြစ်နိုင်ခြေမရှိသလို နန်းတွင်းနှင့် အဆက်အစပ်ရှိနေသည်မို့ ဖြစ်နိုင်ခြေရှိသည်ဟုလည်း ဆိုရပါမည်။

"သူ့လည်ပင်းမှာ ကျောက်စိမ်းဆွဲပြားလေး ရှိနေဦးမလား"

အကယ်၍ တပ်မှူးလေးသာ သူ့သားလေးဆိုလျှင် သူ ဘာဆက်လုပ်ရမလဲ။ ကျွဲသစ်ကိစ္စ ကာကွယ်ရေးနှင့် နိမ်နင်းရေးကိစ္စများကို ဦးဆောင်ဦးရွက်ပြုကာ စီစဉ်နေပါသတဲ့။ ဘယ်လိုနိမ်နင်းမှာလဲ။ ဘယ်လိုတွေ ပြင်ဆင်တော့မှာလဲ။

ထိုအကြောင်းတွေတော့ သူ ရင်တွေပူလာရသည်။ မမှားသင့်တာတွေ မှားကုန်တော့မှာလား။ အဓိက သူ သိလိုသည်မှာ တပ်မှူးလေး သူ့သား ဟုတ် မဟုတ် ဆိုသည်ကိုပင်။ မဟုတ်လျှင် အကြောင်းမဟုတ်သော်လည်း··

အကယ်၍များ····

····ဟုတ်လာခဲ့လျှင်···

···ဟုတ်များ ဟုတ်ခဲ့လျှင်···

···သားလေးသာ ဖြစ်နေခဲ့လျှင်···

ထိုစဉ် လိုက်ဂူအပေါက်ဝသို့ သူနှင့် ရွယ်တူယောကျ်ားတစ်ယောက် ဝင်လာသည်။ သူက ဘဝိဿပင်။

* * *





| ၁၂ |

သခ်ပ္ပရွာသူရွာသားများ ရွာကို ခြံစည်းရိုး ခတ်ရန် ပြင်ဆင်နေကြချိန်။ မြင်းရထားတစ်စီးသည် တလှုပ်လှုပ်ဖြင့် အနောက်ဘက်သို့ ဦးတည်မောင်းနှင်လာသည်။ လမ်းဘေးတစ်ဖက် တစ်ချက်တွင် ထင်းရှူးပင်တွေက မြင့်မြင့်မတ်မတ်။ နေရောင်ခြည် တောက်ပမှုကြောင့် သစ်ပင်တွေကြား ဖြတ်သန်းမောင်းနှင်ရသည်မှာ ကြည်နူးစရာတော့ ကောင်းလှသည်။

ထို့ကြောင့် မြင်းလှည်းမောင်းသူ လူရွယ်မှာ သီချင်းလေးကို တကျော်ကျော် ဟစ်ကြွေးလာခဲ့၏။ သူ့အသံက မဆိုးလှ။ အတွင်းမှ စီးနင်းလိုက်ပါလာသူ မိန်းကလေးနှစ်ဦးမှာ သူ့အသံကို နားထောင်ရင်း နောက်ပြောင် လိုက်ပါလာခဲ့ကြသည်။

"ကိုရွှေရိုးရေ···နောက်ဆို ကျွန်မတို့ကို မြင်းလှည်းမောင်း မပို့နဲ့တော့···အဆို အတီးလေး တွဲဖက်သင်ပြီး လူစည်ကားရာကိုသွား"

"ဘာလုပ်ဖို့လဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"အပိုဝင်ငွေလေး ရတာပေါ့ . . . ဟား ဟား"

သူတို့အားလုံး သဘောကျ ရယ်မောဖြစ်ကြသည်။

တစ်နေ့ရာအရောက် ငှက်တွေ အလန့်တကြား ထပျံကုန်ကြတာကို သတိထားမိသည်။

"ကိုရွှေရိုး"

"ဘာလဲဟ"

"တစ်ခုခု ထူးခြားနေသလိုပဲ"

မကြာပါချေ။

"ကျား" "ယား"

လမ်းပေါ်တည့်တည့်သို့ အရှေ့မှ ကာဆီး၍ လူ(၃)ယောက် လွှားခနဲ ခုန်ချလာသည်။ မျက်နှာတွင် အနက်ရောင် ခေါင်းစွပ်များ စွပ်လျက်။

ရွှေရိုး မြင်းဇက်ကို ဆတ်ခနဲ ဆွဲလိုက်ရ၏။

"မင်းတို့ အဲဒါ ဘာလုပ်တာလဲ"

"မင်းက ငါတို့ကို ပြန်ပြီး မေးနေစရာ လိုသေးလား . . . ပါလာတဲ့ငွေ အကုန်ထုတ် . . မင်းတို့ သုသျှနန်းမှာ ကုန်သွားရောင်းတာ တို့အကုန်သိတယ်"

"လက်စသတ်တော့ မင်းတို့က ဓားပြတွေပဲ"

"ကြာတယ်ကွာ မြန်မြန်ထုတ်"

"မင်းတို့တောင်းတိုင်း ပေးရမှာလားကွ . . . တစ်ဖက်သား ချွေးနည်းစာနဲ့ ရှာထားတဲ့ဟာကို"

"စကားကြော တော်တော်ရှည်တဲ့ကောင်"

ဓားပြတစ်ယောက်က ပြေးဝင်လာကာ ခုတ်ပိုင်းသည်။ ရွှေရိုးက လှည်းပေါ်မှ လွှားခနဲခုန်ကာ ရှောင်တိမ်းရင်း မြေပြင်ပေါ်ခုန်လိုက်၏။

ကျန်နှစ်ယောက်က အပြေးလေးဝင်လာကာ ခုတ်ချိန်တွင် ရွှေရိုး လက်မှဓားကို ထုတ်ပြီးနေပြီ။

"ချွင် . . . ချွင် . . . ချွင်"

ရွှေရိုး၏ သိုင်းပညာအဆင့်က မသေးသော်လည်း ရန်သူသုံးဦး၏ တိုက်ခိုက်မှုအားကို မနည်းရှောင်တိမ်းနေရသည်။

ဝိုက်ဓား၊ မြောက်ဓား၊ ပိုင်းဓားများ။





"ချွင်" "ချွင်"

ရန်သူတစ်ဦး၏ ဓားချက်က ရွှေရိုး၏ ဘယ်ဘက်လက်မောင်းကို နစ်မြုပ်စေလိုက်၏။

"အား"

ထိုအလစ်အငိုက်ကို ယူလျက် တစ်ယောက်က ညာဘက် နံစောင်းသို့ ခြေထောက်ဖြင့် ကန်သွင်းလိုက်ရာ . . .

"အွတ်"

သူ မလှမ်းမကမ်းသို့ လွင့်စဉ်သွားသည်။ အတော်အထိနာသည့် ကန်ချက်ပင်။ ဓားလည်း လက်ထဲတွင် မရှိတော့။ ကျန်တစ်ယောက်က သူ့ထံ လွှားခနဲ ခုန်ဝင်ကာ ရင်ဝသို့ ဓားရှည်ဖြင့် ထိုးစိုက်မည်အပြု . . .

"ဟော့ . . . ရပ်လိုက်စမ်း"

အသံသြဇာက ကြီးလှသည်။ အမိန့်ပေးသံက ပြတ်သားလွန်းသည်။ သူတို့ ရုတ်တရက် ငေးကြောင်သွားသည်။ ဟန့်တားလိုက်သူဘက်က (၃)ယောက်။

"မင်း ဘယ်သူလဲ"

"အဲဒါတွေ မေးမနေနဲ့။ မင်းတို့ သတ္တိရှိရင် သုံးယောက်စလုံးနဲ့ငါ တစ်ယောက်တည်းနဲ့ ယှဉ်မယ်"

လှည်းပေါ်မှ အမျိုးသမီးငယ်တစ်ဦးကတော့ စိတ်တွင်းမှ ရေရွတ်ဆိုက်သည်။

"ဟယ် . . . တပ်မှူးလေး အဂ္ဂရာဇာ"

ထိုမိန်းကလေးမှာ နန်းနန်းနွယ်ပင် ဖြစ်ပါ၏။

"ဘယ်လိုလဲ . . . မတုန်မလှုပ်နဲ့ ကြောက်ချေးပါနေကြပြီလား"

အဂ္ဂရာဇာ စိတ်ကို ဆွပေးလိုက်သည်။

"မင်းကိုယ်မင်း ဘာကောင်ထင်နေလဲ"

"ဘာကောင်လဲ သိချင်ရင် စမ်းကြည့်လိုက်လေ"

သုံးယောက်စလုံး တစ်ဟုန်ထိုး ပြေးလာကြသည်။

အဂ္ဂရာဇာ၏ ခုခံပုံတွေက သွက်သည်။ မြန်သည်။ ပညာသား ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“အု”

သူ၏ ဘယ်ခြေကန်ချက်ကြောင့် ရန်သူတစ်ဦး နောက်ပြန်လန် သွားသည်။

“ချလွမ်···ချလွမ်”

အတိုးအဆုတ် အဝေ့အဝိုက်တွေက ရန်သူအားလုံးကို မျက်လုံးပြူး စေသည်။ အဂ္ဂရာဇာ၏ သိုင်းပညာက သူမတူအောင် ထူးချွန်မှန်း နန်းနန်းနွယ် ရင်တထိတ်ထိတ်ကြည့်နေရာမှ သဘောပေါက်လိုက်ပြီ။

သူမမှာ ယခင်လို ကြောက်စိတ်တွေ မရှိတော့ အင်အားတွေ ပြည့်လာရသည်။ သိပ်ပင်မကြာလိုက်။

ဓားပြတွေက သူတို့အခြေအနေကို ရိပ်စားမိလိုက်လေပြီ။

ထို့ကြောင့် လှစ်ခနဲ ထွက်ပြေးသွားတော့၏။

ဒီပါနှင့် သူရတို့ လှုပ်လှုပ်ရှရှဖြစ်သွားသည်။

“ကျွန်တော်တို့ ရန်သူနောက် လိုက်ပါရစေ တပ်မှူးလေး”

“အားလုံးကို အပြတ်ရှင်းလိုက်”

“ကျွန်တော့်ကိုလည်း ခွင့်ပြုပါ တပ်မှူးလေး”

ရွှေရိုး ပြောလာသော စကား···အဂ္ဂရာဇာ တစ်ချက်လှမ်းကြည့် သည်။ သူလည်း တိုက်ခိုက်ချင်လိမ့်မည်ပေ့ါ”

“မင်းသဘောပဲ”

ခွင့်ပြုမိန့်ပေးလိုက်သည်နှင့် သကောင့်သား သုံးယောက်မှာ လေထက်မြန်သော အလျင်ဖြင့် လှစ်ခနဲ လျှောက်သွားလေသည်။

သူ မြင်းလှည်းဆီသို့ ခပ်ဖြည်းဖြည်းလေး လှမ်းသွားလိုက်သည်။

နန်းနန်းနွယ်နှင့် အဖော်မိန်းကလေးတို့မှာ မြင်းလှည်းပေါ်မှ ဆင်း လျက် သူ့ကို အရိုအသေပေးလိုက်သည်။ သူမကိုယ် သူမ နန်းနန်းနွယ်ပါဟု မိတ်ဆက်သောကြောင့် ချက်ချင်း မှတ်မိသွား၏။

“တပ်မှူးလေး တိုက်ခိုက်တာ အရမ်းကြည့်လို့ကောင်းတာပဲ”

“မင်းက ဘယ်သွားတာလဲ”

“သုပ္ပနန္ဒီကို”

“ဘာသွားလုပ်တာလဲ”





“အကြွေးရစရာ ရှိတာ သွားတောင်းတာ”

“နောက်ဆို ငွေရေးကြေးရေးနဲ့ ခရီးထွက်မယ်ဆို စံအိမ်တော် ရုံးခန်းကို အကြောင်းကြားပြီးမှ သွားပါ။ ဓားပြဆိုတာ မထင်တဲ့နေရာက ပေါ်လာတတ်တာ။ ငွေယူရုံတင် မဟုတ်ဘဲ လူသတ်သွားတော့ ဘယ်နှယ့်လုပ် မလဲ။ ခုတောင် ကင်းလှည့်ရှင်းနဲ့ ကြုံသွားလို့ ကသိုလ်ကံကောင်းသွားတာ။ နို့မို့ ဟိုကောင် ရန်သူလက်ချက်နဲ့ သေပြီ”

“ဟုတ်ကဲ့ နောက်ဆို တပ်မှူးလေးတို့ ရုံးခန်းကို အကြောင်းကြားပါ့ မယ်”

“ဟိုကောင့်သိုင်းပညာက မဆိုးလှပေမယ့် လူအင်အားများရင် ခံရမှာပဲ”

“ဟုတ်တယ်···ကိုရွှေရိုး သေတော့မလို့”

အဂ္ဂရာဇာ နန်းနန်းနွယ်ကို ဖျတ်ခနဲ လှမ်းကြည့်လျက်

“မင်းနဲ့ ရွှေရိုး ဘာတော်သလဲ”

“ဟင့်အင်း မတော်ပါဘူး···အဖေက မြင်းလှည်းမောင်းဖို့နဲ့ စိုက်ခင်းတွေကြည့်ဖို့ ငှားထားတာ··တပ်မှူးလေးက ဘယ်လိုထင်လို့လဲ”

“ကျုပ် လတ်တလော ထင်မြင်ချက်ပေးတာမျိုး ဝါသနာမပါဘူး”

“နန်းမှာ ခုထိ ရည်းစား မရှိသေးပါဘူးနော်”

သူက တစ်ချက်ပြုံးကာ

“နေစမ်းပါဦး···ဘယ်သူက ရိုက်စစ်နေလို့လဲ”

“သိဘူးလေ···တော်ကြာ ယုန်ထင်ကြောင်ထင် ထင်နေမှာစိုးလို့ ခစ် ခစ်”

နုနယ်ပျိုမြစ်သည့် မိန်းကလေးတစ်ယောက်၏ ရက်ပြုံးအလှကို သူ ယခုမှ နီးနီးကပ်ကပ် မြင်ဖူးခြင်းဖြစ်သည်။

ရင်ခုန်တပ်မက်စရာတော့ ကောင်းလှပါ၏။

သူ့အထင် မှန်ကန်သွားပေပြီ။ ပထမအကြိမ် အသုဘအခမ်းအနား တွင် တွေ့စဉ်က မျက်နှာတွင် ဆေးရောင်များ သုတ်လိမ်းထားသည့်မိန် ယင်ကိုယ် အလှစစ်စစ် တိမ်မြုပ်နေခဲ့သည်။

ယခုတော့···



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ . . .

မျက်နှာလေးမှာ ကြည်လင်သန့်စင်နေသလို မိန်းမလှတစ်ယောက် ပိုင်ဆိုင်သင့်သော အရေးအကြောင်း အထားအသိုများ သူမမျက်နှာပြင်တွင် အဆင်သင့် ရှိနေလေပြီ။

"တပ်မှူးလေးတို့ နန်းကို ဘယ်တော့ သိုင်းသင်ပေးမှာလဲဟင်"

"မကြာခင် တစ်ရက်ရက်ပေါ့"

"သိုင်းပညာ တတ်ရင် ဘယ်ရန်သူမဆို ကြောက်စရာ မလိုတော့ဘူးပေါ့နော်"

"အဲဒီလိုတော့ မဟုတ်ဘူး၊ အခြေအနေရယ်၊ အချိန်အခါရယ်၊ ကိုယ်တတ်ကျွမ်း တတ်မြောက်ထားတဲ့ အရည်အချင်းရယ်၊ ဒါတွေနဲ့လည်း ဆိုင်တယ်"

"တပ်မှူးလေးတို့ ကျားသစ်နှိမ်နင်းရေးကို ဘယ်တော့ စ,မှာလဲ"

"အစီအစဉ်တွေ ဆွဲနေပါပြီ။ ကျားသစ်ဟာ တစ်ကောင်တည်း မဟုတ်ဘဲ နှစ်ကောင်လို့လည်း သတင်းကြားတယ်၊ တချို့က ရိုးရိုးကျားသစ် မဟုတ်ဘူးတဲ့၊ နတ်ကျားသစ်တဲ့၊ မျိုးစုံ ပြောနေကြတာ၊ ကျုပ်တော့ ဒါတွေ အယုံအကြည်မရှိဘူး။ ဒါပေမဲ့ ကျုပ် ယုံကြည်နေတာက ဒီကျားသစ်ဟာ ကျောက်လိုဏ်ဂူမှာနေတဲ့ ဦးစိတ္တနဲ့ သက်ဆိုင်တယ်ဆိုတာပဲ"

သူမ မျက်လုံးလေး ဝိုင်းသွားသည်။ အထူးအဆန်း တစ်ခုကို ကြားလိုက်ရသည့်အသွင်မျိုး။

"ဘယ်လိုသက်ဆိုင်တာလဲ"

"ဒါတော့ ကျုပ် တိတိကျကျ မသိဘူး။ နိုင်လုံတဲ့ မျက်မြင်သက်သေ အထောက်အထားတစ်ခုခု ရှိဖို့လိုအပ်တယ်။ ကျုပ် ဆက်ပြီး စုံစမ်းဦးမှာပါ။ ဒီလူက သူတော်စင်ယောင်ဆောင်နေပေမယ့် မှော်လိုလို ဂမ္ဘီရလိုလို အောက်လမ်းပညာလိုလို အဲဒီအတတ်တွေ တတ်မြောက်လိမ့်မယ်လို့ ကျုပ်ထင်တယ်။ သူဟာ ကျုပ်တို့ကို ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပေးနိုင်တဲ့လူ။ ဒီလူကို သတိထားရမယ်"

အဂ္ဂရာဇာ၏ မျက်နှာမှာ ခက်ထန်မာကြောနေ၏။ ပြောရင်းဆိုရင်း လျှပ်တစ်ပြက် ဒေါသထွက်သွားသည့်ပုံပင်။





သူမက မည်သို့မျှ စွက်ဖက်ဝင်မပြော။ မပြောဝံ့တာလား၊ မပြောရဲတာလားမသိ။ ယင်းအခိုက် . . .

လိုက်သွားကြသူ သုံးဦး ပြန်ရောက်လာသည်။

"ဘယ်လိုလဲဟေ့"

"သူတို့အားလုံး ဇီဝိန်ချုပ်ကုန်ပါပြီ"

သူ ခေါင်းကို အသာညိတ်သည်။

"အခုဟာက မားပြဂိုဏ်းက အဖွဲ့ဝင်တွေ၊ ဂိုဏ်းချုပ်နဲ့ အဖွဲ့ဝင်တွေ ကျန်နေဦးမယ်"

"ကိစ္စမရှိဘူး၊ သူတို့ ရှေ့ဆက်တိုးရဲတိုးကြည့် . . . တို့အကြောင်း သိသွားမှာပေါ့၊ ကိုင်း . . . မင်းတို့လည်း ရွာကို ပြန်တော့ . . . ကျုပ်တို့ မလှမ်းမကမ်းက လိုက်ပြီးစောင့်ရှောက်ပေးမယ်"

"ကျေးဇူးပါပဲ"

နန်းနန်းနွယ်တို့ မြင်းလှည်းက ရှေ့မှသွားသည်။

သူတို့က နောက်မှလိုက်သည်။

သည်တစ်ခါတော့ ရွှေရိုး သီချင်းသံကို မကြားရတော့။

ထင်းရှူးတော တစ်တောလုံး တိတ်ဆိတ်လို့နေသည်။

* * *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


[ ၁၃ ]

သစ်ပွတစ်ရွာလုံး အလုပ်ရှုပ်နေကြသည်။ ယောက်ျားကလည်း ယောက်ျားတန်သည့်အလုပ်။ မိန်းမကလည်း မိန်းမတန်သည့်အလုပ်။ အားလုံး တက်တက်ကြွကြွရှိနေကြသည်။ ကိုယ်တာဝန်ကျသည့်အပိုင်းကို ခြံစည်းရိုး ခတ်ရခြင်းဖြစ်၏။ ရွာထဲတွင် သစ်တွေ ဝါးတွေက တောင်လိုပုံနေ၏။

တပ်မှူးလေး အဂ္ဂရာဇာနှင့် ရဲမက်စစ်သည်တို့မှာလည်း မနေသာပါ။ ပင်မတံခါးကြီး ဆောက်လုပ်သည့်နေရာတွင် ဝိုင်းကူပေးနေကြသည်။ ပုံစံရေးဆွဲပေးခြင်း၊ သစ်အမျိုးအစား ရွေးချယ်ခြင်းနှင့် လက်သမား ပညာများကို ပြသပေးနေသည်။

နေက ပူလာသည်မို့ ချွေးတွေက တဒီးဒီး။ ထို့ကြောင့် အပေါ်ဝတ်ရုံ ကို ချွတ်ထားလိုက်သည်။ အလုပ်ထဲတွင် စိတ်ရောက်နေသည်မို့ အရာ အားလုံးကို မေ့လျော့သွား၏။

"ကောက်ညှင်းပေါင်းနဲ့ ကြက်ကြော်လေး အဆာပြေစားပါဦး


www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးလေး"

အသံလာရာဆီသို့ လှည့်ကြည့်တော့ နန်းနန်းနွယ်"

သူမက တစ်ရွာလုံး စားသုံးရန်အတွက် ချက်ပြုတ်သော အဖွဲ့ထဲတွင် ပါဝင်သူတစ်ဦး။ သူတို့အဖွဲ့မှာလည်း တစ်ရွာလုံးအတွက်မို့ သေးငယ်သော တာဝန်မဟုတ်ပါချေ။

"အား・・・ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

အဂ္ဂရာဇာ အပြုံးချိုချိုဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

သူမ အဂ္ဂရာဇာအား အပေါ်ပိုင်းဝတ်ရုံကို ကိုယ်ချွတ်နှင့် တစ်ခါမျှ မမြင်ဖူးခဲ့။

"ဗလက နည်းတာ မဟုတ်ဘူး"

စိတ်ထဲတွင် ပြောလိုက်ခြင်းသာ။ ဟုတ်သည်။ ရင်အုပ်ကျယ်ကျယ်နှင့် လက်မောင်းကြွက်သားတွေက အဖုအ အထစ်ထစ်။ ဗိုက်သားတွင် အဆီပို မရှိ။ လေ့ကျင့်ခန်း လုပ်ထား၍သာ ထိုသို့ အချိုးအဆစ်ကျနေခြင်းဟု သူမ မှတ်ချက်ချသည်။

နောက် လည်ပင်းတွင် မိုးကြိုးအနက်ရောင်ကြိုးဖြင့် အစိမ်းရောင်အပြားလေး။

ကျောက်စိမ်းပြားလေးတွင် ပုံဖော်ထားသောအရုပ်မှာ ဒေါင်းရုပ်။

"ဘာလို့ လူကို ငေးကြည့်နေတာလဲ"

ထိုအခါမှ သူမ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ・・・

"အို・・・ဘာမှမဟုတ်ပါဘူး"

သူမ လှည့်ထွက်ပြေးမည်အပြု・・・

"နေဦး"

သူမ ခြေလှမ်းလေးများ ရပ်တန့်သွားကာ

"ဘာလဲဟင်"

"စားစရာတော့ ဟုတ်ပါပြီ၊ သောက်စရာ ရေနွေးကြမ်းမှ မပါတာ"

"အဲ့ ဟုတ်သားပဲ"

ထိုအခါမှ ပါးစပ်လေးကို လက်ကလေးပိတ်ကာ ဇက်ကလေးပုသွားလျက်။





"ခဏလေးနော်・・・ ခဏလေး ခဏ・・・ခဏ"

သူမ လှစ်ခနဲ ပြေးထွက်သွားပါ၏။ သူက ပြုံးလျက် ကျန်ရစ်ခဲ့သည်။

နန်းနန်းနွယ် ထွက်သွားပြီးနောက် သူရွာအပြင်သို့ လှမ်းကြည့်သည်။ မြေကြီးတွင် သစ်သားတိုင်များစိုက်သူ၊ ကြိုးများဖြင့် သစ်သားများကို ချည်နှောင်နေသူ၊ သစ်ဝါးများ ခုတ်နေသူတို့နှင့် အုန်းအုန်းကျွက်ကျွက်။

အဂ္ဂရာဇာ ကျေနပ်ရပါ၏။ ပြည်သူ့အကျိုးဆိုလျှင် ဘာကြီးဖြစ်နေဖြစ်နေ ထမ်းရွက်သယ်ပိုးလိုစိတ်သည် သူ့ဆန္ဒအရင်းခံပင်။

တစ်နေရာသို့ အကြည့်ရောက်သွား၏။

မျက်နှာ ကွက်ခနဲပျက်သွားသည်။ ရင်ထဲမှ ကြည်နူးစိတ်တို့ပင် ကြက်ပျောက်ငှက်ပျောက် ဖြစ်သွား၏။

"မိစ္ဆာကောင်ကြီး"

ရွာအတွင်းသို့ တောင်ဝှေးတစ်ချောင်းဖြင့် လှမ်းဝင်လာသည့် ဦးစိတ္တ။ ဦးစိတ္တကို တွေ့မြင်ဖူးသော်လည်း တစ်ကြိမ်တစ်ခါမျှ မျက်နှာချင်းဆိုင်ဖူးခဲ့ပါ။ ပြောစရာလည်း မလိုအပ်ဟု ထင်ခဲ့၍ ဖြစ်၏။

သူ့ပခုံးထက်တွင် လွယ်အိတ်ကြီးတစ်လုံးပါသည်။ တချို့သစ်သီးနှင့် စားစရာတို့ကို ပေးလှူနေတာ တွေ့ရသည်။ တချို့က ရောင်ဖယ်၊ ရောင်ဖယ်နှင့် သည်ကြားထဲ တစ်ယောက်ကို တစ်စုံတစ်ရာ မေးနေသည်။ အမေးခံရသူက ခေါင်းခါပြသည်။ ပြီးတော့ နောက်တစ်ယောက်

အမေးခံရသူ သူနားဖြတ်သွားစဉ်

"ဟိုလူက ဘာတွေမေးနေတာလဲ"

ထိုလူ အလန့်တကြားဖြစ်လျက် သူ့ကို မဝံ့မရဲကြည့်ကာ

"ဟို・・အဂ္ဂရာဇာဆိုတာ ဘယ်သူလဲတဲ့။ တပ်မှူးလေး နာမည်နဲ့တော့ ဆင်တူနေတာသိတယ်။ ဒါပေမဲ့ ကြောက်လို့ မသိဘူးပဲ ဖြေလိုက်တယ်"

ထိုလူထွက်သွားသောအခါ သူ့စိတ်တွေ မတင်မကျဖြစ်ရသည်။

"ဒင်းက ဘာလို့ ငါ့ကို သိချင်ရတာလဲ"

မာနနှင့် အတ္တက ရင်ထဲတွင် အလိုလိုဖြစ်ထွန်းလာလျက် ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေက ဦးစိတ္တရှိရာသို့ တဖြည်းဖြည်း ရွေ့လျားလာနေမိသည်။

သူ့အကြည့်တွေက ဦးစိတ္တဆီမှ မရွေ့။ တစ်စက်လေးမှ မခွာ။

ခြေလှမ်းတွေက နီးသထက် နီးလာပြီ။

နီးသထက် နီးလာပြီ။

နီးသထက် နီးလာပြီ။

ထိုသူ သွားမည့်အရှေ့မှ မားမားမတ်မတ်ရပ်လိုက်၏။

သွားမည့်သူ ဆတ်ခနဲ ရပ်သွားသည်။

"ကျုပ်နာမည် အဂ္ဂရာဇာ၊ ကျုပ်ရာထူးက တပ်မှူးလေး"

ဦးစိတ္တ သူ့ကို မော့ကြည့်သည်။

ပြောင်ရှင်းနေသော ရင်အုံအထက်နားဆီတွင် ဒေါင်းရုပ်ကျောက်စိမ်းပြားလေး။ တကယ်ပင် ဒေါင်းရုပ်ကျောက်စိမ်းပြားလေး။

ထိုသူ၏ မျက်လုံးအိမ်တွင် အရောင်မျိုးစုံ ဖြတ်သန်းသွားသည်။

အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ကြေကွဲခြင်း၊ ကြည်နူးခြင်း။

ထိုသူ ခေါင်းထဲ မူးခနဲ မိုက်ခနဲဖြစ်သွားကာ ယိုင်လဲမလိုပင် ဖြစ်သွားရ၏။ တောင်ဝှေးပါ၍ တော်တော့သည်။

"တကယ်ပဲ သားလေး ဖြစ်နေပါရောလား"

စိတ်ထဲမှ မြည်တမ်းလိုက်ခြင်းမျှသာ။ လွန်ခဲ့သော နှစ်ပေါင်း (၂၀) ကျော်ခန့်က အဖြစ်တွေ ဖျိုးခနဲ ဖျတ်ခနဲ ခေါင်းထဲဝင်လာခဲ့သည်။ အထူးသဖြင့် သားလေးကို စွန့်ပစ်လိုက်ရသည့် နေ့။ ခါးတွင် ကျောက်စိမ်းပြားလေး ချည်လျက် ကတ္တီပါအပြာစလေးနှင့် ထွေးချုံထားသောမြင်ကွင်း။ ခုတော့ တစ်သွေးတစ်မွေးနှင့် တကယ့်ယောကျာ်းကြီး ဖြစ်နေပါပြီကော။ တကယ့်ထူးချွန်သူကြီး ဖြစ်နေပါပြီကော။

"ခင်ဗျား ဘာလို့ ကျုပ်ကို သိချင်ရတာလဲ"

အဂ္ဂရာဇာအသံက မာပြတ်နေသည်။

ထိုသူ ချက်ချင်း အသံထွက်မလာ။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။

"ပြောလေဗျာ"

အသံက ပို၍ ကျယ်လောင်သွားသည်။





"မဟုတ်ပါဘူး၊ တခြားဘာအကြောင်းမှ မရှိပါဘူး၊ မြင်ဖူးချင်တာ ...စ်ခုတည်းပါ"

"ခင်ဗျားကိုတော့ ကျုပ်က ဒီနယ်မြေကို တာဝန်ကျကတည်းက ...ပြင်ဖူးနေတာ"

"ကျုပ်က ရွာထဲကို လာတတ်တာပဲ"

ထိုလူက စကားကို ထိုနေရာတွင်ပင် ဖြတ်လိုဟန်ဖြင့် အဂ္ဂရာဇာ ...အား ရှောင်ကာဆက်သွားမည်အပြု...

"ခင်ဗျား နေဦး"

"ဘာကြောင့်လဲ"

"ခင်ဗျား လွယ်အိတ်အောက်မှာ သွေးစတွေ တွေ့တယ်၊ လွယ်အိတ် ...ွတ်လိုက်စမ်း"

ဦးစိတ္တ မျက်နှာ ကွက်ခနဲပျက်သွားသည်။ သို့သော် ဣန္ဒြေမပျက်ဆည် ...ာ လွယ်အိတ်ကို ကမ်းပေးလိုက်သည်။

သူ လွယ်အိတ်ထဲသို့ ဖွင့်ကြည့်သည်။ သွေးစိမ်းရှင်ရှင် တုံးထား သည့် အမဲသားတုံးတွေ။

"ဒါတွေ ဘယ်ကရတာလဲ"

"ဟိုဘက်ရွာက လှူလိုက်တာ"

"ဘာလုပ်ဖို့လဲ"

"ကျုပ် အာဟာရအတွက် မိုဝဲဖို့"

"အစိမ်းစားတာလား"

"ဘယ်လို အခြေအနေမျိုးပဲဖြစ်ဖြစ် စားလို့ရတယ်"

"ခင်ဗျားကို ကျုပ် ကြည့်မရတာ ကြာပြီ"

"ဘယ်လို"

သည်တစ်ကြိမ်တွင်တော့ မျက်လုံးပြူးသွားရသူက ဦးစိတ္တ။

"ခင်ဗျားဟာ မော်ဆရာလိုလို အောက်လမ်းဆရာလိုလိုနဲ့ ရွာကို ...ကွဲပေးမယ့်လူ။ ခင်ဗျား ဘာကောင်လဲ၊ ဘာတွေလုပ်တယ်ဆိုတာ ကျုပ် အတိအကျ စုံစမ်းပြမယ်၊ သက်သေ အတိအကျရလာတဲ့တစ်နေ့ ခင်ဗျား... ဥပဒေအရ အပြစ်ဒဏ်ကောင်းကောင်းကြီး ပေးရလိမ့်မယ်။ ခင်ဗျား...



www.burmeseclassic.com

www.burmeseclassic.com



သာ လုံခြုံအောင်နေပါ၊ ခင်ဗျားနဲ့ ကျုပ် တစ်ပွဲတစ်လမ်းတော့ ကောင်းကောင်းကြီး နွှဲရမယ်ဆိုတာ ယုံကြည်လိုက်ပါ"

ဦးစိတ္တ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေသည်။

ဒူးတွေ မခိုင်တော့။ ပြိုလဲတော့မလိုရှိစဉ်…

"စိတ္တ"

နာမည်ခေါ်၍ ပြေးဝင်လာသူတစ်ဦး။ ဦးစိတ္တကို အချိန်မီ ထိန်းထားလိုက်နိုင်ပါသည်။

"ငါ့ကို အသိမပေးဘဲ ဘယ်တွေလျှောက်သွားနေတာလဲကွာ"

အဂ္ဂရာဇာက ထိုလူကို တစ်ချက်ကြည့်ကာ…

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ် ဘဝိဿ"

"ဒီလူနဲ့ ဘာတော်လဲ"

"ငယ်သူငယ်ချင်းတွေ…မိန်းမရတော့လည်း ရှေ့ဆင့်နောက်ဆင့်။ ခု ကျုပ်မိန်းမ ဆုံးသွားပြီ။ စိတ္တ ကျန်းမာရေးသိပ်မကောင်းလို့ လိုက်ဂရုစိုက်ပြီး မကြာမကြာ လာပြီး စောင့်ရှောက်ပေးနေတာ"

"ခင်ဗျားလည်း အမှုတွဲဖြစ်တော့မယ် ထင်တယ်"

"ဘယ်လို"

"ခင်ဗျား တစ်ကိုယ်လုံး အနာတွေနဲ့ပါလား။ သွား သွား ဒီလူကို ခေါ်ပြီး ထွက်သွား။ ခင်ဗျားရောဂါတွေ ကျုပ်ရွာသားတွေကို ကူးမှာစိုးရတယ်"

ထိုစကားကြောင့် ဘဝိဿ အသည်းခိုက်အောင်နာရပါ၏။ တစ်စုံတစ်ရာကို ပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် ဦးစိတ္တက လက်မောင်းကို ဆွဲညှစ်လျက်…

"ဘဝိဿ ငါတို့ပြန်မယ်"

မည်သို့ပင်ဖြစ်စေ အာဏာရှိသူ တစ်ယောက်ရှေ့တွင် သူလို အရပ်သားတစ်ယောက်က မည်သည့်အင်အားဖြင့် ရင်းပြနိုင်ပါမည်လဲ။

သူတို့နှစ်ယောက် ထွက်သွားကြသည်။

"မကြာခင်တော့ တွေ့ကြဦးမှာပေါ့ကွာ"

အဂ္ဂရာဇာ နောက်သို့ပြန်အလှည့် နန်းနန်းနွယ် ရောက်နေတာ





တွေ့သည်။

"တပ်မှူးလေး…ဦးစိတ္တအပေါ် ဘယ်လိုမြင်လဲ"

"မကောင်းဆိုးဝါးလို့ပဲ မြင်တယ်"

"ဘာကြောင့်လဲဟင်"

"နောက်တော့ အတိအကျပြောပြပါ့မယ်"

သူ ချာခနဲလှည့်ထွက်လာခဲ့သည်။

ဦးစိတ္တအပေါ် မြင်ကတည်းက ဘာကြောင့်များ မနှစ်သက်နိုင်မှန်း သူကိုယ်တိုင်လည်း မသိပါချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



| ၁၄ |

ထိုနေ့က လပြည့်နေ့။

ကောင်းကင်တစ်ပြင်လုံး မိုးသားတိမ်ရိပ်တွေ ကင်းစင်လို့နေသည်။

ကြယ်တွေက စုံစုံလင်လင်။ ပြည့်ဝန်းသော လမင်းကြီးက ထိန်ထိန်သာ ...ရက်ရှိ၏။

ကျောက်တောင်ကြီး၏ ပတ်ဝန်းကျင်တွင် ပုစဉ်းရင်ကွဲကောင်တို့၏ ...တ်သံမှလွဲလျှင် တိတ်ဆိတ်ငြိမ်သက်လွန်းလှပါသည်။

ကျောက်တောင်ကြီး၏ မနီးမဝေးတွင် အတန်အသင့် မြင့်မားသော ...င်ပင်ကြီးတစ်ပင်ရှိသည်။ သစ်ရွက်တွေနှင့် အုံ့အုံ့ဆိုင်းဆိုင်း။

သစ်ပင်ခွကြားများတွင် စောင့်ကြည့်နေသူ ၃ ဦးရှိပါသည်။

အဂ္ဂရာဇာ၊ ဒီပါနှင့် သူရ။

သည်တစ်ကြိမ်တွင်တော့ အဂ္ဂရာဇာမှာ သူတပည့်ကျော်နှ[illegible] ...ဲ လက်တွေ့ပြချင်နေမိ၏။ ထိုအခါ ခိုင်လုံသော အထောက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရလာမည်။ သုံးသပ်ချက်တွေ ပေါ်လာမည်။ ဘာဆက်လုပ်သင့်သည် ဆိုတာတွေ ရလာမည်။ ထိုအခါ ကျားသစ်ကို နှိမ်နင်းနိုင်မည့် စိတ်ကူးသစ် တွေ ရရှိနိုင်မှာ ဖြစ်သည်။

ယခုဆိုလျှင် သစ်ပင်တစ်ရှာလုံး စည်းရိုးများ ခတ်ပြီးခဲ့လေပြီ၊ အကွ မဲ့သည့်သဘော မဆောင်တော့။ စည်းမဲ့ကမ်းမဲ့ မဟုတ်တော့။

အရေးကြုံလျှင် အချက်ပြတုံးများ ခေါက်ရန်နှင့် အသင့်ဆောင်ထား သော လက်နက်များကို ကိုင်ဆောင်ကာ ရန်သူကို တိုက်ခိုက်ရန်ပင် ဖြစ်သည်။

သစ်ပင်ကြီးပေါ်မှ ကြည့်လျှင် လိုဏ်ဂူဝသို့ တည့်တည့်မတ်မတ်မြင် နိုင်သည်။ လရောင်ကြောင့် မြင်ကွင်းတို့က လင်းလင်းကျင်းကျင်း။

"ဟိုဘက်မှာ ကြည့်စမ်း···တလှုပ်လှုပ်နဲ့"

မျက်စိလျင်သော သူရက အနောက်ဘက်ဆီသို့ လက်ညှိုးထိုး သည်။

ဟုတ်သည်။

လိုဏ်ဂူဆီသို့ ဦးကည်လာနေသော ပုံတစ်ဦး။

မြက်ရိုင်းရှည်ကြီးများကြားမှ ပျောက်တစ်လှည့် ပေါ်ဝာစ်လှည့်

"ဟို မကောင်းဆိုးဝါးပဲ နေမှာ"

အဂ္ဂရာဇာက ထင်ကြေးပေးလိုက်၏။ တကယ်လည်း ဦးစိတ္တပေ

တောင်ဝှေးကို အားပြုလျှက် တောလမ်းလေးအတိုင်း တက်လ ခြင်းဖြစ်သည်။

"ဦးလှ ညဘက်ကြီး ဘာလျှောက်လုပ်နေတာလဲ"

ဒီပါက စူးစမ်းသလို မေးသည်။

"ငါ ဘယ်သိပါ့မလဲကွ···သူ့ သွားမေးကြည့်ပါလား"

သူရက လေသံဖြင့် ပြန်ပြောသည်။

"လရောင်ကို သွားငြိမ်း ရှိနိုး···မှာပေါ့"

"အဲဒါ ဘာသဘောလဲ တပ်မှူးလေး"

"ဒါတော့ ငါလည်း ရှင်းမပြတတ်ဘူး··· တချို့မော်ဆရာတွေ ဆန်းဆန်းပြားပြား အပြုအမူတွေပဲလို့ ဆိုရမှာပဲ···ရှူး တိုးတိုး နေ





ငြိ·· အသံမထွက်နဲ့တော့"

သူ သတိပေးလိုက်တော့ နှစ်ယောက်စလုံး ငြိမ်သွားသည်။

ဦးစိတ္တ ကျောက်လှေခါးထစ်များအတိုင်း တက်သွား၏။ သွက်သွက် လက်လက်ကြီးတော့ မဟုတ်။ လိုဏ်ဂူဝရောက်တော့ အတွင်းသို့ ချက်ချင်း မဝင်သေးဘဲ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သေးသည်။

စိတ်ချရမည်ထင်တော့မှ အထဲသို့ ဝင်သွား၏။

ထို့နောက် ဘာသံမှ မကြားရတော့ပေ။

"ဒီလူ ဒီမှာနေတာ (၁၀)နှစ်ကျော်ပြီလို့ ပြောတယ်"

"တရားကျင့်တယ်ဆိုတာလည်း ဖြစ်နိုင်တယ်···သူ့ပုံကို ကြည့်ပါ လား···ခုလို အေးနေတာတောင် အကျီချွတ်နဲ့···

ထိုစဉ် ဂူထဲမှ မြည်ဟိန်းသွားသော အသံတစ်သံ။

"ဝေါင်း"

ဒီပါနှင့် သူရတို့ ကြက်သီးမွေးညှင်းထသွားသည်။

"ကြားတယ် မဟုတ်လား···လူစင်စစ်က ကျားသစ်ဖြစ်သွားပြီ"

"ဟုတ်တယ်···ဟုတ်တယ်"

"ဝေါင်း"

နောက်တစ်ကြိမ် ဟိန်းဟောက်သံကြားရပြန်ပါသည်။ စောစောက ထက် ပိုမိုကျယ်သည်။

"ထူးဆန်းတာ တစ်ခုခုတော့ ဖြစ်တော့မယ်ထင်တယ်"

ပြောရှုပင် လက်စမသတ်သေး။ ဂူအတွင်းမှ အရိပ်သဏ္ဍာန်တစ်ခု ထွက်လာ၏။

"ဟ···ဟို မည်းမည်းက ဘာကြီးလဲ"

"အဲဒါ ကျားသစ်"

နည်းနည်းနောနော အကောင်ကြီးမဟုတ်။

လရောင်အောက် ရောက်သည့်အခါ အဝါရောင်အကွက်တွေ ထင်းနေသည်။ စောစောကလိုပင် ပတ်ဝန်းကျင်ကို အထဲခတ်ကြည့် သေးသည်။ စိတ်ချရမှ အောက်သို့ တဖြည်းဖြည်းဆင်းလာသည်။

လမ်းလျှောက်ပုံက ညင်သာသည်။ ခါးရှည်ကြီး


www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး လေ့ခါးထစ်အရောက် ရပ်လိုက်ပြန်သေး၏။

"ဘာလုပ်တာလဲ"

"အနံ့ခံတာနေမှာပေါ့"

"ကျွန်တော်တို့ အနံ့တွေများ ရသွားမလား မသိဘူး"

"ငြိမ်ငြိမ်နေ"

ယင်းနောက် သူတို့နှင့် ဆန့်ကျင်ဘက်အရပ်သို့ တလှုပ်လှုပ်နှင့် ထွက်ခွာသွား၏။

"ဒီကောင်ကြီးကို နိမ်နင်းချင်ရင် မြားပစ်ကျွမ်းကျင်ဖို့နဲ့ မြားကောင်းကောင်းတွေလိုတယ်...လူသားစား တိရစ္ဆာန်တွေထဲမှာ ကျားသစ်ဟာ အဆိုး သွမ်းဆုံးနဲ့ အကောက်ကျစ်ဆုံးပဲ...လျှင်မြန်ဖျတ်လတ်တဲ့ နေရာမှာလည်း နှစ်ယောက် မရှိဘူး"

အချိန်အတန်ငယ်ကြာသွား၏။

"ကျွန်တော်တို့ ဘာဆက်လုပ်မလဲ တပ်မှူးလေး"

"ဂူထဲဝင်ကြည့်မယ်"

"နောက်တစ်ကောင် ရှိနေရင်ရော"

"မရှိနိုင်ဘူး...ဒါ ငါ့စိတ်အထင်ပြောတာ...သတိဝီရိယနဲ့တော့ သွားရမှာပဲ"

ထို့နောက် သူတို့ သစ်ပင်အောက်သို့ သွက်သွက်လက်လက် ဆင်းလာကြသည်။ မားကိုယ်စီကိုင်ကာ လေ့ခါးထစ်များအတိုင်း ချွတ်နင်း၍ တက်လာခဲ့ကြ၏။ ဂူဝသို့ ရောက်ခဲ့ကြသည်။ အထဲတွင် မှောင်မှောင် မည်းမည်း။

"သူရ မီးတုတ်ထွန်းလိုက်"

"ဒီပါ...ဂူဝကနေ အပြင်ကိုစောင့်နေ"

အင္ဂရာဇာနှင့်သူရ ဂူအတွင်းသို့ ဝင်လာခဲ့ကြသည်။ သိပ်အကျယ်ကြီးတော့ မဟုတ်။ အငွေ့အသက် လှမ်းမြင်နေရသည်။

တစ်နေရာတွင် ဖျာလေးတစ်ချပ်၊ ခေါင်းအုံးလေးတစ်လုံး၊ ရေအိုးတစ်လုံး၊ စားစရာတချို့ကို တွေ့ရသည်။

နောက်...ကျားသစ်ရုပ်တုလေးတစ်ခု၊ အိပ်ရာနံဘေးတွင် ယွန်း





သေတ္တာဘူးလေးရှိသည်။ သူ ဖွင့်ကြည့်မည်ပြုခါမှ လူ့ကျင့်ဝတ်တရား မချိုးဖောက်လိုသောကြောင့် လက်ကို ပြန်ရုပ်လိုက်သည်။

"နှာခေါင်းထဲမှာ ညှီစို့စို့ အနံ့ရတယ် တပ်မှူးလေး"

"ဟုတ်တယ်...ငါလည်း သတိထားမိတယ်...ဟိုဘက်ထောင့်ကို မီးရောင်ပြစမ်း"

မီးရောင်သွားရာနောက်သို့ မျက်လုံးတွေဝေ့လိုက်ကြသည်။

"ဟော ဟိုမှာ အသားစနဲ့ အရိုးတွေ"

မှန်ပါသည်။

တောဝက်တစ်ကောင်အား သတ်ဖြတ်စားသုံးထားသည့် ဦးခေါင်းပိုင်း၊ အရိုးနှင့် အသားအစအနများ။ နောက် သွေးတွေက စိုစိုရွှဲရွှဲ။

"ဒါတွေဟာ ဒီမိစ္ဆာကောင်လက်ချက် မဟုတ်လို့ ဘယ်သူ့လက်ချက် ဖြစ်ရမှာလဲ"

"လူ့ဘဝကနေ ကျားသစ်ဘဝပြောင်းတာ ကျွန်တော် ဒီတစ်ခါပဲ ကြုံဖူးသေးတယ်"

"လောကကြီးမှာ ကိုယ်မသိနိုင်တဲ့ လျှို့ဝှက်ချက်တွေ အများကြီး ရှိနေနိုင်တာပဲ"

ထို့နောက် သူတို့ပြန်ရန် ဟန်ပြင်သည်။

ယွန်းဘူး အနက်လေးဆီသို့ လှမ်းကြည့်ကာ ဖွင့်ကြည့်လိုစိတ်တွေက ပြင်းပြလာပြန်၏။

"ပစ္စည်းတစ်ခုခုဟာလည်း နိမိတ်မာတဲ့ သက်သေဖြစ်နိုင်တာပဲ"

လှမ်းယူကာ ဖွင့်ကြည့်လိုက်သည်။

အနီရောင်ကတ္တီပါစခင်းထားသော အပေါ်တွင် စိပ်ပုတီးတစ်ကုံးမှလွဲလျှင် ဘာမျှမရှိပါ။ ထို့ကြောင့် နေရာတကျ ပြန်ထားလိုက်၏။

"ကိုင်း ထွက်မယ်"

အပြင်ရောက်သည့်အခါ

"ဒီပါ ဘာထူးခြားသေးလဲ"

"ပုံမှန်အတိုင်းပါပဲ တပ်မှူးလေး"

"သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထွက်လာစဉ်တွင် ခပ်ဝေးဝေးမှ ခွေးအ, အူသံသဲ့သဲ့ကို ကြားနေရသည်။

* * *



[ ၁၅ ]

ထိုမနက်က အဂ္ဂရာဇာ အနည်းငယ်နေမြင့်မှ နိုးလာခဲ့သည်။

လိုထ်ဂူမှ ပြန်လာပြီးနောက် သူတော်တော်နှင့် အိပ်မပျော်နိုင်။ အတွေးတွေက ဟိုရောက်သည်ရောက်။

အနရာမြို့မှ အဖေ ဦးသီလနှင့် အမေဒေါ်ဆယ်တို့ကိုလည်း လွမ်းသည်။ အထူးသဖြင့် အမေဒေါ်ဆယ်က သူ့အပေါ် သည်းသည်းလှုပ် ချစ်ရှာသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက အစစအရာရာ အလိုလိုက်ခဲ့သူ။ သူ လူပျိုပေါက်အရွယ်ရောက်လာသည့်အခါ တစ်ဆင့်စကား တစ်ဆင့်ပေါက် ကြားမှုဖြင့် မွေးစားသားမှန်း သိလာခဲ့၏။

အဖေနှင့် အမေ အကြီးအကျယ် တုန်လှုပ်သွားခဲ့သည်။

"သားလေးကို ဒီစကား ဘယ်သူပြောတာလဲ အမေ့ကို ပြောစမ်း ပြောစမ်း"

"ဘယ်သူပြောပြော⋯အရေးမကြီးပါဘူး အမေရယ်⋯ဟုတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုတာသာ ပြောပါ"

အမေ့မှာ ရင်ထုမနာဖြစ်ရသည်။ ချုံးပွဲချငိုရသည်။

အဖေ့မှာ မျက်စိပျက် မျက်နှာပျက်။ တစ်သက်လုံး မပေါ်စေလိုသော လျှို့ဝှက်ချက် ပေါ်သွားသည်မို့ အခက်တွေ့နေရ၏။

နောက်ဆုံးတော့ အမှန်တရားက အမှန်တရားပင် ဖြစ်လာခဲ့သည်။

"အီး . . . ဟီး . . ဟီး လှည်းလမ်းကြောင်းမှာ သားလေးကို ကောက်ရခဲ့တာပါကွယ် . . . ဘယ်သူ လာစွန့်ပစ်တယ်ဆိုတာ အမေတို့ တကယ် မသိရပါဘူး"

စွန့်ပစ်ခံရသူတစ်ယောက်မို့ သူ အကြီးအကျယ် ဒေါသထွက်သွားသည်။

"စိတ်ချပါ အမေ . . . သားကိုတောင် သူတို့စွန့်လွှတ်နိုင်သေးတာပဲ . . . ဘာလွမ်းလောက်စရာရှိလို့လဲ . . . ဘယ်တော့မှ မရှာသလို ကြုံခဲ့လို့တွေ့ခဲ့ရင်တောင် အသိအမှတ်မပြုပါဘူး . . . စိတ်ချပါ . . . သားဟာ အမြဲထာဝရ အဖေတို့ အမေတို့ရဲ့ သားပါ . . . ဘယ်တော့မှ မခွဲဘူးဆိုတာ ယုံပါ"

"တကယ်ပြောတာလား သားလေးရယ်"

"မလိုချင်လို့ စွန့်ပစ်သူကို သားမုန်းတယ်"

"သား တွေ့ခဲ့ရင်ရော"

"ပြောခဲ့ပြီးပြီပဲ အမေရယ် . . . ဘယ်တော့မှ အသိအမှတ် မပြုပါဘူးလို့"

ထိုအခါမှ အဖေနှင့် အမေလည်း စိတ်အေးသွားရတော့၏။

တစ်ဖန် သူ ရွှေနန်းတော်တွင် စစ်မှုထမ်းမည်ဟု ဆိုပြန်သောအခါ အမေ့မှာ အတန်တန်တားသည်။

"အမေတို့မှာ ရှိတဲ့ ဥစ္စာစည်းစိမ်တွေဟာ သားလေး (၁၀)သက်စားလို့မကုန်ပါဘူးကွယ် . . . ဘာလို့များ အန္တရာယ်များတဲ့အလုပ်ကို လုပ်ချင်ရတာလဲ"

သည်နေရာတွင်တော့ အဖေနှင့် အမေ ကွာခြားသွားသည်။

"ယောက်ျားဆိုတာ ငွေရှိရုံနဲ့ မလုံလောက်ဘူးကွ . . . ရဲစွမ်းသတ္တိနဲ့ ကိုယ်ကျင့်တရားကောင်းဖို့ လိုအပ်တယ်။ စစ်စည်းကမ်းဆိုတာ အင်မတန်





တိကျပြတ်သားပြီး အလွန်တန်ဖိုးရှိတယ် . . . ဒါကိုတော့ ကျုပ် သဘောတူတယ်ဟေ့"

"ရှင်နော် . . . ကျွန်မကို ရင်ကျိုးအောင် မလုပ်နဲ့"

"မိန်းမရယ် . . . မင်းသားကို အများအကျိုး သယ်ပိုးပြီး တိုင်းပြည်အတွက် အားထားရတဲ့သူရဲကောင်း အဖြစ် ဂုဏ်ယူလိုက်စမ်းပါကွာ"

ထိုသို့ဖြင့် စစ်မှုထမ်းခွင့် ရရှိခဲ့ပြီ။ သူ၏ ထက်မြက်မှု၊ စွမ်းရည်သတ္တိတို့ကြောင့် အချိန်တိုတိုအတွင်းမှာပင် တပ်မှူးလေးရာထူးကို ရရှိခဲ့ခြင်းဖြစ်သည်။

ရွှေနန်းတော်တွင် ရှိစဉ်က မိဘများနှင့် အနေနီးခဲ့သော်လည်း ယလို တာဝန်အရ ခွဲခွာလာရသောအခါမျိုးတွင် အထူးတလည် အောက်မေ့သတိရမိတော့၏။

နောက်တစ်ဖန်

သူ့အတွေးထဲရောက်လာသူမှာ နန်းနန်းနွယ်ပင်ဖြစ်၏။

သူ့ နှလုံးသားသည် သူမနှင့် တွေ့သည့်အခါတိုင်း ထူးထူးခြားခြား ရင်ခုန်မိသည်ကတော့ အမှန်ပင်။ သူမကို တွေ့ချင်နေတာ၊ တွေ့သည့်အခါတိုင်းလည်း ပျော်နေတတ်တာ၊ ပြီးတော့ သူမနှင့် အတူတူရှိနေသော ကာလများတွင် ကြည်နူးနေတတ်တာ . . .

ဘာကြောင့်များပါလဲ။

ထိုအရာသည်ပင် အချစ်ဖြစ်ပါသလား။ ကွဲကွဲပြားပြားတော့ နားမလည်နိုင်သေးပါ။

"ငါ . . . နန်းကို ချစ်နေမိပြီလား"

သူ မတွေးတတ်သည့်အဆုံး အိပ်ရာထက်မှ ထ,လိုက်သည်။ မျက်နှာမသစ်ခင် ပြတင်းပေါက်မှ လှမ်း၍ သိုင်းသင်နေကြသော ရွာသူရွာသားတွေကို လှမ်းကြည့်ဖြစ်သည်။ ထိုသို့ လေ့ကျင့်နေသည်မှာ (၂)ပတ်ပင် ကျော်ခဲ့လေပြီ။ ရွာသူရွာသားများမှာ ဝီရိယကောင်းကောင်းနှင့် စောစီးစွာ ရောက်လာကြသလို ဒီပါနှင့် သူရတို့ကလည်း အားကျိုးမာန်တက် တစ်ယောက်တစ်လှည့်စီ သင်ပေးနေတာ တွေ့ရ၏။

"ဟော ဟိုမှာ နန်းနန်းနွယ်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးအုပ်စုတွင် အထင်အရှားဆုံး ဖြစ်သည်။ သင်ကြားပြသမှုကို ဂရုတစိုက်ကြည့်လျက် လေ့ကျင့်နေတာတွေ့တော့ သူ ပြုံးရသေးသည်။

"သြော်…မင်းလေးက တကယ်တတ်ချင်သူလေးပဲ"

သူ အတန်ကြာ ရပ်ကြည့်ဖြစ်သည်။ တစိမ့်စိမ့်ကြည့်လေ ပိုလို့ စွဲမက်စရာ ကောင်းလေပင်။

ထို့နောက်…သူ မျက်နှာသစ်ကာ စားဖိုမှူး တည်ခင်းထားသော မနက်စာကို စားသုံးလေသည်။ အိမ်မှာနှင့်တော့ တခြားစီ။ အိမ်မှာဆိုလျှင် သူ ကြိုက်တတ်သော ဟင်းလျာများကို မထပ်အောင်ချက်တတ်သလို အမေကိုယ်တိုင် အနားမှာထိုင်လျက် အရိုးနွှင်ပေးတတ်တာ သတိရဖြစ်၏။

ခုတော့ နယ်ဝေးရပ်ခြားဒေသမို့ အဆင်ပြေသလိုသာ စားသုံးနေရသည့် ဘဝ။ အစောင့်ရဲမက်လေးတစ်ဦး ဝင်လာသည်။

"နတ်မတောင်ရွာက နယ်မြေမှူးကျော်စွာက တပ်မှူးလေးကို တွေ့ခွင့် တောင်းနေပါတယ်"

"ဘာကိစ္စရှိလို့များပါလိမ့်၊ အင်းလေ ဧည့်ခန်းဆောင်ကပဲ စောင့်နိုင်းလိုက်ပါ"

"ကောင်းပါပြီ"

သူ နံနက်စာကို ခပ်သွက်သွက်စားလိုက်ကာ ဧည့်ခန်းဆောင်သို့ ရောက်လာခဲ့၏။ ကျော်စွာက ထိုင်နေရာမှ ထ,ကာ အရိုအသေပြုသည်။

"ဘာ အရေးကြီးကိစ္စရှိလို့လဲ ကျော်စွာ…စောစောစီးစီး"

"အရေးကြီးသလားတော့ မပြောပါနဲ့တော့ တပ်မှူးလေး…အခု နတ်မတောင်တစ်ရွာလုံး ကမ္ဘာပျက်သလို ဖြစ်နေကြပြီ"

"ဘယ်လို"

"မနက် လင်းအားကြီးအချိန်မှာ ကျားသစ်ဝင်ဆွဲလို့"

"ဟေ"

ညက လှုပ်လီလှုပ်လဲ့ဖြင့် ကျားသစ်ကြီး နတ်မတောင်ရွာဘက်သို့ ထွက်သွားတာ ပြေးသတိရမိသည်။

"ဘာတွေ ဖြစ်ကုန်လဲ မြန်မြန်ပြောစမ်း"

"ပထမတော့ နွားတဲထဲဝင်ပြီး နွားပေါက်လေးကို ဝင်ဆွဲတာ…





ပိုင်ရှင်နဲ့ သူ့သားတွေက သတိဝီရိယရှိတော့ လက်နက်တွေနဲ့ ဝိုင်းခုတ်ကြတယ် … ဒါကို ကျားသစ်က ရန်လိုပြီး သားအဖသုံးယောက်ကို မဲတော့တာပဲ… အကြီးဆုံးသား သေပြီး ကျန်တဲ့ (၂)ယောက်က ကျားသစ်ကုပ်ရာခြစ်ရာ ကိုက်ရာတွေနဲ့ ဒဏ်ရာအပြင်းအထန်ရလို့ သမားတော်ပင့်ပြီး ကုနေရပါတယ်"

"တောက်"

အဂ္ဂရာဇာ အလွန်ပင် စိတ်တိုသွားလေပြီ။

အဘက်ဘက်က ဂရုစိုက်နေသည့်ကြားမှ ထိုသို့ဖြစ်ခဲ့ရခြင်းအပေါ်လည်း ရင်ထုမနာဖြစ်ရသည်။ ယခုတော့ လူတစ်ယောက်ဆုံးရှုံးရပြန်လေပြီ။ ကျန်နှစ်ယောက်ကလည်း သေမည် ရှင်မည်မသိ။

"တော်တော် ယုတ်မာတဲ့ကောင်"

သူ အပြေးအလွှားစဉ်းစားရတော့သည်။

ဘာဆက်လုပ်သင့်သလဲ…

ဘာဆက်လုပ်သင့်သလဲ…

"ရဲမက်တစ်ယောက် ဒီကိုလာစမ်းပါ"

"လာပါပြီ တပ်မှူးလေး"

"ဒီပါနဲ့ သူ့ရကို အမြန်လာဖို့ ပြောခေါ်စမ်း"

"ဟုတ်"

သိုင်းလေ့ကျင့်နေသော ဒီပါနှင့် သူ့ရ အပြေးအလွှား ရောက်လာသည်။

"ရောက်ပါပြီ တပ်မှူးလေး"

"မင်းတို့နှစ်ယောက် သန်မာဖျတ်လတ်တဲ့ ရွာသားတချို့ကို ခေါ်ပြီး အာဂုက်တောင်ဂူကိုသွား"

"ဟုတ်"

"ပြီးရင် ဟိုမကောင်းဆိုးဝါးကို မတွေ့ တွေ့အောင်ရှာ"

"ဟုတ်"

"တွေ့ရင် ဖမ်းခေါ်လာခဲ့…ဂူထဲက အရိုးအသားတွေပါ တစ်ပါတည်း ယူလာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖမ်းခဲ့ရမယ်"

"ဟုတ်တယ်···ဒီရောက်ရင် အချုပ်ခန်းထဲ ထည့်ထားလိုက်"

ဒီပါနှင့် သူရ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ပြောနေတယ်လေကွာ··· မကြားဘူးလား···ငါ ကျော်စွာနဲ့ နတ်မတောင်ကို လိုက်သွားဦးမယ်···ပြန်လာမှ အကြောင်းစုံရှင်းပြမယ်"

အဂ္ဂရာဇာ စိဝ်တိုနေမှန်း ရိပ်မိသွားပြီး သူတို့ ချက်ချင်းပင် ထွက်သွားကြသည်။

သူ ဝတ်ရုံကို လဲကာ ဓားကို ခါးတွင် စနစ်တကျ ချိတ်ဆွဲသည်။

"ကျော်စွာ သွားမယ်"

"ဟုတ်"

စံအိမ်တော်မှ မြင်းနှစ်စီးသည် နတ်မတောင်ရွာဆီသို့ ဦးတည်လျက် ဒုန်းစိုင်းထွက်ခွာသွားပါတော့၏။

* * *





[ ၁၆ ]

နတ်မတောင်ရှိ ကျားသစ်အဆွဲခံရသော အိမ်တွင် လူအုပ်ကြီးက နည်းနည်းနောနောမဟုတ်။ ဝိုင်းကြွသူ၊ ဒေါသထွက်သူ၊ အသုဘပြင်ဆင်နေသူ သမားတော်အား ဝိုင်းကူညီသူများဖြင့် လှုပ်လှုပ်ခတ်ခတ်ဖြစ်နေသည်။

သူတို့ မြင်းနှစ်စီး ထိုအိမ်သို့ရောက်သွားသောအခါ လူအုပ်ကြီးက ကပျာကယာ ရှဲပေးကြသည်။

"တပ်မှူးလေး ကိုယ်တိုင်လာတယ်"

သူ မြင်းပေါ်မှ ဆင်းလိုက်သည်။ တစ်ယောက်က မြင်းကို ဆွဲသွားသည်။

"ဘယ်တုန်းက ဖြစ်တာလဲ"

"မနက်ပိုင်း ကြက်တွန်ချိန်လောက်"

ကွက်လပ်တွင် ပြင်ဆင်ထားသောအလောင်းကို လှမ်းကြည့်သည်။

အငွေ့နှစ်ဆုံးရှိ (၃၀)ဝန်းကျင်သာသာ။ ကျောက်နှန်းနှင့် ပမ်းဗိုက်တို့တွင်



www.burmeseclassic.com

www.burmeseclassic.com



အသားတွေ လန်ထွက်နေသည်။ ညာခြေက ပြတ်လုဆဲဆဲ။

"သူ့ကို နောက်ဆုံးမှ ကိုက်ပြီး ခြေထောက်ကို ဆွဲသွားတာ။ ဒယင်္ဂတိုက်ကြီး ရွာပြင်ရောက်တယ်။ နောက်မှ ချထားခဲ့တာ"

သူ လေပူပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"ဒဏ်ရာရတဲ့ နှစ်ယောက်ကရော"

"အပေါ်မှာ ဆေးကုနေပါတယ်။ ကြွပါ တပ်မှူးလေး"

သူ အိမ်ပေါ်သို့ တက်လာခဲ့သည်။

အသက်အစိတ်ခန့်ရှိသည့် လူငယ်မှာတော့ ဆေးများလိမ်း၍ ပတ်တီးစည်းထားသည်။ သတိရနေဆဲ...

"သူ့တို့အဖေက ပိုဆိုးတယ်"

ဟုတ်သည်။

အဘိုးကြီးမှာ အမောဖောက်နေသည်။ နှာခေါင်းနှင့် အားမရဘဲ ပါးစပ်ကိုဖွင့်၍ အသက်လုရှူနေရ၏။ ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာဒဏ်ချက်တွေက အပြည့်။

"သူက ကျားသစ်ကို အရင် ရဲဒင်းနဲ့ ဝင်ခုတ်တာ"

"ဒဏ်ရာရသွားလို့ မပြီး ကိုက်တာ...နောက်မှ သူ့သားနှစ်ယောက်က ဓားတွေနဲ့ ဝင်ပိုင်းတာ"

"ကျားသစ်က တစ်ကောင်တည်းမို့လား"

"ဟုတ်ပါတယ် တပ်မှူးလေး"

အဘိုးကြီးမှာ ပါးစပ်မှ အမြှုပ်များထွက်လာသည်။ သမားတော်က ခေါင်းကို ခါယမ်းပြသည်။ မရတော့တူဆိုသည့်သဘော။ သိပ်ပင် မကြာလိုက်၊ အသက်ရှူရပ်သွားတော့၏။ မိသားစုနှင့် ဆွေမျိုးသားချင်းတွေက အော်ဟစ်ကာ ငိုကြသည်။ သူ တော်တော်လေး စိတ်ထိခိုက်ခဲ့ရပါ၏။

တပြိုင်နက်တည်းဆိုသလိုပင် ဦးစိတ္တအပေါ် မုန်းတီးမှုကလည်း ပိုမို အားကောင်းသွားသည်။

"သူ့ကိုဖမ်းပြီး အချုပ်ထဲ ထည့်ထားတာ ကျားသစ်ကို လှောင်လိုက်တာနဲ့ အတူတူပဲ"

မည်သည့်အထောက်အထားမှ မရှိသော်လည်း ယခုလို ထိန်းသိမ်း





ထားလိုက်ခြင်းသည် အများပြည်သူအတွက် အန္တရာယ်ကင်းနိုင်သည်ဟု၍လည်း သူက ယုံကြည်နေသည်။

သူက လိုအပ်တာရှိလျှင် ပြောပါဟု ဆိုသည်။

"ကျွန်တော်တို့ အလိုအပ်ဆုံးက ဒီကျားသစ်ကို သတ်ပစ်ဖို့ပဲ"

"ကျုပ်တို့ ကြိုးစားနေပါတယ်...စိတ်အေးအေးထားပါ"

"တပ်မှူးလေးတို့ကိုပဲ အားကိုးပါတယ်"

သူက ခေါင်းကို ညိတ်သည်။

"ကျုပ် ကတိပေးပါတယ်"

ကျော်စွာဘက်သို့ လှည့်၍...

"အသုဘ အခမ်းအနားအတွက် အရာရာအားလုံး အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးလိုက်ပါ...အကြောင်းရှိရင် ငါ့ဆီချက်ချင်းလာခဲ့"

"စိတ်ချပါ တပ်မှူးလေး"

"ဒါဆို ငါ ပြန်မယ်"

"ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

"နေပစေ...ကိစ္စမရှိဘူး...ဒီလမ်းဒီခရီးက ငါသွားနေကျ...ကျောက်ဂူကို သွားဖမ်းခိုင်းတဲ့ အခြေအနေလည်း ငါ သိချင်နေတယ်"

အဂ္ဂရာဇာ မြင်းပေါ်သို့ တက်လိုက်ချိန်တွင် နတ်မတောင် ရွာသူရွာသားတွေက ဦးညွှတ်ကာ အရိုအသေပေးကြပါ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



| ၁၇ |

သုခမြို့ စံအိမ်တော်ကြီး။

ခမ်းနားလှသလို ထည်ဝါလွန်းလှသည်။ အဆောင်ဆောင် အခန်းခန်းများ၊ လက်ရာမြောက်သော ပရိဘောဂများနှင့် ပန်းချီကားများ၊ အလှပြ ပန်းအိုးများနှင့် ပန်းပုရုပ်တုများ။

အနုရာဓမြို့တစ်မြို့လုံးတွင် ယခုလို ထင်ရှားသော စံအိမ်တော်မျိုး သုံးလေးလုံးထက် မပိုနိုင်ချေ။

ဒေါ်ဆယ်မှာ အပေါ်ထပ် ဝရံတာမှ အနောက်ဘက်ဆီသို့ ငေးမျှော်နေသည်။ အနောက်ဘက် တည့်တည့်တွင် သခ်ျှုချ်ရှိသည်ဟုသာ သိသော်လည်း ဘယ်ဆီဘယ်ဝယ်မှန်းမသိ။ ရော်ရမ်းချ်သာ မှန်းဆနေရခြင်းဖြစ်သည်။

သားလေး အင္ဂရာဇာမှာ ထိုရွာတွင် တာဝန်ကျနေသည်။

တစ်ကြိမ်တစ်ခါမှ ထိုကဲ့သို့ ဝေးဝေးလံလံ မခွဲခွာဖူးသဖြင့် ရက်တွေကြာလေလေ မစားနိုင် မအိပ်နိုင်ဖြစ်လေလေပင်။



www.burmeseclassic.com

www.burmeseclassic.com



သားလေးနှင့် ပတ်သက်လာလျှင် ဘာပစ္စည်း ဘာအဆောင်အယောင်ကိုမှလည်း မမက်မောလိုတော့ပါ။ သားလေးနှင့် အတူတူ နေရလျှင် အားလုံးပြည့်စုံပေပြီ။

"ဒါကြောင့်မို့ အစကတည်းက ဒီအလုပ်ကို မလုပ်စေချင်တာ"

သူမ အဆောင်အတွင်းသို့ ဝင်လာခဲ့သည်။ သားလေး မရှိသော်လည်း သားလေးအခန်းကို သူမ နေ့စဉ် သန့်ရှင်းရေးလုပ်သည်။ သားလေး ဝတ်ရုံများကို ကိုင်မိတော့ မျက်ရည်တွေတွေ ကျရသည်။

ဟော. . .ကတ္တီပါအပြာစလေး။

ထိုအရာက သားလေးနှင့် သူမ စတင်ဆုံဆည်းခြင်း အထိမ်းအမှတ်ပစ္စည်းလေး။ သားလေးကို ကောက်ယူခဲ့စဉ်က ထွေးခြုံထားသောပစ္စည်းလေး။ ကျောက်စိမ်းဆွဲပြားလေးကို သူမ သားလည်ပင်းမှ ဖြုတ်၍ သိမ်းထားခဲ့ဖူး ပါသေးသည်။ သို့သော် သားက ငြင်းဆန်ခဲ့သည်။ အမှတ်တရ ဆွဲထားပါရစေတဲ့၊ ဒါ သူ့မိဘအရင်းတွေအပေါ် သံယောဇဉ် မကုန်သေးတာလား။ ဒါမှမဟုတ်. . .

သူ့မိဘတွေနှင့် ပြန်ဆုံအောင် သက်သေအဖြစ် ရှိစေချင်တာလား။ သူမ တရှိုက်ရှိုက် ငိုကြွေးရပြန်ပါ၏။

"မင်း ဒီလိုပဲ နေ့တိုင်း ငိုနေတော့မှာလား မိန်းမရယ်"

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော ဦးသီလ။

"ငိုမယ်. . .ငိုမယ် သားလေး ပြန်မရောက်မချင်း ငိုနေမှာပဲ"

"အချိန်တန်တော့ ပြန်လာမှာပဲကွယ်"

"အဲဒီအချိန်က ဘယ်တော့လဲ. . .ရှင်ပြောနိုင်လို့လား"

"ငါ ရွှေနန်းတော်က စစ်သူကြီးကို မေးကြည့်ပါဦးမယ်"

"ရှင်ပြောရင် ခဏ ခဏ မေးနေတာပဲ"

"သူတို့လည်း တိုင်းရေး ပြည်ရေးတွေနဲ့ အလုပ်ရှုပ်နေလို့ပါ. . .ကဲ ကဲ ထမင်းစားကြရအောင်"

"ဟင့်အင်း မစားချင်ဘူး. . .ဘာဆို ဘာမှ မစားချင်ဘူး"

"ဒီလို မလုပ်နဲ့လေ. . .ဘာမှ မစားမသောက်ရင် လဲသွားမှာပေါ့. . .တို့အသက်တွေက ငယ်တော့တာ မဟုတ်ဘူး"





"မစားချင်တာ အတင်းစားခိုင်းလို့ ရပါ့မလား"

"ဟူး. . .ခက်တယ် မိန်းမရယ်"

သူဌေးကြီး ဦးသီလ ဇနီးသည်ကို ပြောမရသောကြောင့် အကြီးအကျယ် စိတ်ညစ်နေသည်။

"ကျွန်မ သားလေးကို သွားတွေ့ချင်တယ် ဦးသီလရယ်"

"ပြောပြန်ပြီ ဒီစကား"

ယခင်က သုံးလေးကြိမ်မက ပြောခဲ့ဖူးသည်။ ဦးသီလက ခွင့်မပြုခဲ့။

"ကျွန်မ လွမ်းနာကျပြီး သေသွားမှာနော်"

သည်တစ်ခါ ခြိမ်းခြောက်မှုက နည်းနည်းတော့ ကြမ်းလာသည်။

"သားလေး တာဝန်ကျတဲ့နေရာက ဘယ်လောက်ဝေးတယ်ထင်လဲ၊ နယ်စပ် အစွန်အဖျားမှာ၊ သုတ္တန်မြစ်နံဘေးမှာ၊ ဟိုဘက်ဆို တခြားနိုင်ငံရောက်သွားပြီ၊ ခရီးက ကြမ်းသလို လမ်းမှာ သူပုန် ဓားပြတွေက ပေါမှပေါ"

"ကျွန်မတို့မှာ ငွေတတ်နိုင်တာပဲ. . .ကြေးစားသိုင်းသမားတွေ ခေါ် သွားမှာပေါ့"

"ငါ့မှာ စီးပွားရေးတစ်ဖက်နဲ့ ဒီမှာ ငါ မရှိရင် ဘယ်နည်းနဲ့မှ မဖြစ်ဘူးဆိုတာ မင်းအသိ"

"ရှင်မပါလည်း ကျွန်မနဲ့ အဖော်တွေ ရှိတာပဲ"

"ငါ မပါဘဲ မင်းတစ်ယောက်တည်း ဘယ်လိုလွှတ်ရက်ပါ့မလဲကွာ"

"ဒါတော့ ရှင် သက်သက် အကျပ်ကိုင်တာ. . ဘယ်လိုမှ သွားလို့မရအောင် ပြောနေတာ"

"ထင်ချင်သလို ထင်တော့ကွာ"

ဦးသီလ အခန်းအပြင်သို့ ထွက်သွားသည်။

သူမမှာ အော်ဟစ်ငိုကာ ကျန်ခဲ့၏။

သည်လိုနှင့် တစ်ပတ်ခန့် ကြာသွားသည်။

သူဌေးကတော် ဖွဲကြီးမှုက အတိုင်းထက် အလွန်ပင်။ ဘယ်လိုပင် ဖျောင်းဖျနားချ၍ မရသည့်အဆုံး. . .

"မင်း အစာစားရင် ငါ သွားခွင့်ပြုမယ်"

"ရှင် တကယ်ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါကွာ . . . တကယ်ပါ"

တစ်ဖက်က လက်လျော့လိုက်သည်နှင့် တစ်ဖက်က ပျော်ရွှင်မှုမှာ အတိုင်းအဆမရှိခဲ့။ ချက်ချင်းပင် လူမမာပုံစံပေါက်နေသည့် ဒေါ်ဆယ် ပြန်လည်တက်ကြွလာသည်။ အာမြုံးစွာ အစားအစာတွေ စားသည်။

"ငါမှာတာတွေတော့ မလွဲမသွေ လိုက်နာရမှာနော်"

"စိတ်ချ"

ဦးသီလမှာ အကျော်အမော် ကြေးစားသိုင်းသမား(၂)ဦးကို ငှားလိုက်သည်။ အချွေအရံလေးဦးကိုလည်း သူမနှင့်အတူ လိုက်စေသည်။ လိုအပ်သော ပစ္စည်းများတင်ရန် မြင်းလှည်းတစ်စီးနှင့် သူမတို့အတွက် နစ်စီး။ စုစုပေါင်း သုံးစီး။ တကယ့်ကို တယောင်တဆောင်ပင်။

သားလေးအတွက် သတိရတိုင်း ဝယ်ခြမ်းရသည့် ပစ္စည်းကိုက မနည်း။ စားဖွယ် သောက်ဖွယ်နှင့် လက်ဆောင်ပစ္စည်းတွေက စုံစုံလင်လင်။ ယင်းသို့ဖြင့် . . .

တစ်ခုသော လပြည့်နေ့ မနက်အရုဏ်ကျင်း၍ အလင်းရောက်ချိန်တွင် သူမတို့၏ ခရီးစဉ်ကို စတင်ခဲ့ပါတော့၏။

* * *





[ ၁၈ ]

အဂ္ဂရာဇာ သခ်ပ္ပရွာရှိ စံအိမ်တော်ရုံးခန်းသို့ ရောက်သည့်အခါ ခြံဝတွင် လူစုလူဝေးတချို့ကို မြင်နေရ၏။

မြင်းစီးလာသော အဂ္ဂရာဇာကို မြင်သောအခါ သေးတစ်ဖက် တစ်ချက်စီသို့ မသိမသာ ခွဲလိုက်ကြသည်။

ခြံအဝင်တွင် မြင်းကို ရပ်လိုက်ပြီး

"ခင်ဗျားတို့ ဘာဖြစ်ကြလို့လဲ"

မည်သူတစ်ဦးတစ်ယောက်မှ တုတ်တုတ်မျှ မလှုပ်ပါ။

"ကျုပ် မေးနေတယ်လေ"

အသံထွက်မလာ။

တံခါးစောင့်ရဲမက်က တံခါးဖွင့်ပေးပြီး

"ဦးစိတ္တကို ဘာအပြစ်ရှိလို့ ဖမ်းလဲ သိချင်လို့တဲ့"

"ဒီပါနဲ့ သူရတို့ ပြန်ရောက်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရောက်နေပါပြီ"

ကိုလို့ဆိုလျှင် ဦးစိတ္တက အချုပ်ခန်းထဲရောက်နေတာ သေချာနေပြီ။

သည်လူတွေက ဦးစိတ္တကို ကြည်ညိုသူတွေဖြစ်ကို ဖြစ်ရမည်။

အဖြေမတတ်လျှင် သဘောထား ကွဲလွဲသွားနိုင်၏။

"ကျုပ် ကျားသစ်ကိစ္စနဲ့ ပတ်သက်ပြီး မေးစရာ မြန်းစရာလေးရှိလို့ ခဏခေါ် နိုင်းလိုက်တာပါ...ပြီးရင် ပြန်လွှတ်ပေးမှာပါ"

"ကျားသစ်နဲ့ သူတော်စင် ဘယ်လိုပတ်သက်လို့ပါလဲ တပ်မှူးလေး"

တစ်ယောက်က မေးလိုက်ခြင်းဖြစ်သည်။

"သူက တောထဲမှာ ဆိုတော့ ကျားသစ်နဲ့ ကြုံကောင်းကြုံနိုင်တယ်။ ခုလည်း... နတ်မတောင်မှာ ကျားသစ်ဝင်ဆွဲလို့ လူ(၂)ယောက်သေပြီး တစ်ယောက်က ဒဏ်ရာရတာ ခင်ဗျားတို့ သိပြီးပြီလား"

"သိပြီးပါပြီ"

သတင်းက ချက်ချင်းပင် ပျံ့နှံ့သွားပါပြီကော။

"ဟုတ်ပြီ..နောက်နောင်ဆိုရင် ဒီကျားသစ်ဟာ ပိုပြီး အတင့်ရဲလာတော့မယ်..ဒါကြောင့် ကျားသစ်နေထိုင်ရာ ကျက်စားရာတွေကို အပူတပြင်း စုံစမ်းရတော့မယ်...ဒီအချက်အလက်တွေကိုသိဖို့ ဦးစိတ္တကို ခေါ် နိုင်း လိုက်တာ"

"လူကို ခေါ်တဲ့အခါ တရားခံခေါ်သလို ကြိုးနဲ့တုပ်ပြီး ခေါ်လာတာလဲ လား"

လူအုပ်အတွင်းမှ တစ်ယောက်သော သူမေးလိုက်ခြင်းဖြစ်သည်။ မေးသောသူကို ဆတ်ခနဲကြည့်လိုက်သည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"ဘဝိဿ"

မြင်ဖူးသလိုလိုရှိ၍ ပြန်စဉ်းစားလိုက်သောအခါ ဦးစိတ္တ လွယ်အိတ်ကို စစ်ဆေးစဉ်က နောက်မှလိုက်လာသော ငယ်သူငယ်ချင်းဆိုသူ

"ဒါကတော့ လုပ်ထုံးလုပ်နည်းအရ မို့လို့ပါ"

သူ စကားဆက်မပြောတော့ပါ။ မြင်းကိုစီးလျက် ခြံတွင်းသို့ ဝင်လာလိုက်သည်။ ခြံဝင်းတံခါးပြန်ပိတ်သွား၏။





သူ စံအိမ်တော်ရှေ့ရောက်သည့်အခါ ဒီပါနှင့် သူရက အသင့်စောင့် နေကြသည်။

"အားလုံး အဆင်ပြေခဲ့ပါတယ် တပ်မှူးလေး"

မြင်းပေါ်မှ ဆင်းလိုက်၏။

"အလွယ်တကူပဲလား"

"ကျောက်ဂူထဲမှာ အဆင်သင့်တွေ့တာပါ"

"အသာတကြည်ရော လိုက်ခဲ့ရဲ့လား"

"လိုက်ခဲ့ပါတယ်"

"ခု ဘယ်မှာလဲ"

"အချုပ်ခန်းထဲမှာ"

သူ ခေါင်းကို အသာညိတ်လိုက်၏။

"သူ့ပစ္စည်းတွေအားလုံး သိမ်းလာခဲ့တယ်"

"ဘာတွေလဲ"

"ယွန်းဘူးနဲ့ ကျားသစ်ရုပ်ထု"

"ဆိုင်တော့ မဆိုင်ဘူး...အင်းလေ ယူလာပြီးတော့လည်း ဘာတတ်နိုင်မှာလဲ..တစ်နေရာရာမှာ ထားလိုက်ပါ..မင်းတို့လုပ်စရာရှိတာ ဆက်လုပ်"

သူတို့နှစ်ယောက် ထွက်သွားပြီး အဂ္ဂရာဇာတစ်ယောက်တည်း စံအိမ်တော် အနောက်ဘက်သို့ ထွက်လာခဲ့၏။

စံအိမ်တော်အနောက်တွင် အခိုင်အမာဆောက်ထားသော အချုပ်ခန်းရှိသည်။

အစောင့်ရဲမက် သူ့ကို အရိုအသေပြုသည်ကို မမြင်နိုင်တော့။

အချုပ်ခန်းအတွင်းသို့ လှမ်းကြည့်လိုက်၏။

တပလ္လင်ခွေထိုင်နေသော ဦးစိတ္တ။ လက်နှစ်ဖက်က ဒူးပေါ်တင် လျက်။ မျက်လုံးတွေက ကြမ်းပြင်ပေါ် စူးစိုက်ကြည့်နေသည်။

ဖြူဖြူဖွေးဖွေး ဆံပင်တွေက ရှုပ်ထွေးနေသည်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေက ရှုပ်ရှုပ်ပွပွ။ ပါးရိုးများကျကာ အရင်ထက် ပိုပိန်သွား သည်ဟု ခန့်မှန်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အချုပ်ခန်းတစ်ဖက်မှ မတ်မတ်ရပ်လိုက်သည်။

"ခင်ဗျားအကြောင်း ခင်ဗျား သိပါတယ်နော်"

နည်းနည်းလေးမှ မလှုပ်။ တစ်ခွန်းတစ်လေမှ ပြန်မပြော။

"လူတစ်ပိုင်း ကျားသစ်တစ်ပိုင်းဘဝနဲ့ အားလုံးကို ဒုက္ခလိုက်ပေးနေတာ ခင်ဗျားကြီးပဲ"

ဒေါသစွက်နေသောအသံ။

"ပြောစမ်းပါဦး・・・ ခင်ဗျား ဘာရည်ရွယ်ချက်တွေနဲ့ အခုလိုလုပ်နေရတာလဲ・・ခင်ဗျားနောက်ကို လိုက်ချောင်းကြည့်ခဲ့တာ နှစ်ခါရှိသွားပြီ။ ပုပ္ပနွေးနွေးဆို မနေ့ညကပဲ။ သန်းခေါင်ကျော်ကြီး ခင်ဗျားပြန်လာတယ်။ ဂူထဲဝင်သွားတယ်။ နောက် ကျားသစ်ဘဝပြောင်းသွားပြီး နတ်မတောင်ဘက်ကို ထွက်သွားတယ်။ မိုးလင်းခါနီးတော့ ဒုက္ခပေးတော့တာပဲ။ အဲဒီ ခင်ဗျား အပြစ်ရှိသလား မရှိဘူးလား ပြော"

ပြောရင်း ပြောရင်း စိတ်တိုလာသည်မို့ အသံတွေ ဟိန်းထွက်လာသည်။ ဦးစိတ္တမှာ ကျောက်ရုပ်တစ်ရုပ်လိုရှိနေဆဲ။

"ဟော့လူ ကျုပ်မေးနေတာ မကြားဘူးလား"

တစ်လုံးမှ ပြန်မပြော။

"ခင်ဗျား တော်တော်ယုတ်မာတဲ့လူဗျာ။ ခင်ဗျားကြောင့် အားလုံး စိတ်ဓာတ်တွေ ပျက်ပြားပြီး ဆင်းရဲဒုက္ခ ရောက်နေကြရပြီ။ ကောင်းပြီလေ・・ ခင်ဗျား မနေနိုင်လို့ ကျားသစ်ဘဝပြောင်းလည်း ဒီအထဲမှာပဲ ပြောင်းတော့။ ဒီသံတိုင်တွေဟာ ကျားသစ်တစ်ကောင်အတွက်တော့ လောင်ထားလို့ ရနိုင်တဲ့ နေရာပဲ။ ခင်ဗျားကြိုက်သလို လုပ်နိုင်တယ်။ သက်သေအထောက်ထား ခိုင်လုံရင်တော့ ခင်ဗျားကို ဥပဒေအရ အရေးယူမယ်။ ပြီးရင် အသေစား သေစေရမယ်"

တစ်ချက်လေးမျှပင် သူ့ကို ဝံ့မကြည့်။

ဒေါသကြောင့် သံတိုင်များကို တဖြောင်းဖြောင်းပုတ်ကာ လှည့်ထွက်လာခဲ့သည်။ အစောင့်ရဲမက်အား・・・

"သူ့ကို တစ်ချိန်လုံး စောင့်ကြည့်နေ။ ထူးခြားရင် ချက်ချင်း သတင်းပို့"





"ဟုတ်"

သူ ညှော်ခန်းဆောင်ဘက်သို့ အရောက် မမျှော်လင့်သော လူတွေကို တွေ့လိုက်ရသည်။

"ဟင် ဒေါ်လေးစော"

မိဘများ စံအိမ်တော်တွင် တစ်သက်လုံး တာဝန်ထမ်းဆောင်လာသည့် အထိန်းတော်ကြီး။ သူ့မလက်ပေါ်တွင် အဂ္ဂရာဇာ ကြီးပြင်းလာရသူ။ ဒေါ်လေးစော အပါအဝင်အားလုံး အစေအပါး (၃)ယောက်။ တုန်တုန်ယင်ယင် ဖြစ်နေကြသောကြောင့် သူ အထိတ်တလန့်ဖြစ်ရသည်။

"သားလေး အဂ္ဂ"

သူ့ကိုမြင်တော့ ပြေး၍ ဖက်ခါ ငိုပါလေတော့၏။

"ဒေါ်လေးစော ဘာဖြစ်လို့လဲဗျာ・・・ ပြောစမ်းပါဦး"

"အမလေး သားရဲ့・・・ကိုယ်ကျိုးနည်းပါပြီ"

"ဘယ်လို ကိုယ်ကျိုးနည်းတာလဲ・・ကျွန်တော့်ကို မြန်မြန်ပြောပါဦး"

"သခင်မကြီးလေ မင်းကို သိပ်တွေ့ချင်လွန်းလို့ ဒီကိုအလာ လမ်းမှာ လမ်းမှာ・・・"

"အမေ ဟုတ်လား・・・လမ်းမှာ ဘာဖြစ်လဲ မြန်မြန်ပြောပါ"

အမေဆိုသောကြောင့် သူ့ခေါင်းတွေ ဆူပွက်သွားရသည်။ နားထင်ကျောတွေ ထောင်တက်သွားရ၏။

"လမ်းမှာ ပြန်ပေးဆွဲခံရတယ်"

"ဗျာ"

သူ့ခန္ဓာကိုယ် တောင့်တောင့်ကြီး ဖြစ်သွားရ၏။ ရင်ဘတ်တစ်ခုလုံးထည်း နိမ့်ချည် မြင့်ချည်။

"ဘယ်သူခေါ်သွားတာလဲ"

ကြိတ်မနိုင် ခဲမရစွာ မေးလိုက်ခြင်းပင်။

"ဓားပြခေါင်းဆောင် မိုလ်ယက္ခ"

"တောက်・・・ဒင်းက လက်စားပြန်ချေတဲ့သဘောပဲ"

"အစီအစဉ်ဆွဲပြီးရင် အနုရာဓော သူ့မြို့စံအိမ်ကို ဘယ်[illegible]

ရွေးရမယ်ဆိုတာ စာပို့လိုက်မယ်တဲ့・・သတင်းပေါက်ကြားရင် သ[illegible]

www.burmeseclassic.com



တဲ့…"

"အလာတုန်းက ဘယ်သူတွေပါလဲ"

"ကြေးစားသိုင်းသမား နှစ်ယောက်၊ သူတို့လက်ချက်နဲ့ သေပြီ။ ချွေရံတော်တစ်ဦးကတော့ သခင်မကြီးနောက်ပါသွားတယ်၊ ပစ္စည်းတွေ အားလုံး သူတို့ယူသွားတယ်"

"တောက်…မိုက်ရိုင်းတဲ့ကောင်တွေ"

မီးတောက်နေသော ခေါင်းကို ဖြည်းဖြည်းချင်း ငြိမ်းသတ်လိုက်သည်။ သတိကိုကပ်ကာ အပြန်ပြန်အလှန်လှန် စဉ်းစားသည်။ အချိန်ဆွဲနေ၍တော့ မဖြစ်ပါ။ ဗိုလ်ယကွတို့ ပင်မစခန်း သုပ္ပနန္ဒိနှင့် (၈)မိုင်ခန့်အကွာတွင်ရှိကြောင်း သူသိရှိထားသည်။ လက်ရှိ စစ်သည်အင်အားနှင့်တော့ ဘယ်လိုမှ မလောက်။ ထို့ကြောင့်…

"ဒီပါကို မြန်မြန်ခေါ်လိုက်စမ်း"

"ဟုတ်"

ဒီပါ အပြေးတစ်ပိုင်း ရောက်လာသောအခါ အကျိုးအကြောင်း ရှင်းပြပြီးသည့်နောက်…

"မင်း ရွှေနန်းတော်ကို ခု ချက်ချင်းသွား … စစ်သူကြီးကို ဝင်တွေ့။ ဖြစ်ကြောင်းကုန်စင်ကို သေသေချာချာပြော … စစ်သည် (၂၀)ကို လွှတ်ပေးဖို့ တောင်း… လက်ရွေးစင်တွေချည်းပဲနော်… ဒီအထိ ပြန်မလာနဲ့တော့… လာမယ့် လဆန်း (၇)ရက်နေ့ သုပ္ပနန္ဒိမှာ ဆုံမယ်…ဒီဘက်ကလည်း ရသမျှ သိုင်းသမားတွေ စုစည်းထားလိုက်မယ်…ပိပိရိရိရှိပစေနော်…တစ်ချက်လေး အလွဲအချော်မရှိစေနဲ့…လွဲလိုက်တာနဲ့ အမေ့အသက်ဆုံးရှုံးမှာ…သူတို့ စခန်းကို ညပိုင်းဝင်တိုက်မယ်…ပြောတာ ရှင်းပါတယ်နော်"

"ရှင်းပါတယ်"

"ဘာမေးစရာရှိသေးလဲ"

"မရှိပါဘူး"

"ဒါဆို သွားလို့ရပြီ"

"ဒေါ်လေးစောတို့ ဒီမှာပဲနေ…အားလုံး လုံခြုံစိတ်ချရတယ် အဖော်ရအောင် ရွာထဲက အမျိုးသမီးတွေ ခေါ်ထားပေးမယ်"

"သခင်မကြီးအတွက် အရမ်းစိတ်ပူတာပဲ သားလေးရယ်"

"ကျွန်တော်လည်း အသည်းတွေ ကြွေလုမတတ် ခံစားရပါတယ် ဒေါ်လေးစောရယ်"

သူ့ ကုလားထိုင်ပေါ် နောက်မှီလှန်ကာ ခေါင်းကိုမော့လျက် မျက်လုံးကို တင်းတင်းစေ့ ပိတ်ထားမိသည်။

* * *





www.burmeseclassic.com

www.burmeseclassic.com



[ ၁၉ ]

လဆန်း(၇)ရက်နေ့မို့ လခြမ်းလေး၏ လင်းပမှုအင်အား သိပ်မကွမ်းသာသေး။ သူတို့ တောအုပ်အတွင်းသို့ တော်တော်ဝင်ရသည်။ နေ့လယ်ပိုင်းက တစ်ခေါက် စနည်းနာထားသော စစ်သည်များကြောင့် တိုးဝင်ရာ လမ်းကြောင်းတို့မှာ သိပ်အခက်အခဲမရှိလှ။

သို့သော် နယ်မြေ မကျွမ်းကျင်မှု၊ မီးရောင်မပါမှုတို့ကြောင့် **ခလုတ်**ကသင်းများ ဝင်တိုက်မှု၊ ဆူးခြုံများ ဝင်တိုးမိမှုတို့ဖြင့် ဒဏ်ရာ **အနာတရ** ရတာမျိုးတော့ ကြုံရသည်။

သူတို့ အဖွဲ့သားတွေအားလုံး အပေါ်အောက် **ကိုယ်ထည်** အနက်ရောင်တို့ကို ဝတ်ဆင်ထားကြသည်။

ထို့အပြင် ခေါင်းစွပ်အနက်များလည်း ကိုယ်စီ။

တောအုပ်အတွင်းသို့ နှစ်မိုင်ခန့်ဝင်ရသည်။

အးပြမ်များ စခန်းချရာ နေရာမှာ တောင်ကမူအမြင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



တည်ရှိသည်။ အုတ်တံတိုင်းဖြင့် အခိုင်အမာကာရံထားသည်။

မြေပုံအရဆိုလျှင် ထိုနေရာမှာ နယ်စပ်ဟု ဆို၍ရသည်။ အုပ်ချုပ်ရေး အလှမ်းကွာဝေးသောနေရာ။ ဘယ်လို ဒုစရိုက်မျိုးမဆို ပြုလုပ်သောနေရာ။ သူတို့က ပီမွန်မျိုးနွယ်စုဝင်တွေ။ စရိုက်ကြမ်း၊ အပြုအမူကြမ်း၊ စိတ်ထားကြမ်း သူတွေ။ သူတို့က ရီယန်မျိုးနွယ်စုဆိုလျှင် အမြဲဒုက္ခပေးရမှ ကျေနပ်နေသူတွေ။

သူတို့ အုပ်ရိုးအနားသို့ ရောက်လာကြသည်။

ပထမဦးဆုံး အုတ်ရိုးတစ်ဖက်သို့ ဝင်မည့်သူများက အဌရာဇာ၊ ဒီပါနှင့် သူရတို့ပင်။

နောက်လူတွေက စီစဉ်တိုင်ပင်ထားသည့်အတိုင်း အခြေအနေ ကြည့်၍ တစ်သုတ်ပြီး တစ်သုတ်။

အချက်ပေးလိုက်သည်နှင့် သူတို့(၃)ဦး အုတ်ရိုးအနားသို့ ပြေးကပ်သွားကြသည်။ အခြေအနေတစ်ချက် နားစွင့်လိုက်ပြီး သံဆူးချိတ်ကိုယ်စီ ထုတ်လိုက်ကြ၏။

“ဒုတ်” “ဒုတ်” “ဒုတ်”

ချိန်သားကိုက်လျက် တညီတညာပင်။

လက်များက ကြိုးကို အသုံးပြုကာ ခြေထောက်များက နံရံကို ယက်ထုတ်လျက် အပေါ်သို့ လျင်မြန်စွာတက်ခဲ့ကြသည်။

အပေါ်ရောက်သည်နှင့် တစ်ဘက်သို့ ကိုယ်ကိုဖော့ကာ ခုန်ချလိုက်၏။ ကြိုးတွေကိုတော့ သည်အတိုင်း ထားခဲ့သည်။

သူတို့ နံရံကို ကျောကပ်လျက် ခြံတံခါးဝင်ပေါက်ဆီသို့ တဖြည်းဖြည်း လှမ်းလာခဲ့ကြ၏။

ဂိတ်ဝတွင် သစ်သားတဲလေးတစ်လုံး ဆောက်ထားသည်။

အတွင်းမှ မီးရောင်ပျပျကို မြင်နေရသည်။

အထဲတွင် အရက်သောက်နေကြသော စားပြအစောင့်(၃)ယောက်။ ရုပ်ရည်တွေက ကြမ်းတမ်းသလို ခန္ဓာကိုယ်ကြီးတွေက တုတ်ခိုင်လှ၏။

“ကျုပ်တို့ ဆရာကြီးတော့ ဒီတစ်ခေါက် မြိန်မြိန်ယှက်ယှက်ကို စားရတော့မှာ···အွတ်”





တစ်ယောက်က အရက်ခွက်ကို မော့ပြီး ထိုသို့ဆိုသည်။

“သုခမြို့က တော်တော်ချမ်းသာလား”

“မင်းတော်တော် အသုံးမကျတဲ့ကောင်··သုခမြို့တောင် ချမ်းသာသလား ဘာလားနဲ့”

“မှတ်ထား··· အနုရာဓမှာ အချမ်းသာဆုံးစာရင်းဝင် ငါးဦးထဲမှာ တစ်ဦးပဲ”

“ဆရာကြီးက ဘယ်လောက်တောင်းမယ် မသိဘူးနော်”

“ပေါ့သေးသေးတော့လုပ်မှာ မဟုတ်ဘူး···အချိုကြီးတောင်းမှာ”

“မင်း ဟိုမိန်းမကြီးကို ထမင်းသွားပို့ပြီးပြီလား”

“ညနေ စောင်းကတည်းက ပို့တာ···ဘာပို့ပို့ မစားတော့ နောက်ဆုံး ငါပဲ ကြိတ်လိုက်တာပဲဟေ့”

“သေသွားပါဦးမယ်ကွာ···သေလို့တော့ မဖြစ်ဘူး”

“မိန်းမကြီးဘေးက ကောင်မလေးက အပျိုစားလေးနော့··ငါဖြင့် ရောက်စကတည်းက အသည်းကို ယားနေတာ··အခြေအနေပေးရင်တော့ တစ်ချီတစ်မောင်း ဝင်နွှဲလိုက်ချင်ပါ့မောင်···ဟား ဟား”

“မြေတိုက်ထဲမှာဆိုတော့ သူတို့အေးရာမှာပဲ”

“မြေတိုက်ထဲကို မီးဖိုဆောင်က ဝင်ရတာလည်း တစ်ဒုက္ခ··· မိန်းမက ချက်ပြုတ်နေတာကိုး··· ငါဝင်သွားတိုင်း မျက်စောင်းတခဲခဲနဲ့”

“မိန်းမတွေက ဒီလိုပါပဲ”

“အွတ်”

“အု”

“အင့်”

ပြော၍ပင်မဆုံးသေး၊ ဓားမြှောင် သုံးချောင်းက သူတို့၏ ဝမ်းဗိုက်များနှင့် ကျောပြင်များဆီသို့ နစ်မြုပ်ဝင်ရောက်သွားသည်။ အသက်ထွက်ခြင်းမှာ မြန်ဆန်လှပေ၏။

“ဟိုကောင့် ခါးက သော့ယူပြီး ခြံတံခါးကို ဖွင့်လိုက်··· ပြီးရင် အပြင်ကလူတွေ အချက်ပြ”

သူရ၏ သွက်လက်မှုက လျင်မြန်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ အထဲအရင်ဝင်မယ်"

ခြံဝင်းကြီးထဲတွင် အဆောင်တွေက များလှသည်။

စောစောက သဲလွန်စတစ်ခု ရလိုက်သည်။ စားဖိုဆောင်က ဝင်ရသည့် မြေအောက်ခန်း။

စားဖိုဆောင်ဆိုတော့ စံအိမ်တော်ကြီးအတွင်းတွင်တော့ မဖြစ်နိုင်။ မနီးမဝေးရှိ အဆောက်အဦးငယ် တစ်ခုခုသာ ဖြစ်ရမည်။

"ဒီဘက်ကိုလာ"

အဆောက်အဦးငယ်များကို တစ်လုံးပြီးတစ်လုံး လိုက်လံစူးစမ်းကြည့်သည်။

စံအိမ်ကြီးထဲတွင် မီးလင်းနေသလို အစောင့်တွေကိုလည်း တွေ့နေရသည်။ ဝတ္ထုရားအရ ဟိုလျှောက် သည်လျှောက်သဘောမျိုး။ သတိစိုရိမ်ရှိပုံလည်းမပေါ်။

"ဟော့ ဘယ်သူလဲ"

တစ်နေရာမှ ဘွားခနဲပေါ်လာသော အစောင့်တစ်ဦး။

သည်လိုနေရာမျိုးတွင် ဒီပါ့လက်က သွက်သည်။

"ဒုတ်"

"အု"

လည်ပင်းဆီသို့ ရောက်သွားသော ဓားမြောင်တစ်ချောင်း။ အသံပင် သိပ်မထွက်နိုင်။

ထို့နောက် သူတို့ ဆက်လှုပ်ရှားလိုက်၏။

"ဒီအခန်းမှာ ဆေးခြောက်တွေ"

"ဒီအခန်းမှာ သေရည်တွေ"

နောက် အဆောက်အဦးဆီသို့ ကူးလိုက်ပြန်သည်။

"ဟော့ ဘယ်သူတွေလဲ...ရပ်လိုက်စမ်း"

ကင်းလှည့်အစောင့်နှစ်ယောက်။

ဒီပါနှင့် သူ့ရ ဓားရှည်တွေကို ထုတ်ကာ ရန်သူကို တိုက်ခိုက်သည်။ လှုပ်ရှားသံတွေ ဓားသံတွေ စ,တင်လာခြင်းက မကောင်းသော လက္ခဏာပင်

"ချွင်" "ချွင်"





အချိန်သိပ်မရှိတော့။

"ဟင် ဒီအခန်းမှာ အသားနဲ့ ဟင်းသီးဟင်းရွက်တွေ"

လုပ်ခနဲ ဝမ်းသာသွားသည်။ မလွဲမသွေ စားဖိုခန်းဖြစ်ရမည်မို့ပင်။ အထဲသို့ ဝင်သည်၊ ဆီမီးတိုင်ထွန်းသည်။

မြေအောက်လှေခါး အတက်အဆင်း ပြုလုပ်တတ်သည့် နေရာများကို ကမန်းကတန်းရှာသည်။

တော်တော်နှင့် ရှာမတွေ့နိုင်။

အပြင်တွင် အော်ဟစ်သံတွေ ဆူဆူညံညံကြားလာရပြီ။

သူတို့အဖွဲ့နှင့် စားပြအဖွဲ့ရင်ဆိုင်တွေ့ကုန်ကြသည်မှာတော့ သေချာ

"ဟူး အရေးထဲ"

သူ တော်တော်စိတ်ညစ်သွားသည်။

"ဟော တွေ့ပြီ"

တွေ့မည့်တွေ့တော့ အလွယ်လေး။ ပန်းကန်စင်များထားရာ ...က်မှ အံထိုးတံခါး။

အလျှင်အမြန် ဖွင့်သည်။

လှေခါးထစ်များအတိုင်း ဆင်းသည်။

မြေအောက်အခန်းဆိုသော်လည်း ကျယ်ကျယ်ဝန်းဝန်းရှိပါ၏။

လှေခါးထစ်ဆုံးတော့ အခန်းထောင့်မှ ကွပ်ပျစ်ပေါ်တွင် ငုတ်တုတ် ...င်နေကြသော အမေနှင့် အစေခံမလေးတစ်ယောက်။

"အမေ"

အမေ ချက်ချင်းအသံကို မမှတ်မိ။ ငေးကြောင်ကြောင်ဖြစ်နေသည်။

"ကျွန်တော် အဂ္ဂရာဇာလေ အမေ"

ပြောပြောဆိုဆို အနီးသို့ ပြေးသွားကာမှ

"အမလေး...သားလေးရဲ့"

သူက အမေ့ကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်၏။

"အမလေး ဘုရား ဘုရား...ဒါ ဘုရားကယ်တာ အမေ... ...သက် သားလေးကို မတွေ့ရတော့ဘူးထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့သားပဲ အမေရယ်··· ဒီအတိုင်း ဘယ်နေပါ့မလဲ"

"ဝမ်းသာလိုက်တာ···ဝမ်းသာလိုက်တာ"

"ကောင်မလေး အမေ့ကို တစ်ဖက်က မြန်မြန်တွဲစမ်း··· အချိန်မရှိဘူး···အပြင်ကို မြန်မြန်ထွက်မှ ဖြစ်မယ်"

စားပိုဆောင်အပေါ်သို့ ရောက်သည့်အခါ ဒီပါနှင့် သူရတို့ ဆုံသည်။

"အခြေအနေ"

"ပွဲကြီးပွဲကောင်း တိုက်နေကြပြီ··ကျွန်တော်တို့ဘက်က အင်အားသာတယ်"

"မင်းတို့နှစ်ယောက် အမေ့ကို ဘေးလွတ်ရာခေါ်သွား··ဒီကောင်တွေ ခေါင်းဆောင်ကို ငါကိုယ်တိုင်ဖြိုမယ်"

"စိတ်ချပါ တပ်မှူးလေး"

သူ လှစ်ခနဲ အပြင်သို့ ထွက်လာခဲ့သည်။ ရင်ဆိုင်တိုက်ခိုက်နေသူတွေ ဟိုမှာ သည်မှာ။ သေဆုံးသူ အလောင်းတွေက မြေပြင်မှာ။

ထိုစဉ်···

ရန်သူတစ်ယောက် ပြေးဝင်လာသည်။

"ယား"

သူ အသာင့်ရှောင်ကာ ခန္ဓာကိုယ် တစ်ပတ်လည်လျက် အောက်ပိုက်ဓားကို အသုံးပြုလိုက်သောကြောင့်···

"အား"

ဆက်ထွက်လာခဲ့သည်။

တိုက်ခိုက်သူတွေ ကြားဖြတ်ကာ ခန်းမဆောင်ကြီးထဲသို့ ဝင်လာသည်။ ခန္ဓာကိုယ်ကို မာန်ပါပါရုပ်လျက် ဓားကို တင်းတင်းဆုတ်ကာ··

"ဟေ့ ဗိုလ်ယက္ခ··မင်း ဘယ်မှာလဲ··သတ္တိရှိရင် ထွက်ခဲ့လေကွာ ငါ့နာမည် အဂ္ဂရာဇာပဲ"

အသံက ဟိန်းထွက်သွားသည်။

အတွင်းတွင်တော့ တိတ်ဆိတ်ငြိမ်သက်လျက်···

"ပြောနေတယ်လေကွာ···ထွက်ခဲ့စမ်း"

အတန်ကြာ ငြိမ်သက်သွားပြန်သည်။





ထွက်ပြေးလွတ်မြောက်သွားပြီလား။ ဒါဆို ဘယ်လိုလိုက်မလဲ။

"ယောက်ျားပဲကွာ···ဘယ်ပြေးပါ့မလဲ"

အနောက်ဘက်မှ အသံ။

သူ ချာခနဲ လှည့်လိုက်သည်။

ဗိုလ်ယက္ခဆိုတာ သေချာသွားပြီ။

"ခင်ဗျားလိုချင်တဲ့ ပြန်ပေးဆွဲကြေး လာပေးတာ"

"ဟား···ဟား···မင်း တော်တော်ရယ်စရာပြောတဲ့ကောင်ပဲနော်"

"စကားမများနဲ့ ဓားထုတ်လိုက်ပါ"

"သိပ်ကို သွေးဆူနေပါရော့လား"

"အချိန်မရှိဘူး"

ဗိုလ်ယက္ခ ဓားကို ဆွဲထုတ်လိုက်၏။

"ငါ့ရဲ့ ဓားချက်နဲ့ မင်း သေကို သေစေရမယ် အဂ္ဂရာဇာ"

"စမ်းကြည့်လိုက်စမ်းပါ"

ပြောပြောဆိုဆို ဗိုလ်ယက္ခက သူ၏ ဓားကွက်ဖြင့် အဂ္ဂရာဇာကို စတင် တိုက်ခိုက်တော့၏။

သူကကောင်းစွာ ခုခံနိုင်ပါ၏။

"ချွင်"

နောက် ဓားကွက်ဆန်းတစ်မျိုးကို သုံးလာသောအခါ···

"ဝုန်း"

သူ နောက်သို့ လွင့်ထွက်သွားသည်။

ဗိုလ်ယက္ခကို အထင်သေး၍ မရမှန်း သိလိုက်၏။

သူ ထင်ထားတာထက်ပင် ဗိုလ်ယက္ခ၏ အတွင်းအားတွေက ကောင်းနေပါရောလား။

"ချွင်···ချွင်···ချွင်"

သူ ကြယ်စင်တစ်ရာ ဓားချက်တွေကို စတင်အသုံးပြုလိုက်သည်။ ဗိုလ်ယက္ခ အလွန်အမင်း အံ့ဩသွားသည်။

ဓားမှာ လေထဲတွင် ပျောက်လုမတတ် ဝေ့ဝဲနေသောကြောင့် ဗိုလ်ယက္ခ အသည်းအသန် ကာကွယ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မာန်ကြွလာသော ဓားချက်။

သွေးဆူလာသော ဓားချက်။

"အား"

ဓားသွားက ဗိုလ်ယက္ခ၏ ညာလက်မောင်းကို ရှပ်တိုက်ပြေးကာ သွေးများ ဖြာထွက်လာသည်။ တစ်ချက်ညည်းညူလိုက်၏။

"ထန်...ထန်...ထန်"

သူ့ ဓားကို အနားမပေး။ မရပ်နား။

တစ်ကွက်ပြီးတစ်ကွက် ပြောင်းယူနေသည်။

သူ့ကိုယ်သူ အခြေအနေမကောင်းကြောင်း သိလိုက်ပြီ။

"ဝုန်း"

"ဟင်"

ဗိုလ်ယက္ခ မျက်နှာကြက်ကျောက်ပြားများကို ထွင်းဖောက်က ထုတ်တန်းများပေါ်ရောက်သွားသည်။ တုတ်တန်းပေါ်မှတဆင့် အိမ်ခေါင်မိုးပေါ် ခုန်တက်လိုက်သည်။

"ဝုန်း"

ထို့ကြောင့်

သူလည်း အမိုးပေါ်သို့ ခုန်လွှားတက်လိုက်လာခဲ့၏။

ခေါင်မိုးပေါ်တွင် ကျားနှင့်ဆင် တွေ့ကြပြီ။

ဗိုလ်ယက္ခ ဘယ်လိုမှ ဝေးဝေးလံလံ ဆက်ပြေး၍ မရတော့။ တိုက်ခိုက်မှုက ပိုမိုအရှိန်ပြင်းလာသည်။

"ထန်း...ထန်း...ထန်း"

ဗိုလ်ယက္ခ၏ အလစ်အငိုက် ကန်ချက်က ဂမ်းဗိုက်ဆီသို့ တည့်တည့်။

"အွန့်"

ဖင်ထိုင်ရက်ကျသွားသည်။ တော်သေးသည် အဆွဲမြန်၍ ခေါင်မိုးပေါ်မှ လိမ့်မဆင်း။

အလျှင်အမြန် ထကာ အသင့်အနေအထား ပြင်လိုက်သည်။

ဘီလူးနက္ခတ် သိုင်းကွက်ကို ပြောင်းသုံးလိုက်၏။





"ချွင်...ချွင်"

"ယား"

ဗိုလ်ယက္ခ သည်းကြီးမည်းကြီး ခုခံ ကာကွယ်နေသော်လည်း တစ်ကြိမ်တွင် သူ့၏ ဓားသွားက ဗိုလ်ယက္ခ၏ ဘယ်ဘက်ရင်အုံသို့ လုလုပပကြီး ထိုးစိုက်နိုင်လိုက်ပါ၏။

"အွတ်"

မျက်လုံးများ ပြူးထွက်ကာ ပါးစပ်မှ သွေးတွေ လျှံကျလာသည်။ ထို့နောက် တဖြည်းဖြည်း လဲပြိုကာ ခေါင်မိုးပေါ်မှ လိမ့်ဆင်းလျက် အောက်သို့ ပစ်ကျသွားလေသည်။

"ဟေး ဟေး ဟေး"

အောက်မှ ရပ်ကြည့်နေသည့် စစ်သည်တော်တွေ၏ ညာသံပေးမှုနှင့် တိုက်ပွဲ ပြီးဆုံးသွားပါပြီကော။

အပေါ်စီးမှ ကြည့်လျှင်

အောင်ပွဲခံသူများ၊ သေဆုံးသူများ၊ ဖမ်းထားသည့်ဓားပြများကို မီးတောက်များအလယ်တွင် တွေ့မြင်နိုင်သည်။

ဩော်...

အနိုင်အရှုံးကို သိချင်လျှင် ငြိမ်နေလို့တော့ ဘာမှဖြစ်မလာနိုင်ပေ။

တစ်ပွဲတစ်လမ်း အကဲစမ်းဖို့တော့ လိုအပ်ပါလိမ့်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



[ ၂၀ ]

အဂ္ဂရာဇာ အမေ့ကို သခ်ပ္ပရွာသို့ ခေါ်ဆောင်လာခဲ့သည်။

စံအိမ်တော်သို့ ရောက်ရောက်ချင်း သတင်းဆိုးတစ်ခုကို ကြားလိုက်ရ၏။

ယင်းမှာ

ဦးစိတ္တအား ကြည်ညိုလေးစားသူ သိုင်းသမားတချို့က သူ့အား အချုပ်ခန်းမှ ကယ်ထုတ်သွားခြင်းပင် ဖြစ်၏။

သူ ဒေါသဖြစ်ရသည်မှာ ပြောဖွယ်ရာ မရှိတော့။

ထို့ကြောင့် တာဝန်ပေးထားရာ စစ်သည်များကို အချုပ်ခန်းထဲ ထည့်ပစ်လိုက်သည်။

"တော်တော် အသုံးမကျတဲ့ကောင်တွေ"

သူ ခပ်သွက်သွက်ပင် အစီအစဉ်တစ်ရပ် ရေးဆွဲခဲ့သည်။

ယင်းမှာ...

စည်သူ့ဝိုးဇာယ

www.burmeseclassic.com

www.burmeseclassic.com



ဦးစိတ္တ လူ့ဘဝနှင့်ဆိုလျှင် ချက်ချင်းဖမ်းမိရေးနှင့် ကျွားသစ် ဘဝနှင့်ဆိုလျှင် မြန်မြန်နှိမ်နင်းရေးတို့ပင်။

"သူ အဝေးတစ်နေရာကို ထွက်သွားပြီဆိုရင်ရော"

ဒီပါက သူ့အပေါ် အထွန့်တက်သည်။

"မသွားနိုင်ဘူး…ဒီအနီးတစ်ဝိုက်မှာ ပုန်းခိုနေတာပဲ ဖြစ်နိုင်တယ်"

"တပ်မှူးလေး ဘယ်လိုသိလဲ"

"ရှင်းမပြတတ်ဘူး…ငါ့စိတ်ထဲမှာ အလိုလိုသိနေတာ"

ထိုရက်ပိုင်းအတွင်းမှာပင် ရွှေနန်းတော်မှ စာချွန်တော်တစ်စောင်ရောက်လာသည်။

နာမည်ကျော် မားပြဂိုဏ်းတစ်ခုအား ရှုပ်ရှုပ်ချချ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် ရာထူးတိုးရန်နှင့် အနရာဇတွင်ပင် ရက်အနည်းငယ်အတွင်း ရွှေပြောင်းတာဝန် ထမ်းဆောင်ရန် အမိန့်စာဖြစ်သည်။

ဒီပါနှင့် သူရကာ အပျော်ကြီး ပျော်နေသည်။ ပို၍အပျော်ဆုံးလူမှာ အမေပင်။

"သားလေးနဲ့ အတူတူ နေရတော့မယ်…ပျော်လိုက်တာ"

ထို့အပြင် စကားဆန်းတစ်ခွန်း ဆိုလာပါသေးသည်။

"သား…နန်းနန်းနွယ်ကို ဘယ်လိုမြင်လဲ"

"မိန်းကလေးလို့ မြင်တာပေါ့"

"အဲဒါပြောတာ မဟုတ်ဘူးကွဲ့…ချစ်စရာကောင်းလား"

"ကောင်းပါတယ်"

"သူလေးကလေ အမေ့အပေါ်ဆို အရမ်းဂရုစိုက်ရှာတာ‥သဘောလည်းကောင်းသလို မိန်းမလည်း ပီသတယ်…မျိုးရိုးက သန့်တယ်…သားလေးအပေါ် သူ စိတ်ဝင်စားနေသလိုပဲ…အမေကတော့ ချစ်တယ်"

"သား အိမ်ထောင်ရေးကို ဖြည်းဖြည်းမှ စဉ်းစားပါရစေ…လောလောဆယ် တာဝန်တွေ များလွန်းလို့"

"အမေတို့ ပြန်ရင်တော့ သူလေးကို အလည်ခေါ်ခဲ့ဦးမှာ"

"ဒါတော့ အမေ့သဘောပဲ"

"ဟွန်း လူပျိုသိုးကြီး အရွယ်လွန်တာတောင် အိမ်ထောင်ဖက်





မစဉ်းစားချင်ရသေးဘူးရယ်လို့…အံ့ရော"

ထိုရက်များအတွင်း သူ အလွန် အလုပ်ရှုပ်ခဲ့သည်။

သို့ဖြင့်

လပြည့်ညသို့ ရောက်လာခဲ့သည်။

သူတို့အဖွဲ့ ဦးစိတ္တကို စောင့်ဖမ်းရန် **ကျောက်တွင်းအနီးရှိ သစ်ပင်များ**ပေါ်တွင် အသင့်နေရာယူထားကြသည်။

လေး၊ မြား အပါအဝင် လက်နက်**အပြည့်အစုံ**။

အတော်အတန် အရွယ်ရနေသော ဆိတ်တစ်ကောင်ကို ယူလာကာ သူတို့စောင့်ဆိုင်းနေသော နေရာနှင့် မလှမ်းမကမ်းတွင် ကြိုးဖြင့်ချည်ထားသည်။ ထောင်ချောက်ဆင်ထားခြင်းပင်။

"ပဲ…ဟဲ…ဟဲ"

"ပဲ…ဟဲ…ဟဲ"

ဘာကြောင့်မှန်းမသိ ထိုညက အင္ဂရာဇာ စိတ်တွေအလွန်လှုပ်ရှားနေသည်။ တစ်ခုခု ကြုံရလိမ့်မည်ဟုလည်း စိတ်ထဲတွင် ထင်နေသည်။

လရောင်က ယခင် လပြည့်ညတွေလို မဟုတ်။ မှုန်ကျစ်ကျစ်နှင့်။

"လငပုပ်ဖမ်းချင်တာများလား မသိဘူး"

လေညှင်းက သဲ့သဲ့လေး တိုက်ခတ်နေသည်။ အအေးဓာတ်က အနည်းငယ်ပိုလာသည်။ သူတို့အဖွဲ့မှာ စကားမပြောရ ဆိုသောကြောင့် တုတ်တုတ်မျှပင် မလှုပ်။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသည်။ ဆိတ်လေးအော်သံသာ ဝေ့ဝေ့ဝဲဝဲ။

ရွှေနန်းတော်တို့ ပြန်လျှင် အမေ အလည်ခေါ်လာမည့် နန်းနန်းနွယ်အကြောင်းလည်း ခေါင်းထဲရောက်လာသည်။

ဦးစိတ္တကို လွယ်လွယ်ကူကူ ကယ်ထုတ်သွားနိုင်သည့် အဖြစ်ကိုလည်း ဒေါသထွက်ရသေးသည်။ တစ်ဖန်…

တကယ်လို့များ မိရင်းဖရင်းများ ပေါ်လာလျှင်ဆိုသော စိတ်ကူးဆဥ်မှုကလည်း ဘာကြောင့် စဉ်းစားမိမှန်းမသိ။

စိတ်ဆိုသော အရာသည် အလျှန်ဆန်းကြယ်လှပါပေသည်။

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူဆီသို့ တလှုပ်လှုပ်လာနေသော မည်းမည်းသဏ္ဌာန်တစ်ခု။

အတွေ့အကြုံအရဆိုလျှင်

"ကျားသစ်"

ကျားသစ်ဆိုလျှင် အဆိတ်လူးမြားများဖြင့် ပစ်ခတ်ရန် အမိန့်ပေးပြီးသား။ သူ့ လေသံတိုးတိုးဖြင့်

"အသင့်ပြင်ထား"

ကျားသစ်မှာ အနံ့ခံအာရုံဖြင့် တစ်ခုခုကို သိနေသလိုပင်။

ရှေ့သို့ အနည်းငယ် ဆက်တိုးလိုက်၊ ရပ်လိုက်၊ ဟိုသည်ကြည့်လိုက်နှင့် ဆိတ်အော်သံဆီသို့ လာရန် မဝံ့မရဲ ရှိနေသလိုပင်။

အားလုံးက ရင်တထိတ်ထိတ်ဖြစ်စွာ စောင့်ကြည့်နေကြသည်။

ပစ်မှတ်ဆီသို့ မရောက်လာသေး။

လေညှင်းတစ်ချက်က သဲ့သဲ့တိုက်ခတ်လာ၏။

"ပဲ…ဟဲ…ဟဲ"

"ပဲ…ဟဲ…ဟဲ"

အစာကို လိုသောစိတ်နှင့် အန္တရာယ်ကို ခန့်မှန်းမိသော စိတ်တို့မှာ ကျားသစ်အတွက် အားပြိုင်နေပုံရသည်။

အဂ္ဂရာဇာ စိတ်ထဲတွင်လည်း

"ဒီလူက လူပါးကြီး…ကလိန်ကကျစ်ကြီး…တို့ချောင်းနေတာ သူ သိလို့များလား"

"ပဲ…ဟဲ…ဟဲ"

"ပဲ…ဟဲ…ဟဲ"

ကျားသစ်ရှေ့သို့ နည်းနည်း ဆက်တိုးလာပြန်သည်။

နောက်…ဝန်းကျင်သို့ စူးစမ်းလိုက်ပြန်သည်။

သို့ဖြင့်…

ရှေ့သို့တစ်လှမ်း…

နောက်တစ်လှမ်း…

နောက်တစ်လှမ်း…





သူက ကျားသစ်၏ လည်ပင်းတည့်တည့်ဆီသို့ အသင့်ချိန်ထားပြီးပြီ။

နောက်ထပ်တစ်လှမ်းတိုးလာပြီးနောက် အကောင်းဆုံး အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်သောကြောင့်

"ရှီး"

"ဒုတ်"

ချိန်သားအနည်းငယ်လွဲကာ ဘယ်ခြေသို့ထိမှန်၏။

"ဝေါင်း"

နောက် ဒီပါပစ်သော မြားမှာ

"ရှီး"

"ဒုတ်"

လည်ဂုတ်ဆီသို့ တည့်တည့်

"ဝေါင်း"

ထိုစဉ်…

ကျောက်ဂူဝအနီးမှ မည်းမည်းအရိပ်သဏ္ဌာန်တစ်ခု ပေါ်လာသည်။

အပြေးအလွှားလာနေသော တောင်ဝှေးနှင့် လူရိပ်။ တခြားသူမဟုတ်။ ဦးစိတ္တပင်။

"အဂ္ဂ…မြန်မြန်ပြေး မြန်မြန်ပြေး"

"အဂ္ဂ ဆက်မနေနဲ့ ပြေး ပြေး"

အဂ္ဂရာဇာ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

သူ့နာမည်ကို ခေါ်၍ ပြေးနိုင်းနေသော ဦးစိတ္တ။

ဘယ်သူ့ကို ပြောတာလဲ၊ ဘယ်သူ့ကို ရည်ရွယ်တာလဲ။

ထိုသူမှာ မကြောက်မရွံ့ ကျားသစ်ဆီသို့ သွားကာ လှမ်းအော်နေခြင်းကြောင့် ကျားသစ်နာမည်မှာ အဂ္ဂပင်ဖြစ်လေမလား။

"ဝေါင်း"

ကျားသစ်မှာ နာနာကြည်းကြည်း တစ်ချက် ဟိန်းဟောက်လျှက် တောင်ဘက် အရပ်ဆီသို့ ထွက်ပြေးလေသည်။ ဦးစိတ္တမှာ ကျားသစ်နောက်သို့ အသည်းအသန် ပြေးလိုက်သွား၏။ သူတို့ ထင်ထားသော အဆောင်များယွင်းသွားကြောင်း ချက်ချင်းသိလိုက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



**အမှန်စစ်စစ်**

ဦးစိတ္တသည် ဦးစိတ္တသာဖြစ်၍

ကျားသစ်မှာ ကျားသစ်သာလျှင် ဖြစ်နေပေပြီ။

"ဦးစိတ္တနောက်ကို မျက်ခြေမပြတ်လိုက်"

သူတို့သစ်ပင်ပေါ်မှ အမြန်ဆင်းကြသည်။ ဦးစိတ္တနောက်သို့ လိုက်ကြသည်။

"ဒီလူနဲ့ ကျားသစ် ဘယ်လိုဆက်စပ်နေလဲ"

သူတို့ ဦးစိတ္တနောက် လိုက်ခဲ့ကြသော်လည်း အရိပ်ယောင်မျှပင် မတွေ့ရတော့ပါချေ။

"ဘယ်ရောက်သွားတာလဲ"

မြားများတွင် အဆိပ်အလွန်ပြင်းစွာ အသုံးပြုထားသောကြောင့် ကျားသစ်မှာ မကြာမီအချိန်အတွင်းမှာပင် သေဆုံးရမည်မှာ မုချပင်။

ယခုတော့...

ဦးစိတ္တရော ကျားသစ်ရော ဘယ်ရောက်သွားကြပါလိမ့်။

မြေသားမာသောကြောင့် ခြေရာတွေက မထင်မရှား။

သူတို့ တဝဲဝဲလည်ဖြစ်နေကြ၏။

"လူခွဲပြီး လိုက်ရှာကြမယ်... ကျားသစ်အတွက် မစိုးရိမ်နဲ့တော့...မကြာခင်သေတော့မှာ...ဟိုလူကြီးက အရေးကြီးတယ်"

အဂ္ဂရာဇာနှင့် သူရတို့က တစ်ဖွဲ့။

ဒီပါနှင့် စစ်သည်တော်တစ်ချို့က တစ်ဖွဲ့။

နှစ်ဖွဲ့ခွဲ၍ လမ်းခွဲလိုက်ကြသည်။

ဒီပါကို့အဖွဲ့က အရှေ့တောင်အရပ်။

သူတို့က အနောက်တောင်အရပ်။

သူတို့ သည်းကြီးမည်းကြီး လိုက်ရှာကြသည်။ ဘယ်ကို သွားကြတာပါလိမ့်။

သူရှာရင်း ရှာရင်း စိတ်မောတ်ကျလာသည်။

နောက်မှ စိတ်ကူးထဲတွင် အလင်းရောင်တစ်ခု လက်သွားသည်။

"ဟုတ်ပြီ"





သူ ပထမဦးဆုံး သွားရောက်ချောင်းမြောင်း စောင့်ကြည့်ခဲ့သောနေရာ။

ကိုင်းပင်တွေ ရှိသည်။ ကုန်းကမူရှိသည်။ စမ်းချောင်းလေးရှိသည်။ တောအုပ်အစလေးရှိသည်။

"သူရ...ငါနဲ့ လိုက်ခဲ့"

သူ ထိုနေရာသို့ အမြန်သွားခဲ့သည်။

အတော်လေးတော့ ခရီးဆက်ရပါ၏။

"ဝေါင်း"

"ဟော...ကျားသစ်သံကြားတယ်"

အသံကြားရာဆီသို့ အလျှင်အမြန်ပြေးကြ၏။

ကုန်းကမူလေးအဆင်းအရောက် မြင်ရသောမြင်ကွင်းမှာ ထိတ်လန့်စရာကောင်းလှပါသည်။

အသက်ရှူရပ်မတတ်ဖြစ်ရပါသည်။

သွေးပျက်မတတ် ဖြစ်ရပါသည်။

ကြက်သေသေသွားပြီးမှ

"သတိထား သူရ"

မြေပြင်ပေါ် လဲကျနေသော ဦးစိတ္တအား ကျားသစ်မှာ ငိုက်ခဲလိုက်၊ ကုပ်ခြစ်လိုက်၊ ပါးစပ်နှင့် ငုံကာ ခါယမ်းလိုက်၊ ဒယဉ်တိုက်ဆွဲသွားလိုက်နှင့် တိရစ္ဆာန် အပြုအမူအတိုင်း ပြုကျင့်နေသည်။

ကျားသစ်မှာ အင်အားတော့ သိပ်ရှိလှပုံ မပေါ်ပါ။

ထိုသတ္တဝါကိုယ်တိုင် ဒယီးဒယိုင်ဖြစ်နေပြီ။ အဆိပ်တွေ ခန္ဓာကိုယ်အတွင်း ပျံ့နှံ့နေလောက်ပြီ။

ဦးစိတ္တမှာ အသက်ရှိပုံ မရတော့။ သွေးတွေ တစ်ကိုယ်လုံး ပေလူးလျက် ငြိမ်သက်နေပြီ။

"ကျားသစ်နောက်ကို သူ ဘာလို့ မကြောက်မရွံ့လိုက်သွားရတာလဲ...ခုတော့ သေပြီ"

မကြာပါချေ။

ကျားသစ် ဖင်ထိုင်လျက် ကျသွားကာ မြေကြီးပေါ် တုံးလုံးလဲ



www.burmeseclassic.com

www.burmeseclassic.com

သွား၏။

ထို့နောက်・・・ ဆန့်ငင်ဆန့်ငင်ဖြစ်ကာ တိတ်ဆိတ်သွားသည်။

ယခုတော့・・・

လူသေတစ်ဦးနှင့်

ကျားသစ်သေတစ်ကောင်・・・

သူတို့ အနားသို့ ရောက်ခဲ့ကြသည်။

မြင်ရသော မြင်ကွင်းက မရှုမလှ။

အနီးနားတွင် ခွက်တစ်ခွက်ကို တွေ့သည်။ ဆေးမြစ်များကို သွေးကာ ထည့်ထားသောခွက်။ ဒဏ်ရာ အနာတရများကို ပျောက်ကင်းစေနိုင်သော ဆေးရည်"

"ဒါ ဘာအတွက်လဲ"

သူ နည်းနည်းခေါင်းစားသွားသည်။

"ဒီလူကို ဘယ်လိုလုပ်မလဲ တပ်မှူးလေး"

"သူ့အလောင်းကို သူနေခဲ့တဲ့ ကျောက်ဂူထဲမှာပဲ မြှုပ်ထားရမှာပေါ့"

သူ သက်ပြင်းကို လေးလေးတွဲ့တွဲ့ချကာ ကောင်းကင်သို့ မော့ကြည့်လိုက်သည်။

ဟုတ်သည်။

မကြာမီတွင် လငပုပ်ဖမ်းတော့မည်လေ။

* * *





| ၂၁ |

ဆောင်းဦးရောက်လာပြီမို့ နှင်းတွေဖြိုင်ဖြိုင်ကျနေသည်။ ပတ်ဝန်းကျင် တစ်ခွင်တွင် မြူမြူမွှေးမွှေး နှင်းငွေ့တို့က ရစ်သိုင်းလို့နေ၏။

ကျောက်တောင်လိုဏ်ဂူတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လို့နေသည်။ ဦးစိတ္တအလောင်းကို သူ တရားကျင့်ရာနေရာတွင်ပင် မြှုပ်ခင်ထား၏။

အလောင်း၏အနားတွင် တစ်ဦးတည်းသော လူတစ်ယောက်ရှိနေ၏။ သူကား ဘဝိဿပင်။

"မင်းအဖြစ်က ဆိုးလှချည်လား သူငယ်ချင်းရယ်・・・အင်းလေ ・・・ တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်လို့လည်း ငါမျှော်လင့်ပြီးသားပါ・・・တကယ်တော့ မင်းဟာ မေတ္တာရှင်စစ်စစ်ကြီးပါ သူငယ်ချင်းရာ"

ဘဝိဿက ပြောရင်း မျက်ရည်တွေတွေကျလာသည်။ အလွန်အင်မတန် သံယောဇဉ်ကြီးလွန်းလို့လည်း မိန်းမခိုးပြီးကတည်းက သူငယ်ချင်းကို လိုက်ရှာကာ မနီးမဝေးမှ စောင့်ရှောက်နေသူလည်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ အတန်တန် သတိပေးပါသေးတယ်ကွာ···ဒါပေမဲ့ မင်းက အန္တရာယ်ကို ပေါ့ပေါ့တန်တန် သတိထားခဲ့တာကိုး"

သူက မျက်နှာကို လက်ဝါးကြီးအုပ်ကာ ငိုနေပြန်ပါတော့၏။

ထိုစဉ်

မြင်း ခုန်းစိုင်းစီးလာသော စစ်သည်တော်တစ်ယောက်။

မြင်းပေါ်မှ ဆင်းကာ ကျောက်လှေခါးထစ်များ အတိုင်း တက်လာသည်။

"ခင်ဗျား···ဘဝိဿမဟုတ်လား"

"ဘာကိစ္စရှိလို့လဲ"

"ကျုပ်တို့ တပ်မှူးလေး အဂ္ဂရာဇာက ခေါ် ခိုင်းလိုက်လို့"

"ဘာအတွက်လဲ"

"အဲဒါတော့ မသိဘူး"

ဘဝိဿ တစ်ချက်ငိုင်သွားသည်။

ဘယ်လို အရေးကြုံရပြန်ပြီလဲ။

ဦးစိတ္တ မရှိလျှင်တော့ သူသည် အရပ်မှ စွန့်ခွာသွားမည်ဟု ဆုံးဖြတ်ပြီးသား။

သူ သူငယ်ချင်းအလောင်းကို တစ်ချက်ကြည့်လိုက်၏။

* * *





[ ၂၂ ]

စံအိမ်တော်အတွင်းရှိ ရုံးတော်ခန်းမှာ တော်တော်လေး ကျယ်ဝန်းပါသည်။ အဂ္ဂရာဇာမှာ ထိပ်ဆုံးရှိ စားပွဲခုံပေါ်တွင် ထိုင်နေ၏။ တစ်ဖက်တစ်ချက်ရှိ ထိုင်ခုံများတွင် ဒီပါ၊ သူရ၊ အဂ္ဂရာဇာ၏ မိခင်တို့ ထိုင်နေကြသည်။

ဘဝိဿ ရုံးတော်ခန်းထဲ ဝင်လာချိန်တွင် အားလုံးက စိတ်ဝင်တစား ကြည့်နေတာ သတိထားမိ၏။

"ဟို ခုံမှာထိုင်ပါ"

ဒီပါက အဂ္ဂရာဇာနှင့် မျက်နှာချင်းဆိုင် လွတ်နေသောနေရာကို ညွှန်ပြသည်။

သူ ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ကြည့်သည်။

အဂ္ဂရာဇာ ထိုင်သောရှေ့ရှိ စားပွဲထောင့်စွန်းနားတွင် အနက်ရောင် ယွန်းဘူးသေတ္တာလေးနှင့် ကျားသစ်ရုပ်တုကလေး ရှိနေသည်။

အဂ္ဂရာဇာ သူ့ကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်ကာ···



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား နာမည် ဘဝိဿနော်"

"ဟုတ်ပါတယ်"

သူ ခပ်ပြတ်ပြတ် ပြန်ဖြေလိုက်သည်။

"ခင်ဗျား…အခု ကျွန်တော်မေးတာတွေကို မှန်မှန်ကန်ကန်ဖြေပါ။ ကျွန်တော်လိုချင် သိချင်တာက အမှန်တရားပဲ…ကျုပ်ပြောတာတွေ ခင်ဗျား နားလည်ပါတယ်နော်"

"မေးကြည့်ပါ"

"ခင်ဗျားနဲ့ ဦးစိတ္တ ဘယ်လိုစသိတာလဲ"

"သုပ္ပနန္ဒိမြို့က နတ်ကွန်းပျက်ကြီးကို (၁၁)နှစ်သား အရွယ် သူရောက်လာကတည်းက စသိခဲ့တာပါ"

"နတ်ကွန်းပျက်ဆိုတာ…"

"ကိုယ်ရေပြားရောဂါသည်တွေ တောင်းရမ်းစားသောက်သူတွေ စုဝေးနေထိုင်ရာ အရပ်ပါ"

"သူ တစ်ယောက်တည်း ရောက်လာတာလား…မိဘတွေရော"

"ဘယ်သူမှ မပါပါဘူး…သူ တစ်ယောက်တည်း လေလွင့် ရောက်လာတာပါ"

"သူရော ရောဂါသည်ပဲလား"

"ရောက်တုန်းက အကောင်းပါ…နောက်မှ ကူးသွားတာ"

"ဒါဆို ခင်ဗျားတို့လို တောင်းရမ်းစားသောက်ကြတာပေါ့"

"သူက ကျုပ်တို့ထက် တစ်ဆင့်ပိုပါတယ်…တေးဂီတကို လက်ဖျား ခါလောက်အောင် တီးတတ်တာမို့ ပြည်သူကို ဖျော်ဖြေရင်း ရသမျှနဲ့ အသက် မွေးဝမ်းကျောင်း ပြုခဲ့သူပါ။

"ဪ…"

အဂ္ဂရာဇာ ပါးစပ်ကို လက်ကလေးနှင့် သတ်လိုက်သည်။ နောက် မေးမည့် မေးခွန်းအတွက် အားယူတာလည်း ဖြစ်နိုင်ပါ၏။

"သူမှာ မိန်းမရှိလား"

"ရှိပါတယ်"

"ဘယ်ကလဲ"





"မယ်စတဲ့…နတ်ကွန်းပျက်ထဲက ဘဝတူတွေ အချင်းချင်းပါပဲ"

"ကလေးရော"

"သားဦးလေး တစ်ယောက်တည်း မွေးခဲ့ဖူးပါတယ်"

"နာမည်က"

"ကျုပ်တို့လက်ထဲမှာ ရှိတဲ့ (၃)လသားအရွယ်ထိတော့ မည်မည်ရရ နာမည် မမှည့်ခဲ့သေးပါဘူး"

"ကလေးက ဘယ်ရောက်သွားလို့လဲ"

"စိတ္တက သူ့မိန်းမ မသိအောင် ကလေးကိုခိုးပြီး တစ်ယောက် ယောက် မွေးစားနိုင်ဖို့ စွန့်ပစ်ခဲ့ပါတယ်"

အဂ္ဂရာဇာ ရင်ထဲ ထိတ်သွားသည်။

အမေ့ကို တစ်ချက်လှမ်းကြည့်တော့ မျက်နှာပျက်ချင်နေပြီ။

"ဘယ်နေရာမှာ စွန့်ပစ်ခဲ့တာလဲ"

"သူ ကျုပ်ကို မပြောပါဘူး"

သူ ရင်ခုန်စွာဖြင့် နောက်တစ်ခွန်း ဆက်မေးလိုက်သည်။

"စွန့်ပစ်တုန်းက ဘာပစ္စည်းတွေပါလဲ"

"ဒါကိုလည်း သူ တစ်ခွန်းမှ မဟခဲ့ပါဘူး"

သူ ကုလားထိုင်နောက်ကို မှီရင်း သက်ပြင်းချလိုက်၏။ အတန်ငယ် ကြာမှ နောက်မေးခွန်းကို ဆက်မေးသည်။

"ဘာကြောင့် သူက စွန့်ပစ်ရတာလဲ"

"စိတ္တဟာ သူ့သားကို တုန်နေအောင်ချစ်ပါတယ်…ကလေးက ကာသိလ်ကံကြောင့်လို့ပဲ ပြောရမလား… ဝဝကစ်ကစ် ဖြူဖြူဖွေးဖွေးနဲ့ တကယ့်ကို ချစ်စရာကောင်းပါတယ်…သူဟာ သူ့သားကို နတ်ကွန်းပျက် ထဲမှာပဲ သံသရာမလည်ချင်ဘူး…ရောဂါ မကူးစက်စေချင်ဘူး…တောင်းရမ်း စားသောက်သူ မဖြစ်စေချင်ဘူး…လူတစ်လုံး သူတစ်လုံး ဖြစ်စေချင် တယ်… ကောင်းစားစေချင်တယ်…ထူးချွန်ထက်မြက်စေချင်တယ်…သူ့ သားသာ တစ်ပါးသူ့ လက်ထဲမှာဆိုရင် လူတောထဲ ဝင်ဆန့်နိုင်မယ်ဆိုတဲ့ မိဘရဲ့ မေတ္တာတရားစိတ်နဲ့ ရင်နာနာ စွန့်လွှတ်လိုက်ရတာပါ"

အခန်းတွင်းရှိ လူအားလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောနေသည့် စကားများအပေါ်လည်း အထူးစိတ်ဝင်စားပုံ ပေါ်ပါ၏။

"နောက်တော့ ဘာဆက်ဖြစ်လဲ"

"အမေက သူ့သားကို ပေးလိုက်ရကောင်းလားဆိုပြီး ရင်ကွဲပက်လက်တွေဖြစ် . . . သွေးရူးသွေးတန်းဖြစ်ပြီး သားကို တစ်ရွာဝင်တစ်ရွာထွက် လိုက်ရှာပါတယ်. . .မတွေ့ပါဘူး. . .နောက်တော့ ရူးသွားပြီး မထင်မရှား နေရာလေးမှာ ဆုံးသွားပါတယ်"

"အို. . .ကျွတ် . . .ကျွတ်"

ထိုသို့ ရေရွတ်လိုက်သူမှာ အဂ္ဂရာဇာ၏ အမေပင်ဖြစ်၏။

မိန်းမသားချင်းမို့ နားလည်ကာ ကိုယ်ချင်းစာစိတ်နှင့် သနားသွားတာလည်း ဖြစ်နိုင်ပါ၏။

ဇာတ်ရှိန်က နည်းနည်းမြင့်လာခဲ့ပြီ။

"ဦးစိတ္တကရော ဘာဖြစ်လဲ"

"သိပ်မကြာဘူး. . .သူလည်း နတ်ကွန်းပျက်ကနေ ထွက်သွားတော့တာပဲ. . .အဲဒီအချိန်ကစပြီး ကွဲကွာသွားခဲ့ကြတာ"

အဂ္ဂရာဇာမှာ လက်တန်းကို တံတောင်ဆစ်တင်လျက် လက်ညှိုးလေးက ပါးပြင်ကို ပွတ်နေမိသည်။

"နောက်တော့ ဘယ်လို ပြန်ဆုံတာလဲ"

"နောက်ထပ် (၁၀)နှစ်ကျော်ကျော်လောက် ကြာတော့ စိတ္တဟာ သမ်ပူရှာနားက ကျောက်ဂူမှာ တရားကျင့်ကြံနေတယ်ဆိုတဲ့ သတင်းကြားလို့ ကျွပ် လိုက်လာခဲ့တာ. . . ဒီရောက်တော့ ကျုပ်သူငယ်ချင်း စိတ္တဆိုတာ မှန်နေတယ်"

"သူက ဘာကို ကျင့်တာလဲ"

"စိတ်တစ်ခုတည်းကို ကျင့်တာပါ. . .စိတ်ဟာ အလွန်အံ့ဩစရာကောင်းလောက်အောင် ဆန်းကြယ်နေတာ သဘောပေါက်သွားလို့ အစွန်းရောက်အောင် ကျင့်နေသူပါ"

"မျက်စိတတ်. . .ဂမ္ဘီရအတတ်. . .အောက်လမ်း အတတ်တွေ တတ်တာကရော"

"လုံးဝမဟုတ်ပါဘူး. . .သူ အဲဒါတွေ ဘာတစ်ခုမှ မတတ်သလို





စိတ်လည်း မဝင်စားပါဘူး. . .သူ့ကို ကျင့်ကြံအားထုတ်ဖို့ ညွှန်ကြားပြသပေးတဲ့ ဆရာကတော့ အဲဒါတွေ တတ်တယ်လို့ ပြောဖူးပါတယ်. . .ဒါပေမယ့် သူ အဲဒီ ပညာတွေ မယူခဲ့ပါဘူး"

ထိုနေရာအရောက်တွင် အဂ္ဂရာဇာမှာ စိတ်ပါလက်ပါ ဖြစ်လာပြီး ရှေ့ရှိ စားပွဲခုံပေါ်သို့ လက်ကိုထောက်ကာ. . .

"ဒါဆို သူနဲ့ ကျားသစ် ဘယ်လို ပတ်သက်လဲ"

ဘဝိဿ လေးလေးနက်နက် စဉ်းစားလိုက်သည်။

"အမှန်တော့ ကျားသစ်ဟာ သူ့သားပါပဲ"

"ဘယ်လိုဗျ"

လူတွေလှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ ကျားသစ်က သူ့သားဆိုသောကြောင့် နားလည်ရလည်း ခက်နေသည်။

"သူ့သားကို မတတ်သာလို့ စွန့်လွှတ်လိုက်ရတဲ့ အချိန်ကစပြီး သူ့စိတ်တွေ ဆောက်တည်ရာ မရတော့ပါဘူး. . . အချစ်ကြီး ချစ်ခဲ့တာကိုး. . .သူ့သားနဲ့ သူ့မိန်းမ မရှိတော့တဲ့နောက် သူဟာ ပေပေတေတေနေရင်း. . .ကြံ့ရာအိပ် ကြံ့ရာစားခဲ့တယ်. . .သူမြတ်နိုးတဲ့ တေးဂီတတောင် မတီးခတ်တော့ဘူး . . . သောက်သောက်စားစားနဲ့ နေချင်သလို နေခဲ့တယ်. . .ဘဝမှာ ဘာမှအဓိပ္ပာယ်မရှိဘူးလို့လည်း ထင်လာခဲ့တယ်. . . တစ်နေ့မှာ ဆရာသမားတစ်ဦးနဲ့တွေ့ပြီး လမ်းမှန်ကို ရောက်ခဲ့တယ်. . . တစ်တောဝင် တစ်တောထွက် တရားကျင့်ခဲ့တယ်. . .

အဲဒီလို ကျင့်ခဲ့လို့ သူ့ရောဂါတွေ လုံးဝပျောက်ကင်းခဲ့တာပါ. . . ဒီလိုနဲ့ တောတောင်တစ်ခုမှာ တရားကျင့်နေတုန်း အမေနဲ့ ကွဲလာတဲ့ ကျားသစ်ပေါက်လေးကို တွေ့တယ်. . .သူက အလှူခံရသမျှလေးတွေကို ကျွေးတယ်. . . နောက် ပျောက်သွားတယ်. . .ပြန်လာတယ်. . . သူက ရှိသမျှ ကျွေးတယ်. . . ဒီနေရာမှာ သူ့ရဲ့မေတ္တာစိတ် အားကြီးလွန်းလို့ ကျားသစ်လေးဟာ သူနဲ့ ရင်းနှီးလာတယ်. . .တစ်စတစ်စနဲ့ နောက်တော့ ဘယ်ကိုမှ မသွားတော့ဘူး. . .တောကောင်တွေကို ဖမ်းစားလိုက်. . . သူ့အနား ရောက်လာလိုက်နဲ့ပါ. . .

သူဟာ သူ့သားကို စွန့်ခဲ့ရပေမယ့် ကံတရားကြောင့် ရောက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သင္တာဝါလေးကို သူ့သားလို့ပဲ လုံးလုံးသတ်မှတ်လိုက်တော့တယ်…သူ သင်ကြားပေးသမျှတွေကိုလည်း ကျားသစ်လေးက လိုက်နာရှာတယ်… ကျောက်တောင်မှာပဲ အခြေချလိုက်တယ်…လူတွေ သူ့ဆီလာရင် ကျားသစ်ကို ဝှက်ထားနိုင်မယ့် နေရာလည်း သူကစီစဉ်ထားပါတယ်… အခု သူတို့ သေသွားတဲ့ တောင်ကမူလေးနားမှာ မြေအောက်လိုဏ်ဂူတစ်ခု ရှိပါသေးတယ်…အဲဒီ မှာပါ…ဒီလိုနဲ့ ကျားသစ်လေးဟာ တဖြည်းဖြည်း ကြီးထွားလာတယ်…အကောင်ကြီးကြီး သင္တာဝါဖြစ်လာတယ်…ဒီတော့ အစားအစာအတွက် တင်းတိမ်ရောင့်ရဲမှုတွေ မရှိတော့ဘူး…

စိတ္တဟာ သူ့သား ကျားသစ်အတွက် အထင်မြင်သေးခံ အရှုံးချခံပြီး ရှိန်သလောက် သားစိမ်းငါးစိမ်းတွေကို ရှာဖွေကျွေးပါသေးတယ်…ဒါပေမယ့် တိရစ္ဆာန်ဟာ တိရစ္ဆာန်ပါပဲ…အရဲကိုးပြီး ရွာထဲကို ဝင်ခွဲတဲ့အထိ အတင့်ရဲ လာခဲ့တယ်…စိတ္တ ဒါတွေကို လုံးဝ မကြိုက်ပါဘူး…မကြိုက်ပေမယ့် ဘယ်လိုနားလည်အောင် ပြောရမလဲ… ဝင်ခွဲတဲ့ အရသာကို သူကြုံလိုက် ရပြီလေ … ကျုပ်က အကြံပေးတယ် … တောထဲကို ပြန်ပို့ပေးလိုက်ပါ လို့…သူကလည်း စဉ်းစားပါတယ်…ဘာလို့စဉ်းစားသလဲဆိုတော့ တစ်ခါတလေ စိတ်ရိုင်းတွေဝင်လာပြီး သခင်ကိုတောင် မာန်ဖီတတ်လာတာမို့ တစ်နေ့ အန္တရာယ်ကြုံတော့မယ်ဆိုတာ တွက်လို့ရပြီလေ…ဒီကောင်တွေက လူသားစား သင္တာဝါတွေ"

အဂ္ဂရာဇာ ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

ထောက်ခံချက်ပေးသည့် အသွင်။

ဘဝိဿက ခဏနားလိုက်ပြီး ဆက်ပြော၏။

"ဒီကောင်က မေတ္တာတရား သိပ်ကြီးတဲ့ကောင်ဆိုတော့ သူ့သားကို ချက်ချင်းမခွဲနိုင်သေးဘဲ တစ်နေ့ပြီးတစ်နေ့ အချိန်ဆွဲနေတယ်…နတ်မကောင်း မှာ ဝင်ခွဲတုန်းက သူတော်တော်လေး စိတ်မကောင်းဖြစ်ခဲ့တာ…ဒဏ်ရာ ရလာတဲ့ သူ့သားကို သေသေချာချာဆေးထည့်ပေးခဲ့သေးတာ… နောက်မှ အချုပ်ခန်းထဲ ရောက်တာ"

ဘဝိဿ မောသွားဟန်ဖြင့် စကားကို ရပ်လိုက်သည်။

အဂ္ဂရာဇာ တွေးကြည့်သည်။





မြားချက်ထိတော့ ကျားသစ် စိတ်ဆိုးသွားသည်။

ဦးစိတ္တက အခြေအနေသိ၍ ထွက်ပြေးခိုင်းသည်။ ရင်းနောက် သူက ပြေးလိုက်သွားသည်။ ဆေးကုရန်ဖြစ်သည်။

ဟိုသို့ရောက်သောအခါ နာကျင်လွန်းသဖြင့် သခင်ကိုပင် မသိတော့ ဘဲ ဒေါသဖြစ်စွာ ကိုက်သတ်လိုက်ခြင်းပေပင်။

"ဟူး"

အဂ္ဂရာဇာ သက်ပြင်းကို ရှည်လျားစွာ ချလိုက်၏။

ဇာတ်ကြောင်းစုံကို သိတော့ ဦးစိတ္တမှာ သနားစရာကောင်းနေပါ သည်။ သားအစစ်ကို အစားထိုးကာ ကျားသစ်ကို ချစ်ခဲ့မိသောအဖြစ်။ နောက်ဆုံး ရင်နာစွာ အဆုံးသတ်ရရှာသည်။

"နေပါဦး…အဲဒီကျားသစ်ကို နာမည်ပေးထားသေးလား"

"ဟုတ်တယ်…သူ အမြဲခေါ်နေတာတော့ "အဂ္ဂ" ပဲ"

ဘာကြောင့်မှန်းမသိ သူ့ရင်ထဲတွင် ကျင်ခနဲဖြစ်သွားရ၏။

"မေးရဦးမယ်…သူ့သားလေးကို စွန့်ပစ်လိုက်တဲ့ အချိန်ကာလကို မှတ်မိလား"

"တိတိကျကျကို မှတ်မိပါတယ် … လွန်ခဲ့တဲ့ ၂၂ နှစ် တန်ဆောင်မုန်းလပြည့် ဥပုသ်နေ့"

"ဗျာ"

သူ့အသံက တစ်ခန်းလုံး ဟိန်းထွက်သွားသည်။

အမေပြောခဲ့သော နှစ်, လ, ရက်တွေနှင့် တစ်ထပ်တည်း။

အမေလည်း နားထောင်ရင်း မျက်လုံးတွေ ပြူးသွား၏။

ဒါဟာ တိုက်ဆိုင်မှုတွေများလား။

သူ့ ကတုန်ကယင်ဖြစ်စွာ ကုလားထိုင်ပေါ်မှ ထသည်။

လက်နှင့် တိုက်မိသောကြောင့် စားပွဲစွန်းမှ ယွန်းဘူးသေတ္တာလေး အောက်သို့ ပြုတ်ကျသွားသည်။

အဖုံးပွင့်လျက် ကြမ်းပြင်ပေါ် မှောက်သွား၏။

သူ ယွန်းဘူးလေးကို ပြန်ကောက်ယူစဉ် ကတ္တီပါအနီစလေးအောက်တွင် ဝှက်ထားဟန်ရှိသော ကျောက်စိမ်းပြားလေး။ စိပ်ပုတီးလေးတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



သူ ကောက်ယူကြည့်လိုက်စဉ်။

"ဘုရား . . . ဘုရား"

သူ့ရင်ဘတ်တွင် ဆွဲထားသော အပြားလေးနှင့် တစ်ထေရာတည်း။

တစ်ထပ်တည်း။ တစ်ပုံစံတည်း။

ခေါင်းရုပ်လေးက ထင်ထင်ရှားရှား။

သူ ယောင်ယမ်းကာ လည်ပင်းသို့ စမ်းလိုက်မိ၏။

ဒါ . . . ဘယ်လိုဖြစ်တာပါလဲ။

ဦးစိတ္တဟာ အဖေရင်းများ ဖြစ်နေပြီလား။

"ဘဝိသ"

"ခင်ဗျာ"

"ဒါ ဦးစိတ္တ ပိုင်တဲ့ပစ္စည်းလား"

"ဟုတ်ချင်လည်း ဟုတ်မယ် . . . မဟုတ်ချင်လည်း မဟုတ်ဘူး . . . ကျုပ်ကိုတော့ တစ်ခါမှ ထုတ်မပြဖူးဘူး . . . ဒီကောင်က တော်တော် ချုပ်ချုပ်ကိုင်ကိုင်နဲ့ကောင်"

သူ ကျောက်စိမ်းပြားလေးကို လက်ဝါးပေါ်တင်ကာ သေသေချာချာ ကြည့်သည်။ လက်တွေ အကြီးအကျယ်တုန်နေပေပြီ။ လက်တစ်ဘက်က စားပွဲကို ထောက်ထားရ၏။ အခန်းထဲက လူတွေက

ဘာလဲ။

ဘာဖြစ်လို့လဲ။

ဘာပြဿနာပေါ်နေပြီလဲ။

သို့လော သို့လော စဉ်းစားနေကြလေပြီ။

အဂ္ဂရာဇာမှာတော့ ကျောက်စိမ်းပြားထည့်ထားသော လက်ဝါးကို ကျစ်ကျစ်ပါအောင် ဆုတ်လိုက်သလို မျက်လုံးကိုလည်း စုံမှိတ်လိုက်ပါတော့၏။

* * *





| ၂၄ |

ကျောက်လှေခါးထစ်များပေါ်သို့ လေးလံသော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း တက်လာသောခြေတစ်စုံ။

အသက်မဲ့နေသော အဖြစ်။

ထိုသူ၏ မျက်လုံးတွေက ရီဝေနေသည်။

ထိုသူ၏ နှလုံးသားတွေက တုန်ယင်နေသည်။

လက်တစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

ထိုလက်ထဲတွင် ကျောက်စိမ်းပြားလေး ရှိနေသည်။

လေဇာပူးပူး တိုက်နေသောကြောင့် ဆံပင်နှင့် ဝတ်ရုံတို့ လွင့်ဝဲနေ၏။

ကျောက်ဂူအဝသို့ရောက်စဉ် သူ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

မျက်လုံးအကြည့်တွေက ဂူအတွင်းမှ အလောင်းဆီသို့ ရောက်သွား၏။ ခေါင်းရင်းတွင် ဖယောင်းတိုင်နှင့် အမွှေးတိုင်တို့ ထွန်းညှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်သူလဲ"

ထိုအမေးက သူ့ရင်ထဲကို အကြိမ်ကြိမ်ဖြတ်သန်းနေသော အရာဖြစ်၏။

"အဖေပဲလား"

"ငါ့အဖေပဲ ဖြစ်နေပြီလား"

အရိုးပြိုင်းပြိုင်းကျနေသော လူတစ်ယောက်၏ သေဆုံးနေပုံမှာ ဘယ်လိုမှ တင့်တယ်နိုင်မည် မဟုတ်ပေ။

သို့သော်...

စိတ်ဓာတ်လေးတွေ လှုခဲ့သည်။

စေတနာအလင်းရောင်လေးတွေ လင်းတောက်ခဲ့သည်။

မေတ္တာတရားတွေ ချိုမြခဲ့သည်။

အနစ်နာခံမှုတွေ သက်သေပြခဲ့သည်။

လှူဒါန်းမှုများစွာဖြင့် သူ့ဘဝကို ပုံဖော်ထုဆစ်ခဲ့သည်။

ထို့ကြောင့်

ရုပ်ရည်မတင့်တယ်သော်လည်း စိတ်ဓာတ်တွေ မွန်မြတ်ခဲ့သူ။ သူ့ ရင်အစုံက နိမ့်ချည်မြင့်ချည်။

"သိပ်လည်း တွေတွေထူးထူး စဉ်းစားမနေပါနဲ့တော့ သားရယ်"

အနောက်မှ ရောက်လာသူက အဂ္ဂရာဇာ၏ အမေ။

သူ အမေ့ကို ပြန်လှည့်မကြည့်မိ။

"အကြောင်းအရာတွေ အချက်အလက်တွေဆိုတာ တစ်ခါတစ်ရံမှာ တိုက်ဆိုင်တာတွေလည်း ရှိတတ်ပါတယ်...ဟုတ်တယ် မဟုတ်ဘူးဆိုတာ ဘုရားသခင်ကလွဲပြီး ဘယ်သူ သိနိုင်မှာလဲ"

သူ ဆက်လက်တိတ်ဆိတ်နေမြဲ။

"သူဟာ သားအဖေအရင်း ဟုတ်ချင်မှလည်း ဟုတ်မယ်... ဟုတ်ခဲ့ရင်တောင် ဒီဇာတ်လမ်းကို ဒီနေရာမှာတင် အဆုံးသတ်လိုက်ရုံပဲ...လူတွေဟာ မျိုးရိုးအစဉ်အဆက်နဲ့ ပတ်သက်လာရင် အယူအစွဲ သိပ်ကြီးကြတာ...ပတ်ဝန်းကျင်က သားကို ဘယ်လိုမြင်မလဲ... ဘယ်လိုထင်မလဲ...လူ့ပုံအလယ်မှာ ဘယ်လိုဆက်နေထိုင်မလဲ...





သမိုင်းကြောင်း မကောင်းတဲ့အဖြစ်ဟာ အလွန်ဆိုးဝါးတာပါကွယ်"

အဂ္ဂရာဇာ ငူငူကြီး ရပ်နေဆဲ။ တုံ့ပြန်စကား တစ်ခွန်းမှ ပြန်မပြောဖြစ်။

"အမေ့အနေနဲ့ကတော့ တိုက်ဆိုင်သွားတာကလွဲရင် သား အဖေ လုံးဝမဖြစ်နိုင်ဘူးလို့ ယုံကြည်တယ်...အမေပြောတာ ဟုတ်ပါတယ်နော်"

အဂ္ဂရာဇာ သက်ပြင်းကို ခပ်မောမောလေး ချလိုက်ကာ...

"အမေ"

"ပြောလေ သား...ဘာပြောမှာလဲ"

"ကျွန်တော် သူ့ကို ခမ်းခမ်းနားနား သင်္ဂြိုဟ်ချင်တယ်"

"အို...သင်္ဂြိုဟ်ပေါ့ သားရယ်...သင်္ဂြိုဟ်ပေါ့...သူဟာ သူတော်ကောင်းတစ်ယောက်ပဲ... စိတ်တိုင်းကျ လုပ်ပါ"

သူ အမေ့ဘက် လှည့်လာသည်။

အမေ့ကို ကြည်ကြည်နူးနူး လေးလေးစားစား ကြည့်ကာ...

"အမေရယ်"

သူ လှမ်း၍ ပွေ့ဖက်လိုက်၏။

"မွေးစားခဲ့တယ်ဆိုပေမယ့်...ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ဘာမှလိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့တဲ့ အပြင် မေတ္တာတရားတွေပါ ပုံအောပြီး ပေးခဲ့တာမို့ အထူးကျေးဇူးတင်တဲ့အကြောင်း ဒီနေရာကနေ ပြောပါရစေ အမေ"

"အို သားလေးရယ်"

အမေ့မှာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပါတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



| ၂၄ |

နှင်းပွင့်နှင်းဖတ်တွေက သည်းသည်းလှုပ်ကျနေသည်။

ထင်းရှူးပင်တန်းတစ်လျှောက် နေရောင်ခြည်က သွယ်သွယ်တန်းတန်း မကျနိုင်။

လမ်းပေါ်တွင် ရွှေနန်းတော်အပြန် မြင်းရထားနှင့် ဘေးမှ ဝိုင်းရံထားသော မြင်းများ ကိုယ်စီရှိသည်။

ချွေရံတော်များက မြင်းရထားတစ်စီး။ အမေနှင့် နန်းနန်းနွယ်က မြင်းရထားတစ်စီး။ အဂ္ဂရာဇာ၊ ဒီပါ၊ သူ့ရနှင့် စစ်သည်တော်တစ်ချို့က ဘေးမှ ကာရံကာ လိုက်ပါလာခဲ့ကြ၏။

အမှန်တကယ်ဆို နန်းနန်းနွယ် အနားရာသို့ လိုက်ပါလာမှုကြောင့် ကျေနပ်ရမှာ ဖြစ်သော်လည်း သူ့စိတ်တွေက ကစဉ့်ကရဲဖြစ်စွာ အတိတ်အမှ စကားလုံးများကို ပြန်လည်ကြားယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တမ်ကျူးလေးက ဦးစိတ္တအပေါ် ဘယ်လိုမြင်လဲ"

"မကောင်းဆိုးဝါးလို့ မြင်တယ်"

"ခင်ဗျားဟာ မှော်ဆရာလိုလို အောက်လမ်းဆရာလိုလို ငွေကို အကွေ့ပေးမယ့်သူ . . . ခင်ဗျား ဘာကောင်လဲ . . . ခင်ဗျား ဘာပဲ လုပ်တယ်ဆိုတာ ကျုပ် အတိအကျ စုံစမ်းပြီးမယ် . . . သက်သေ အတိအကျရလာတဲ့တစ်နေ့ ခင်ဗျားကို ဥပဒေအရ အပြစ်အဓိက ကောင်းကောင်းကြီး ပေးရလိမ့်မယ် . . . ခင်ဗျားဘက်ကသာ ရှိမှုအောင် စောင့်နေပါ . . . ခင်ဗျားနဲ့ ကျုပ် တစ်ပွဲတစ်လမ်းတော့ ကောင်းကောင်းကြီး နွှဲရမယ်ဆိုတာ ယုံကြည်လိုက်ပါ"

"ပြောစမ်းပါဦး . . . ခင်ဗျား ဘာရည်ရွယ်ချက်တွေနဲ့ အခုလို လုပ်နေရတာလဲ . . . ခင်ဗျားနောက်ကို လိုက်ရှောင်ကြည့်နေတဲ့ နစ်မြုပ်သွားပြီ . . . ပုပ္ပခွေးခွေးဆို မနေ့ကပဲ . . . သန်းခေါင်ကျော်ကြီး ခင်ဗျားပြန်လာတယ် . . . ဂူထဲဝင်သွားတယ် . . . နောက် ကျားသစ်ဘဝ ပြောင်းသွားပြီး နတ်မတောင်ဘက်ကို ထွက်သွားတယ် . . . မိုးလင်းခါနီးတော့ အကွေ့ပေးတော့တာပဲ . . . အဲဒီ ခင်ဗျား အပြစ်ရှိသလား . . . မရှိသလား ပြော"

"မိဋ္ဌ နိလို လုံးဝမကြိုက်ပါဘူး . . . မကြိုက်ပေမယ့် ဘယ်လိုနားလည်အောင် ပြောရမလဲ . . . ဝင်ခွဲတဲ့ အဖော်ကို သူ ကြုံလိုက်ရပြီလေ . . . ကျုပ်က အကြံပေးတယ် . . . တောထဲကို ပြန်ပို့ပေးလိုက်ပါလို့"

"ဒီကောင်က ရွှေဘားစား ညီဝိကြိမ်းမောင်းတဲ့ကောင်ဆိုတော့ သူ့သားကို ချက်ချင်း ပျော့နိုင်သေးဘဲ တစ်နေ့ပြီးတစ်နေ့ အမှိုက်ဆွဲနေတယ်"

"ခင်ဗျား ပေါက်ကြော် . . . ခင်ဗျားကြောင့် အားလုံး စိတ်ဓာတ်တွေ [illegible] . . . တောင်းကြီးလေး . . . ခင်ဗျား မနေနိုင်လို့ ကျားသ[illegible]ငနဲလည်း ဒီအထဲမှာပဲ ပြောင်းတော့ . . . ဒီသက်ငင်တွေဟာ ကျားသစ်တစ်ကောင် အတွက်တော့ ဟောင်ပတ်လို့ နိုင်တဲ့ နေရာပဲ . . . ခင်ဗျားကြိုက်သလို လုပ်နိုင်တယ် . . . သက်သေ အထောက်အထား ခိုင်လုံရင်တော့ ခင်ဗျားကို ဥပဒေအရ အရေးယူမယ် . . . ပြီးရင် အသေအား [illegible]ပေးမယ်"





သူ မြင်းဇာတ်ကြိုးကို ရုတ်တရက် ဆွဲလိုက်၏။ မြင်းရပ်သွားသည်။

သူ ရပ်သလို အကုန်လုံး ရပ်သွားသည်။

အားမာန်အပြည့်ဖြင့် သူ ကျယ်ကျယ်လောင်လောင် အားပါးတရ တစ်ခွန်းအော်လိုက်သည်။ နှစ်လုံးတည်းသော စကား။

"အဖေ"

ဆက်လက်ကြိုးစားပါဦးမည်။

**အဂ္ဂရာဇာ**



www.burmeseclassic.com